www.burmeseclassic.com

# သိုးဆောင်း

## အဝေတေ ရဲ့ တစ်ယောက် ကျောင်းဆင်းချိန်

QuizLove Story

BURMESE CLASSIC .com

THOE SAUNG

SUWE THANLEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

# သိုးဆောင်း

အဖေတော်တစ်ယောက်ရဲ့ကျောင်းဆင်းမှု

BURMESE CLASSIC .com

ရွှေသမီးစာပေ

အမှတ်၊ ၁၄၂ (၃၉)လမ်း၊ အလယ်(ဒုတိယထပ်)
ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၂၄၂၂၈၄ ၊ ၀၉ ၅၀၀၀၈၅၀။

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်၌ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


သားသား စီစဉ်သည်။

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၃၁၁၀၃၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၅၅၀၀၅၁၀

**ထုတ်ဝေသူ**
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ(မြ-၀၉၁၀)
အမှတ်၁၁၁၊ ၃၃လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊
ရန်ကုန်။

**ပုံနှိပ်ခြင်း**
၂၀၁၀ ခုနှစ် ၊ ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သိုးဆောင်း
အပေတေတစ်ယောက်ရဲ့ကျောင်းဆင်းချိန် /သိုးဆောင်း။ ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀
၂၂၂-စာ၊ ၁၂.၅ ၊ ၁၈.၅ စင်တီ။
(၁) အပေတေတစ်ယောက်ရဲ့ကျောင်းဆင်း



www.burmeseclassic.com

www.burmeseclassic.com

# သိုးဆောင်း

နှင့်

## သူ၏စာချစ်သူတို့ဆီမှ နှလုံးသားလေလှိုင်းသံ

– ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ။

■ ကလောင်ရှင် သိုးဆောင်းနဲ့ စကားပြောချင်လို့ပါ။

– ဟုတ်ပါတယ်။ ကျွန်တော်သိုးဆောင်းပါ။

■ သိုးဆောင်း အသက်ဘယ်လောက်ရှိသွားပြီလဲ။

– ကျွန်တော်လား။ လက်ရုံးအသက်နဲ့ အတူတူပဲလေ။ လက်ရုံး မွေးသက္ကရာဇ်က ကျွန်တော့်မွေးသက္ကရာဇ်အမှန်ပဲ ခင်ဗျာ့။

■ လက်ရုံးမွေးသက္ကရာဇ်က ဘယ်လောက်လဲမသိဘူး။

– ကျွန်တော့်ပထမစာအုပ် ဒုတိယစာမျက်နှာမှာပါတယ်လေ။

■ ကျောင်းပြီးသွားပြီလား။

– အင်း . . . ကျွန်တော် လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတော့ ကျောင်းပြီးသွားပါပြီ။

■ ဘာနဲ့ပြီးတာလဲဟင်။

– ကျွန်တော် မြန်မာစာပါ။

■ သြော် . . . မြန်မာစာကျောင်းသားက သချာ် အရမ်းတော်တာပဲနော်။

– အဟား . . . ဒီလိုပါပဲ။ အဲလောက် မဟုတ်ပါဘူး။

■ မြန်မာစာကျောင်းသားဆိုတာ ယုံတောင်မယုံဘူး။

– မေဂျာကတော့ မြန်မာစာပါပဲ။ ဒါပေမဲ့ သချာ်ကို အရမ်း ဝါသနာပါတယ်လေ။ ပြီးတော့ မြန်မာစာကိုလည်း လက်မလွှတ်



www.burmeseclassic.com

www.burmeseclassic.com

ချင်ဘူး။ အဲဒါကြောင့် မြန်မာစာကိုပဲယူလိုက်တာ။ သချာက တော့ အပြင်ကပဲ လေ့လာတာပေါ့။

■ ဩော် . . . အဲလိုလား။ ဒါနဲ့ နာမည်အရင်း ဘယ်လိုခေါ်လဲ။

– ကျွန်တော့်နာမည်က ဒုတိယစာအုပ် စာမျက်နှာ (၃၉)မှာပါ ပါတယ်။ ရှာကြည့်လိုက်ပါဦးနော်။

■ သိုးဆောင်းမှာ ရည်းစားရောရှိလား။

– ကျွန်တော်လား။ အင်း . . . မရယ်နဲ့နော်။ အခုအချိန်ထိ ကျွန်တော့်ကိုကြိုက်မယ့်သူ မရှိသေးဘူးခင်ဗျား။

■ မဟုတ်တာတွေ မပြောနဲ့။

– တကယ်ပါ။ ရည်းစားမရှိပါဘူး။

■ ရည်စားမရှိရင် အိမ်ထောင်ရှိတယ်ပေါ့။

– ဟာဗျာ . . . မနောက်ပါနဲ့။ ရည်းစားတောင်မရှိပါဘူးဆိုမှ ဘယ်လိုလုပ် အိမ်ထောင်ရှိရမှာလဲ။ လွဲပါစေ။ ဖယ်ပါစေ။

■ သိုးဆောင်းဆီဖုန်းဆက်တာ ညီမတို့ ပထမဆုံးလား။

– ဟုတ်ပါတယ် ပထမဆုံးပါ။ ကျွန်တော်တိုက်ပေါ်ရောက် ရောက်ချင်း ညီမတို့ဖုန်း ဝင်လာတာပဲ။

■ သိုးဆောင်းက ဘာလူမျိုးလဲဟင်။

– အင်း . . . ဖေဖေကပြောတယ်။ အရင်ဘဝကတော့ ရှမ်း မျိုးစပ်တယ်တဲ့။ အခုဘဝကတော့ မြန်မာပါ။

■ ဒါဆို သိုးဆောင်းက ရှမ်းပေါ့။

– အရင်ဘဝကပေါ့။

■ ပအို့ဝ်လား။

– မဟုတ်ဘူး။ တောင်ရိုး။

■ သိုးဆောင်းဆီ စာရေးလို့ရလား။

– ရပါတယ်။ ကျွန်တော့်စာအုပ်တိုက်ကိုပဲ ရေးပို့လိုက်ပါ။

မြကြာဖြူ – (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။



■ ဟယ်လို . . . ဦးသိုးဆောင်းနဲ့ စကားပြောချင်လို့ပါ။

– ဟုတ်ပါတယ်။ ကျွန်တော် သိုးဆောင်းပါခင်ဗျာ။

■ ဦးကို သမီးခေါ်နေတာ ကြာလှပြီ။ မနက်အစောကြီးကတည်းက ခေါ်နေတာ။

– ဟုတ်လား တူမရယ်။ အခုဘဲ ခုနမှ တိုက်ပေါ်ရောက်လာတာ။

■ ဩော် . . . အဘိုးလို့ခေါ်မယ် ရလား။

– ရပါတယ်။ သဘောကျသလို ခေါ်ပါ။

■ စာရေးနည်း ပြောပြပါလား။ ဦးရေးတဲ့ 'သစ္စာမဖောက်ကြေး စာချုပ်' ထဲက စာရေးနည်းလေ။

– အဲ . . . အဲဒါကညီမ စာအုပ်ထဲမှာ တစ်ခါတည်းပါတယ် လေ။ စာအုပ်နောက်ကျောဖုံးရဲ့ အတွင်းစာမျက်နှာမှာ။

■ ရှင် . . . ပါလို့လား ဦးရယ်။ သမီးမတွေ့ဖူး။

– ပါတယ် ညီမရဲ့။ အဲဒီမှာ ဝိဇ္ဇာလက်ရေးဆိုပြီးတော့ အသေ အချာပါတယ်။

■ ဦးပဲ ပြန်ပြောပြလိုက်ပါလား။ သမီးက စာအုပ်ကို ပြန်အပ်လိုက် ပြီ။

– အာ . . . ညီမ အဲဒါဆို တော်တော်ကြာသွားလိမ့်မယ်။ အစ်ကိုပြောပြရမှာနဲ့ ညီမက လိုက်မှတ်မှာနဲ့ဆို ကြာသွားမှာ။

■ တကယ်ပါတယ်နော်။

– ပါတယ် ညီမ။ သေသေချာချာပါတယ်။

■ ဟို . . . အဲဒါက စာအုပ်ချုပ်တဲ့လူတွေ ပိတ်ချုပ်လိုက်ပြီလား မသိဘူး။

– မချုပ်ဘူးအစ်မ။ အဲဒါရေးထားတဲ့စာမျက်နှာက ပိတ်ချုပ်လို့ လည်း မရဘူးလေ။ အစ်မ မျက်စိရှုန်းသွားတာ ဖြစ်လိမ့်မယ်။

■ ဦးရယ် . . . သမီးကို အစ်မလို့မခေါ်ပါနဲ့။ သမီးကအခုမှ ကျောင်းနေတဲ့အရွယ်ပဲ ရှိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

– ဟုတ်လား . . . ဘယ်နှတန်းရောက်သွားပြီလဲ။

■ သမီးကအခုမှ (၉)တန်းတက်မှာ။

– ဟာ . . . ဆောရီး ညီမရယ်၊ ဆောရီး . . . ဆောရီး။

■ အစ်ကိုအကျင့်ပါသွားလို့။ ဆောရီး ညီမ။

■ ဦးလေး . . . သမီးဖုန်းဆိုင်ကလူကြီးနဲ့ လောင်းကြေးထပ်ထားတယ် သိလား။

– ဗျာ . . . ။

■ ဖုန်းဆိုင်ကလူကြီးနဲ့ လောင်းကြေးထပ်ထားတယ်လို့။ ဦးရဲ့ သစ္စာမဖောက်ကြေးစာချုပ်က ခြုံးချစ်ချောရဲ့ဒိုင်ယာရီ အောက်ဆုံးစာကြောင်းကလေ။ အဲဒါ . . . ‘ချစ်မိသွားလို့ပါမလား။ သိပ်ချစ်မိသွားလို့ပါ မဟုတ်ဘူးလား။ ‘သိပ်’ မပါဘူးလေ။

– ဟုတ်ပါတယ်။ ‘ချစ်မိသွားလို့ပါ’ ပါ။

■ ဟား . . . သမီးမှန်သွားပြီပေါ့နော်။ ဟုတ်တယ်မလား။

– ဟုတ်ပါတယ်။ ‘ချစ်မိသွားလို့ပါ’ ပါ။

■ ဦး . . . ဖုန်းခဏကိုင်ထားဦးနော်။ ဖုန်းဆိုင်က ဦးကြီးနဲ့ ပြောကြည့်လိုက်။

– ဟုတ်ကဲ့ . . . ပြောပါ။

■ သူပြောတာ မှန်တယ်ပေါ့။

– ဟုတ်ပါတယ်။ မှန်ပါတယ်ခင်ဗျာ။

■ ဦး . . . မှန်သွားပြီမလား။

– ဟုတ်တယ် မှန်သွားပြီ။

■ ဟီး . . . သမီး ဖုန်းဖိုးမပေးရတော့ဘူး။ ကျေးဇူးတင်တယ်ဦးရယ်။ ဦးကြောင့် သမီး ဖုန်းဖိုးမပေးရတော့ဘူး။

– ဟုတ်ကဲ့ ဝမ်းသာပါတယ်။

■ ဖုန်းဖိုးမပေးရလို့ ဦးကို အရမ်းကျေးဇူးတင်တယ်။ ဦးစာအုပ်တွေကိုလည်း ထွက်တိုင်း သမီးအားပေးနေမယ်နော်။



– ကျေးဇူးအများကြီးတင်ပါတယ် သမီးရယ်။

■ ဒါပဲနော် ဦး ကျေးဇူးတင်တယ်သိလား။

အမည်မဖော်လိုသူ

■ အစ်ကို့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ် သိလား။

– အဟား . . . ကျေးဇူးတင်ပါတယ် အစ်မ။

■ နောက်ထပ်စာအုပ်တွေရော ထွက်ဦးမှာလား။ ဒီလိုစာအုပ်တွေပဲလား။

– ထွက်မှာပါ။ ဒီလိုပါပဲ။

■ တစ်ခုလောက်မေးချင်လို့ မေးလို့ရမလားမသိဘူး။

– ရပါတယ် မေးပါခင်ဗျာ။

■ ဟိုဟာလေ . . . အစ်ကို့ရဲ့ သုံးအုပ်မြောက်ဝတ္ထုထဲက မိန်းကလေးတွေလမ်းလျှောက်တဲ့ သီအိုရီလေ။ အဲဒါ မိန်းကလေးတွေအကုန်လုံးက အဲဒီအတိုင်းပဲ လမ်းလျှောက်ကြတာလား။

– အင်း . . . အများစုကတော့ အဲဒီအတိုင်းပါပဲခင်ဗျာ။ သေချာပါတယ်။

■ တကယ်ကို သေချာလိုက်ကြည့်ပြီး လေ့လာထားတာပေါ့။

– သေချာလိုက်ကြည့်တာတော့ မဟုတ်ပါဘူး။ ဒီလိုပဲပေါ့ လေ့လာရင်းနဲ့ တွေ့သွားတာပေါ့။

■ အစ်ကို အသက်ဘယ်လောက်ရှိပြီလဲ။

– လက်ရုံးအသက်နဲ့ အတူတူပဲ။

■ အစ်ကို့ပုံက ဘယ်လိုပုံလဲ။

– အင်း . . . ယောကျ်ားလေးအများစုရှိတတ်တဲ့ ပုံစံပါပဲ။

■ အသားဖြူဖြူ ပိန်ပိန်လား။

– အင်း . . . အဲလိုပဲပေါ့။ မိန်းကလေးနဲ့တော့ မတူပါဘူး။

■ အဟင်း . . . အစ်ကိုကလည်း စာရေးဆရာပီပီ အရမ်းလျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com

ဘာပါ။ ထားပါ . . . ရပါတယ်။ အဲဒါဆို ဒါပဲနော်။

– ဟုတ်ကဲ့ပါ။

မအေးအေးခိုင်

ရမ္မာရုံလမ်း၊ သာကေတ။

■ ဆရာ့ရဲ့ သုံးခါနမ်းမပွင့်မဲ့ပန်းမှာ ဖုန်းဒိတ်လုပ်ပေးထားလို့။ အဲဒါ . . . ။

– ဟုတ်ပါတယ် ကျွန်တော် ဖုန်းဒိတ်လုပ်ပေးထားပါတယ်။

■ ကျွန်တော်ဖတ်ရတာတော့ သုံးအုပ်ပဲရှိသေးတယ်။ အစ်ကို ဘယ်နှအုပ်ထွက်ပြီးသွားပြီလဲ မသိဘူး။

– ဟုတ်ပါတယ်။ ကျွန်တော် သုံးအုပ်ပဲ ထွက်ရသေးတာပါ။

■ ဆရာ့ရဲ့အရေးအသားလေးတွေကို ကြိုက်တယ်။

– အရမ်းကျေးဇူးတင်တယ်ဗျာ။

■ အချစ်တောင်းခံလွှာရယ်၊ သစ္စာမဖောက်ကြေးစာချုပ်ရယ်ကိုတော့ တော်တော်ကြိုက်တယ်။ ဖတ်ရတာ ဖီးရှိတယ်လေ။

– ဟုတ်ကဲ့။

■ ကျွန်တော်လည်း ကဗျာတွေဘာတွေရေးတယ်။ နာမည်ကတော့ လှိုင်းထန်ပေါ့။

– ဩော် . . . ဟုတ်ကဲ့ ကိုလှိုင်းထန်။ ကျေးဇူးပါဗျာ။

■ အခုလို စကားပြောပေးတဲ့အတွက် ကျေးဇူးပါပဲ။

– ကျွန်တော်လည်း ကျေးဇူးပါပဲ။

■ ဆရာ့ရဲ့လက်တွေ့ဘဝမှာ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆုတောင်းလိုက်ပါတယ်။

– ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ။

ကျော်ကျော်ထွေး (လှိုင်းထန်)

ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်



■ ဟယ်လို . . . ဆရာသိုးဆောင်းနဲ့ တွေ့ချင်လို့ပါ။

– ဟုတ်ပါတယ် . . . ကျွန်တော်သိုးဆောင်းပါ။

■ ဆရာ ဖုန်းခေါ်နေတာ ကြာပြီ။

– ဟုတ်တယ်ခင်ဗျ။ အခုလေးတင် ဖုန်းချသွားတယ်။

■ တော်သေးတာပေါ့။ ဆရာ့ရဲ့ပရိသတ်တစ်ယောက်ပါ။

– ဟုတ်ကဲ့။

■ ဟိုလေ . . . သုံးခါနမ်းမှ ပွင့်မယ့်ပန်းပြီးရင် ဘာစာအုပ်ထွက်မှာလဲမသိဘူး။

– အပေအတေတစ်ယောက်ရဲ့ ကျောင်းဆင်းချိန်ထွက်မှာပါ။

■ ဆရာ ကျောင်းပြီးသွားပြီလား။

– ဟုတ်ကဲ့ ပြီးသွားပါပြီ။

■ ဘာမေဂျာနဲ့လဲ။

– မြန်မာစာနဲ့ပါ။

■ ဩော် . . . ကျွန်တော်က ကျောင်းမပြီးသေးဘူး။ ဆရာ့ဆီစာရေးချင်လို့ လိပ်စာမသိလို့။

– ကျွန်တော့်ရဲ့ စာအုပ်တိုက်လိပ်စာနဲ့ပဲ ရေးပေးလို့ရပါတယ်။

■ သားတို့လည်း တစ်နေ့နေ့ ရေးတော့ရေးဦးမှာပေါ့။ စာကို

– ဟား . . . ရေးပါ။ အားပေးပါတယ်။

■ အဟီး . . . မရေးတတ်လို့။

– ဒီလိုပါပဲ ရေးရင်းနဲ့ တတ်သွားပါလိမ့်မယ်။

မောင်ရဲသီဟထွန်း

နည်းပညာတက္ကသိုလ်၊ ပြည်မြို့

■ သစ္စာမဖောက်ကြေး စာချုပ်ထဲမှာပါတဲ့ ဟိုဟာ . . . [illegible]ည်းကြေးစာရေးနည်းလေ။ အဲဒါက ဆရာမင်းသိခ်နဲ့ မ[illegible]သလိုပဲနော်။



www.burmeseclassic.com

www.burmeseclassic.com

– မတူဘူးလေ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်တူမှာလဲ။

■ အင်း . . . ပုံသေနည်းလေးတွေတော့ တူတယ်လေ။ ရေးပုံပဲ ကွဲသွားတာ။

– ဟုတ်ကဲ့။

■ ဟိုဟာလေးလည်း ကောင်းတယ်နော်။ ဒီ သုံးခါနမ်းမှပွင့်မယ့် ပန်းထဲက သီအိုရီ။

– ဟုတ်ကဲ့ SHM သီအိုရီ။

■ အင်း . . . အဲဒါလေးလည်း ရှင်းပြထားတာ တော်တော်ကောင်းပါတယ်။ သုံးအုပ်လုံးတော့ ဖတ်ပြီးသွားပါပြီ။ နောက်စာအုပ်တွေ စာအုပ်တိုက်ကို တိုက်ရိုက်လာဝယ်လို့ ရလားမသိဘူး။

– လာဝယ်ပါခင်ဗျာ။ ရပါတယ်။

■ အများကြီးကောင်းအောင် ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

– ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

လင်းထင်

၄၁–ရပ်ကွက်၊ မြောက်ဒဂုံ။

■ ဟယ်လို . . . သိုးဆောင်းနဲ့ စကားပြောချင်လို့ပါရှင်။

– ကျွန်တော် သိုးဆောင်းပါခင်ဗျာ။

■ အစ်ကို ကျွန်တော် တစ်ခုလောက်မေးချင်လို့။

– ဟုတ်ကဲ့ မေးပါ။

■ အစ်ကို့ရဲ့ သစ္စာမဖောက်ကြေးစာချုပ်ပါတဲ့ ဝတ္ထုထဲက စာရေးနည်းမှာ 'ပေါ်' ဆိုရင် ဘယ်လိုရေးမလဲမသိဘူး။

– 'ပေါ်' ဆိုရင် ဖပသ ရ လို့ရေးပါတယ်။

■ သြော် . . . ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်နော်။

– ဟုတ်ကဲ့။



■ ဒါပဲနော်။

– ဟုတ်ကဲ့ပါ။

အမည်မဖော်လိုသူ

■ အစ်ကို့ပရိသတ် တစ်ဦးပါ။ ထွက်သမျှသုံးအုပ်လုံး ကျွန်တော် ဝယ်ဖတ်တယ်လေ။ အကုန်လုံးကြိုက်ပါတယ်။ စာအုပ်တွေက စဉ်းစားရတယ်၊ တွေးရတယ်။ ဗဟုသုတတွေပါတယ်လေ။ အဲဒါကြောင့် အရမ်းကြိုက်တာ။ နေကောင်းလားအစ်ကို။

– ဟုတ်ကဲ့ ကောင်းပါတယ် ခင်ဗျာ။

■ အချစ်နဲ့ပတ်သက်တဲ့ စာအုပ်တွေကို ကျွန်တော် အကုန်ကြိုက်တာလေ။

– ဟုတ်လား။

■ အစ်ကို အများကြီးရေးပေးပေါ့။

– စိတ်ချပါ။ ကျွန်တော် အများကြီးရေးပေးပါ့မယ်။

■ ပြီးတော့လေ အစ်ကို့စာအုပ်ရဲ့ ဒီဇိုင်းနဲ့ကာလာကို အရမ်းကြိုက်တယ်။ အရမ်းလှတယ်လေ။ အခြားစာရေးဆရာတွေနဲ့လည်း မတူဖူး။ စာအုပ်ကို အရမ်းဦးစားပေးထားတာဆိုတော့ . . .

– ကျွန်တော်တို့ကတော့ Quality ကို အဓိကထားတာပေါ့ဗျာ။

■ ဟုတ်ကဲ့ အဲဒါကိုကျွန်တော်ပြောချင်နေတာ ကြာလှပြီ။ စာရွက်သားတွေလည်း အရမ်းကောင်းတယ်လေ။ လေးအုပ်မြောက် စာအုပ်က နောက်လထွက်မှာပေါ့။

– ဟုတ်ကဲ့ နောက်လထွက်ပေးမှာပါ။

■ ကျွန်တော်တို့ကိုကျတော့ စာတိုက်က ပို့ပေးမှာပေါ့။

– ဟုတ်ပါတယ်။

နိုင်ဝင်း

ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်



www.burmeseclassic.com

www.burmeseclassic.com

■ စာရေးဆရာသိုးဆောင်းနဲ့ စကားပြောချင်လို့ပါ။

– ကျွန်တော် စာရေးဆရာသိုးဆောင်းပါ။

■ ဟိုလေ . . . ကျွန်တော်မေးစရာလေးတစ်ခုရှိလို့။

– ဟုတ်ကဲ့ မေးပါ။

■ အစ်ကို့ရဲ့ 'သုံးခါနမ်းမှ ပွင့်မယ့်ပန်း' ဝတ္ထုထဲက ပေးထားတဲ့ သီအိုရီရဲ့အဖြေက ဘာလဲမသိဘူး။

– သီအိုရီက အဲဒါ တစ်ခါတည်းဖြေပြီးသားလေ။ အတွင်းမှာ ရေးထားတဲ့ SHM သီအိုရီဆိုတာ အဖြေပါ။

■ ဩော် . . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

– ဟုတ်ကဲ့ ကျေးဇူးပါပဲ။

အမည်မဖော်လိုသူ

■ ဆရာ့ရဲ့ပရိသတ်တစ်ဦးပါ။

– ဟုတ်ကဲ့ ကျေးဇူးပါပဲ ခင်ဗျာ။

■ ဟိုဟာလေ . . . ဆရာက စိတ်ကူးလေးတွေ တော်တော်ကောင်းတယ်နော်။

အဟား . . . အဲလောက်လည်း မဟုတ်ပါဘူး။ ဒီလိုပါပဲ။

■ ဆရာက လက်မှတ်တကယ်ပြန်ပေးမှာလား။

– တကယ်ပေးမှာပေါ့။

■ ဒါဆို လိပ်စာပြောပြရမှာလား။

– ဟုတ်ကဲ့ . . . ပြောပြပေးပါ။

မကြေးမုံ

ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

■ သိုးဆောင်းဆိုတာ ဆရာ့နာမည်အရင်းလားဟင်။

– မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော့်ကလောင်နာမည်ပါ။



■ ဆရာ့အသက် ဘယ်လောက်ရှိပြီလဲဟင်။

– ကျွန်တော် (၂၁) ပါ။

■ (၂၁) ငယ်သေးတယ်နော်။ ဆရာ ဘယ်နေ့မှာမွေးတာလဲ။

– ကျွန်တော် လက်ရုံးနဲ့ အတူတူမွေးတာ။

■ ဆရာ 'ဝမ်းဒေး' က ဘယ်တော့ထွက်မှာလဲဟင်။

– ဝမ်းဒေးက အခု အပေတစ်ယောက်ရဲ့ကျောင်းဆင်းချိန်ပြီးသွားရင် ထွက်မှာ။

■ မကြာတော့ပါဘူးနော်။

မကြာပါဘူး။ နောက်တစ်လပြီးသွားရင်ပေါ့။

မဖူးငုံငုံ

၄၅–လမ်း၊ ဗိုလ်တထောင်။

■ အစ်ကို့ဝတ္ထုတွေက မိုက်တော့မိုက်တယ်။

– ဟုတ်ကဲ့ ကျေးဇူးပါ။

■ ညဏ်စမ်းတွေကျတော့ ကိုယ့်ဘာသာရေးတာလား။

– ကိုယ့်ဘာသာရေးတာလည်း ပါတာပေါ့ဗျာ။ ကျွန်တော်လေ့လာထားတာတွေလည်း ပါတာပေါ့။

■ အစ်ကို့ဝတ္ထုတွေက လှည့်ကွက်လေးတွေ အရမ်းမိုက်တယ်။ ဒီတစ်အုပ်ကျတော့ စာရွက်လေးတွေ မပါတော့ဘူးနော်။

– အင်း . . . မပါတော့ဘူးလေ။ ထည့်စရာမှမရှိတာ။

■ တတိယစာအုပ်ကျတော့ ပထမစာအုပ်တွေနဲ့ မတူဘူးနော်။ တစ်မျိုးပဲ။

– အင်း . . . နည်းနည်းခွဲထွက်ထားတာပေါ့။

■ အစ်ကို့စာအုပ်တွေက ကောင်းတော့ကောင်းတယ် အစ်ကိုရဲ့။ ဘယ်လိုကောင်းတယ်ဆိုတာ ပြောလို့မတတ်ဘူးဖြစ်နေတယ်။

– ရပါတယ် ခင်ဗျာ။ ကောင်းတယ်လို့ပြောရင်ကို ကျေနပ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

■ အစ်ကိုက ငယ်တော့ တော်တော်ငယ်သေးတာပဲ။

– ဟုတ်ကဲ့ . . . ငယ်ပါသေးတယ်။

■ စာတွေစာအုပ်ထွက်ရင်လည်း ဖတ်ဦးမယ်နော်။

– ဟုတ်ကဲ့ . . . ဖတ်ပေးပါဦးဗျာ။

ဉာဏ်ရဲရင့်

လမ်းမတော်လမ်း၊ သရက်မြို့။

■ အရင်မိတ်ဆက်ပေးမယ်နော်။ တို့နာမည်က 'ဆုသဲမွန်'။ အသက်က နှစ်ဆယ့်နှစ်နှစ်။ အဲတော့ ကိုသိုးဆောင်းကို တို့က မောင်လေးလို့ခေါ်ရမှာလား၊ အစ်ကိုလို့ခေါ်ရမှာလား။

– (၂၂) ဆိုရင်တော့ မောင်လေးလို့ပဲခေါ်ပါ ခင်ဗျာ။

■ ဟုတ်လား။ ok . . . ok . . . သိုးဆောင်းက နာမည်အရင်းလား။

– မဟုတ်ပါဘူး။ ကလောင်နာမည်ပါ။

■ မသိပါဘူး၊ နာမည်အရင်းများလားလို့။ အဲဒါဆို နာမည်အရင်းက 'သောင်းစိုး' ပေါ့။ ဟုတ်တယ်လေ။ သိုးဆောင်းကိုပြောင်းပြန် ပြန်လိုက်ရင် သောင်းစိုးပဲဥစ္စာ။ မဆိုးဘူးနော်။ မောင်လေး အရေးအသားလေးတွေ ကောင်းတယ်။ ဪ . . . ဒါနဲ့ မောင်လေး မေးရဦးမယ်။ မောင်လေးနဲ့ 'လူနေ' နဲ့ အမျိုးတော်လား။

– အာ . . . မတော်ပါဘူး . . . မတော်ဘူး၊ မတော်ဘူး။

■ ဟုတ်လား . . . မသိပါဘူး အရေးအသားလေးတွေ နည်းနည်းဆင်နေလို့။ အသစ်ထွက်တဲ့ထဲမှာဆို မောင်လေးနဲ့ လူနေကို ကြိုက်တယ်။

– ဟုတ်လား . . . ကျေးဇူးပါပဲ။

■ နောက်ပြီးတော့လေ 'သုံးခါနမ်းမှ ပွင့်မယ့်ပန်း' ထဲမှာ ဘာဖြစ်လို့ ညားမပေးတာလဲ။

– ညားပေးလို့ မရဘူးလေ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးယောက်



လုံးက သူ့ဟာနဲ့သူ အရည်အချင်းညီနေတဲ့အချိန်မှာ ခွဲထွက်ပြီးတော့ ကောင်မလေးနဲ့ ညားပေးလို့မရဘူး။ သူငယ်ချင်းအဖြစ်ပဲ ဆက်သွားကြတယ်ပေါ့။ ကောင်မလေးကို ဆက်ပြီး ကြိုးစားကြတယ်ပေါ့။

■ ဪ . . . အင်း . . . အင်း . . . အခုလည်း အဲဒီအတိုင်းပဲ ကျင့်သုံးတာ ကံကောင်းပြီး ဖုန်းဝင်အောင် ဉာဏ်နဲ့ဝီရိယသုံးပြီး နံပါတ်ကို အဆက်မပြတ်နှိပ်တာ။ အခုမှပဲဝင်တော့တယ်။

– အောင်မြင်သွားပြီပေါ့။

■ အင်း . . . အောင်မြင်သွားပြီ။ မောင်လေးက ကျောင်းပြီးသွားပြီလား။

– မနှစ်က ပြီးသွားတယ်။

■ အသားဖြူလား၊ မည်းလား။

– ဝါတယ်။

■ အရပ်ကရော . . .

– ၅ ပေ ၇ လက်မ။

■ ဪ . . . ညီမလေးရှိသေးတယ်။ ညီမလေးကလည်း သိုးဆောင်းကို အရမ်းကြိုက်တာ။ အခုတော့မရှိဘူး ကျူရှင်သွားတယ်။ ပြန်လာမှ ထပ် try ကြည့်လိုက်မယ်လေ။ ဖြစ်တယ်မဟုတ်လား။

– အင်း (၁)နာရီမထိုးခင်ဆိုရင်တော့ ဖြစ်ပါတယ်။

■ ok . . . ok . . . ထပ်ကြိုးစားကြည့်လိုက်မယ်။ ဒါပဲနော်။

ဆုသဲမွန်

■ သုံးခါနမ်းမှပွင့်မယ့်ပန်းမှာလေ ဒီအစီအစဉ်လေးတွေလို့ ဆက်ကြည့်တာ။ အရမ်းကျေးဇူးတင်တယ်သိလား။ ဘာပဲဖြစ်ဖြစ်လေ အခုလိုလေးလုပ်ပေးတော့ စာရေးသူနဲ့ ပရိသတ်ကြားမှာ ပြော



www.burmeseclassic.com

www.burmeseclassic.com

စရာလေးပဲရှိရှိ အဆင်ပြေတာပေါ့။ ကျောင်းပြီးသွားပြီလားမသိဘူး။

– ပြီးသွားပါပြီ။

■ ဖလော်နဲ့လား။

– အဟား . . . မဟုတ်ဘူးဗျ။ မြန်မာစာပါ။

■ ဟုတ်လား . . . ဒါနဲ့ မေးရဦးမယ်။ SHM သီအိုရီဆိုတာ တကယ်ရှိတာလား၊ တကယ်လား။

– တကယ်ရှိတာပေါ့။ ကျွန်တော် Website လိပ်စာထည့်ရေးပေးထားတယ်လေ။

■ အဲဒီထဲ တကယ်ဝင်ကြည့်လို့ ရတယ်ပေါ့။

– ဟုတ်ကဲ့ ရပါတယ်။

မလင်းသစ်

ဒေးဒရဲ၊ ဧရာဝတီတိုင်း

■ အစ်ကို့စာအုပ် တော်တော်အောင်မြင်တယ်အစ်ကို။ ကျွန်တော့်သူငယ်ချင်းတွေလည်း တော်တော်ကြိုက်ကြတယ်။

– ကျေးဇူးပဲဗျာ။

■ အဲဒီထဲကစာချုပ်လေးကို ကျွန်တော် ဖြတ်တောင်ဖြတ်ထားတာဗျ။ အဟဲ အပိုင်ဝယ်ဖတ်လိုက်တယ်ဗျာ။ အဲဒါ သူငယ်ချင်းတွေ ငှားသွားတာနဲ့ ခဏဖြတ်ထားလိုက်တာ မဟုတ်ပါဘူး။ ကြိုက်တယ်ဆိုတာ ပြောပြတာပါ။

– အရမ်းကျေးဇူးတင်တယ် အစ်ကို။

■ ကျွန်တော် မနက် (၉)နာရီမထိုးခင်ကတည်းက ဆက်နေတာ။

– ဟုတ်တယ်ဗျာ။ အခုအချိန်ထိ တောက်လျှောက်ဖြစ်နေလို့ ဆောရီး။ အစ်ကို့ဆီက အကူအညီတောင်းချင်ရင်လည်း ဒီဖုန်းနံပါတ်ကိုပဲ ဆက်ရမှာလား။



– ဟုတ်ပါတယ်။ ကျွန်တော် အတတ်နိုင်ဆုံး အကူအညီပေးပါ့မယ်။

■ စာရေးချင်တယ်ဆိုရင်ပေါ့လေ။

– ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်။ နောက်လူတွေ ဆက်ဦးမှာဆိုတော့ ဒါပါပဲဗျာ။

အောင်မြတ်သူ

ဒေးဒရဲ

■ ဆရာ့ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ အခုနောက်ဆုံးထွက်လာတဲ့ သုံးခါနမ်းမှပွင့်မယ့်ပန်း အရမ်းဖတ်လို့ကောင်းတယ်။

– ကျေးဇူးပဲ။

■ ကျွန်တော်တို့က တွေးတာကြိုက်တယ်လေ။ ဆရာ့ဝတ္ထုတွေနဲ့ အံကိုက်ပဲ။ များများရေးပေးပါ။

– ရေးပေးပါ့မယ်ခင်ဗျာ။ ကျွန်တော် အများကြီးရေးပေးပါ့မယ်။

■ ဒီထက်ကောင်းအောင်ပေါ့ ဉာဏ်စမ်းများများပေါ့။

– ဟုတ်ကဲ့။

■ ဘာပြောရမှန်းမသိဘူးဖြစ်နေတယ်။ တစ်ခါမှလည်း မဆက်ဖူးတော့။

– ရပါတယ်။ ရဲရဲသာပြောပါ အစ်ကို။ အေးဆေးပါ။

■ အခုဆက်နေတာ လူမဟုတ်ဘူး ဦးဇင်း။

– ဟာ . . . ဦးဇင်းလား၊ ကန်တော့ . . . ကန်တော့ ဦးဇင်းရယ်။ တပည့်တော်မသိလို့ပါ။ တောင်းပန်ပါတယ်။ ရှိုးရှိုး လူအောင်းမေ့လို့။

– ရပါတယ်။ အခုထက်ပိုပြီး အောင်မြင်ပါစေလို့။ ဘာသာ့အကျိုး၊ သာသနာ့အကျိုးကို ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

– ပေးတဲ့ဆုနဲ့ပြည့်ပါစေ အရှင်ဘုရားရယ်။ ကျေးဇူးတင်ပါတယ်။

လင်းဝေမျူး – မြင်းခြံမြို့၊ မန္တလေးတိုင်း

■ လက်ရုံးက အစ်ကိုလား။

– အင်း . . . ကျွန်တော့်ဇာတ်ကောင်ဆိုတော့ ကျွန်တော်ပဲပေါ့။

■ ထွက်ပြီးသွားတာ သုံးအုပ်ရှိသွားပြီနော်။

– ဟုတ်ပါတယ် သုံးအုပ်ပါ။

■ စတုတ္ထစာအုပ် 'အပေတေတစ်ယောက်ရဲ့ ကျောင်းဆင်းချိန်'ကို ဇာတ်လမ်းလေး ပြောပြလို့ရမလား။

– အင်း . . . ပြောပြလို့တော့ ရပါတယ်အစ်မ။ ဒါပေမဲ့ ကျွန်တော့်ဝတ္ထုက သိတဲ့အတိုင်းပဲလေ။ ပြောပြလိုက်ရင် ဝတ္ထုထဲမှာ ကျွန်တော်မြှုပ်ထားတာတွေ၊ ဝှက်ထားတာတွေ အကုန်လုံးက ဖြည်ပြီးပြောပြလိုက်ရမှာဆိုတော့ သိပ်အဆင်မပြေဘူး။ အဲတော့ စာအုပ်ထွက်မှပဲ ဖတ်ကြည့်လိုက်ပါလား။

■ အင်း . . . အဲဒါဆိုရင်တော့ နားလည်ပါတယ်။ အသက်ဘယ်လောက်ရှိသွားပြီလား။

– ကျွန်တော်က (၂၁) ပါ။

■ နှစ်ဆယ့်တစ်လား။ ဒါဆို အသက်အတူတူပဲ။

– ဟုတ်လား။ ဒါဆို သူငယ်ချင်းတွေပေါ့။

■ အသက်အတူတူပဲဆိုတော့ မွေးသက္ကရာဇ်သိလို့ရမလား။

– လက်ရုံးမွေးသက္ကရာဇ်က ကျွန်တော့်မွေးသက္ကရာဇ်ပဲခင်ဗျာ။

■ ဟုတ်လား။ ဒါဆို 'ဖြိုး'က (၁၁) လပိုင်းဆိုတော့ (၅) လကြီးတာပေါ့။ ကြာသပတေးသားပဲလား။

– ဟုတ်ပါတယ်။ ကြာသပတေးသားပါ။

■ ဒါဆို ထပ်တူပြန်ပြီ။ ဖြိုးလည်း ကြာသပတေးပဲလေ။



– ဟုတ်လား . . . .ဝမ်းသာစရာပဲ။ သူငယ်ချင်းတွေက အတော်များများတူသွားပြီ။

■ စာချုပ်လည်း တစ်ခုကျန်သေးတယ်ဆိုတော့ စောင့်ဖတ်နေမယ်နော်။

– ဟုတ်ကဲ့ . . . စောင့်ဖတ်ပေးပါဦးဗျာ။

ဖြိုးပွင့်သွယ်
ပုဇွန်တောင်

■ ဆရာက တော်တော်ငယ်သေးတာပဲ။ ကျွန်တော့်မောင်လေး အသက်လောက်ပဲရှိသေးတာ။ ဒါပေမဲ့ ဆရာဆိုတော့ ဆရာပေါ့နော်။

– ဟာ . . . ရပါတယ်။ မောင်လေးပဲခေါ်ခေါ်၊ ဆရာပဲခေါ် ရပါတယ်။

■ ကျွန်တော်က ဆရာ့ရဲ့ ပထမဆုံးပရိသတ်အနေနဲ့ ဖုန်းဆက်မယ်လို့ စဉ်းစားထားတာ။ ဖုန်းက လုံးဝခေါ်လို့မရဘူး။

– ဟုတ်တယ်ဗျာ။ ဖုန်းက အခုအချိန်ထိ လုံးဝမနားသေးဘူး၊

■ ဒါဆို နောက်ဆုံးပရိသတ်အနေနဲ့ (၁)နာရီထိုးထိ ဖုန်းပြောမယ်လေ။

– ဟာ . . . အဲလိုတော့ မလုပ်ပါနဲ့ဗျာ။ နောက်ပရိသတ်တွေရှိသေးလို့။

■ အဟဲ . . . နောက်တာပါ။ ကျွန်တော်က ချော်တွင်းကုန်းမှာ ဆိုင်ဖွင့်ထားတယ်။ ဒါပေမဲ့ အဲဒီနားက စာအုပ်ဆိုင်တွေအကုန်လုံးမှာ ဆရာ့စာအုပ် လိုက်ရှာငှားလို့မရဘူး။ ဝယ်ဖတ်မယ်လို့ဆုံးဖြတ်ပြီးမှပဲ ဖတ်ရတော့တယ်။ ကျွန်တော်က လူတော်မျိုးဗျ။ စာအုပ်တိုင်းလည်းမဖတ်ဘူး။ ဖတ်ရင်လည်း [illegible]တ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

သေတစ်ခုရဲ့ကျန်ခဲ့မှုကြိုက်တာ။ ဆရာ့စာအုပ်ကြတော့ ဦးနှောက်ကို အလုပ်ပေးလို့ ကြိုက်တယ်။

– ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ။

မပန်းဝေ – ချော်တွင်းကုန်း

■ ဆရာ့စာအုပ်ကို ကျွန်တော် တစ်အုပ်ပဲဖတ်ရသေးတယ် ဆရာ။ နောက်နှစ်အုပ်က ငှားလို့မရဘူး။

– ဟုတ်လား။ ဘယ်စာအုပ်လည်း မသိဘူး။

■ သစ္စာမဖောက်ကြေးစာချုပ်ပဲ ဖတ်ရသေးတယ်။ အဲဒီထဲက စာရေးနည်းလေးကို အရမ်းကြိုက်တယ်။

– အရမ်းကျေးဇူးတင်တယ်ဗျာ။ ဒါနဲ့ သုံးအုပ်မြောက်စာအုပ် မဖတ်ရသေးပဲနဲ့ ကျွန်တော့်အစီအစဉ်ကို ဘယ်လိုသိလဲမသိဘူး။

■ စာအုပ်ဆိုင်မှာ ကပ်ထားတာလေးကို တွေ့မိလို့။

– သြော် . . .။

■ စာရေးနည်းလေးကို ကြိုက်တယ်။ ပြီးတော့ အခန်းဇရိယာရှာတာလေးကိုလည်း သဘောကျတယ်။ သရော်နည်းလေးလေ။

– ဟုတ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

■ ဖတ်တော့ဖတ်တယ် ဆရာ။ တာဝန်တစ်ဖက်နဲ့ဆိုတော့ အိမ်ရောက်မှပဲ ဖတ်ဖြစ်တယ်။

– အခုလို မအားတဲ့ကြားထဲကဖတ်ပေးတာ အများကြီးကျေးဇူး တင်ပါတယ်။ ကျေးဇူးပဲနော်။

ဝင်းထွဋ် – တွံတေးမြို့။

■ ဆရာ့စာအုပ်ကို အားပေးတဲ့ ပရိသတ်တစ်ယောက်ပါ။

– ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။



■ နောက်စာအုပ်လေးတွေကိုလည်း ပဟေဠိဆန်ဆန် ရေးပေးစေချင်တယ်။

– ရေးပေးပါ့မယ် ခင်ဗျာ။

■ ဆရာ အောင်မြင်ပါစေ။

နေလင်း – ငြိမ်းမင်းစာပေ

■ ဆရာ့စာအုပ်ထဲက စာရေးနည်းလေးကို အရမ်းကြိုက်တယ်။ တတိယစာအုပ်က ဉာဏ်ထူးကာရိုက်တာလေးကိုလည်း သဘောကျတယ်။

– အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျာ။

■ အခုလို စကားပြောလို့ရလိမ့်မယ်လို့တောင် မထင်ထားဘူး။

– ဘာဖြစ်လို့လဲ ခင်ဗျာ။

■ သြော် . . . အဲလို အနုပညာနယ်ပယ်ကလူတွေက တချို့ဆို မာနကြီးတတ်တယ်လေ။

– အာ . . . ကျွန်တော်က မာနမကြီးတတ်ပါဘူးခင်ဗျာ။ ပြောပါ . . . ပြောပါ ရပါတယ်။

■ အရင်တစ်ခါတုန်းက မရှိဘူးဆိုတာ။

– ကျွန်တော်ခရီးသွားနေလို့ပါ ခင်ဗျာ။

■ စာရေးချင်ရင် ဘယ်လိပ်စာနဲ့ ရေးရမလဲမသိဘူး။

– ကျွန်တော့်စာအုပ်တိုက်လိပ်စာနဲ့ ရေးပို့ပေးလို့ရပါတယ်။

■ စာရေးတဲ့ထဲမှာရော မိဘအသိုင်းအဝိုင်းရှိလား။

– မရှိပါဘူး။

■ ဒါဆို တစ်ယောက်တည်း ကိုယ့်ဘာသာဝင်တိုးတာပေါ့။

– ဒါပေါ့။

■ ဒါဆို ဆက်ပြီးကြိုးစားနော်။ နောက်စာအုပ်တွေ မျှော်နေမယ်။

ခင်လှတိုး – အောင်ပန်းမြို့



www.burmeseclassic.com

www.burmeseclassic.com

■ ဆရာ့စာအုပ်တွေ ကြိုက်လို့ပါ။ ဒါပေမဲ့ ဘာပြောရမှန်းမသိဘူး။ ဆရာ့အနေနဲ့ရော ပရိသတ်ကို ဘာပြောချင်လဲ။
– ကျွန်တော့်အနေနဲ့ကတော့ ဘယ်လိုပြောရမလဲ။ စာရေးတာ ဝါသနာပါရင်တော့ စာရေးဆရာဖြစ်အောင် လုပ်ပေါ့လေ။ ဆေးကုတာဝါသနာပါရင်တော့ ဆရာဝန်ဖြစ်အောင်လုပ်ပေါ့။ ကိုယ်ရည်မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း ဖြစ်အောင်လုပ်လို့ ပြောချင်ပါတယ်။

ဖြိုးဖြိုးမြင့်အောင် – မုံရွာမြို့။

■ ၈း၅၈ ကတည်းက ဆက်နေတာ။ အခုမှဖုန်းဝင်သွားတယ်။
– ဟုတ်ပါတယ်။ အခုလေးတင်မှ အားသွားလို့ပါ။
■ သုံးခါနန်းမှပွင့်မယ့်ပန်းထဲမှာ ဝဿန်က တစ်ယောက်တည်း ဆက်သွားတာလား။
– ဟုတ်ပါတယ်။ ဝဿန်ကို ယောကျ်ားလေးသုံးယောက်က ဆက်ပြီးကြိုးစားသွားကြတယ်ပေါ့။
■ နောက်ထွက်မယ့်စာချုပ်ကရော ဘာစာချုပ်လည်းမသိဘူး။
– အဲဒါကတော့ ထွက်မှပဲ ဖတ်ကြည့်ပါတော့။
■ ဆရာ့အရေးအသားကို အရမ်းကြိုက်တယ်။ အဲတော့ ဆရာစာရေးရင် ဘယ်စာရေးဆရာတွေကို ကိုးကားလည်းမသိဘူး။
– ကျွန်တော့်ရှေ့က ရေးထားပြီးထားသမျှ ဆရာ့ဆရာတွေ အကုန်လုံးကိုလေးလည်းလေးစားတယ်ကိုးလည်းကိုးကားထားပါတယ်။
■ လူနေနဲ့တော့ နည်းနည်းဆင်တယ်။
– ဆင်တယ်လို့တော့ ပြောကြပါတယ်။ ဒါပေမဲ့ ကျွန်တော့် စာအုပ်တွေ အုပ်ရေများလာတာနဲ့အမျှ သူ့အလိုလို ကွဲသွားမှာပါ။



■ ဪ . . . ဟုတ်ကဲ့၊ ကျွန်မတို့ဘက်က တောင်းဆိုတာပေါ့နော်။ တစ်လတစ်အုပ် မှန်မှန်ထွက်ပေးပါ။
– စိတ်ချပါ။ ကျွန်တော်ကြိုးစားမှာပါ။

-မသက်သက်ခိုင်

(၇) ရပ်ကွက်၊ တောင်ဥက္ကလာ။

■ ကလေးမြို့က ဆက်နေတာပါ။ ဖုန်းတွေအများကြီး ပြောပြီးသွားပြီလား။
– ဟုတ်ပါတယ်။ ပြောပြီးသွားပါပြီ။
■ သုံးအုပ်လုံးတော့ ဖတ်ပြီးသွားပြီ။ အချစ်တောင်းခံလွှာလေးကို တော်တော်ကြိုက်တယ်။ ကလေးမြို့မှာဆို ကိုသိုးဆောင်းက နာမည်ကြီးပဲလေ။
– ဟုတ်လား။ ကလေးမြို့မှာဆို ကျွန်တော်က နာမည်ကြီးပေါ့။ အရမ်းဝမ်းသာတယ်ဗျာ။
■ ကိုသိုးဆောင်းဆီ စာရေးထားတယ်။ စာပြန်ပေးနော်။
– စိတ်ချပါ။ ကျွန်တော် သေသေချာချာ စာပြန်ပေးပါ့မယ်။
■ နောက်စာအုပ်တွေ မျှော်နေမယ်နော်။

လမင်း – ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့။

■ အချစ်တောင်းခံလွှာမှာ လျှောက်လွှာပုံစံလေး လုပ်ပေးထားတယ်နော်။ အိုင်ဒီယာလေး အရမ်းကောင်းတယ်။ ဘယ်လိုတွေးမိသွားတာလဲမသိဘူး။
– အဲဒါက ဘယ်လိုပြောမလဲ။ အချစ်တောင်းခံလွှာဆိုတာ ကျောင်းတုန်းက ကျွန်တော်တို့ထွင်ထားတာ။ သူငယ်ချင်းတွေလည်း ဝေဖူးတယ်။ ကိုယ်တိုင်လည်း ပေးဖူးတယ်။ အဲဒါလေးတွေက အခုအချိန်မှာ အထောက်အကူပြုတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

■ ကိုသိုးဆောင်းစာရေးပုံက သူများနဲ့မတူဘူး။ အဲဒါ ဘယ်လို ကြိုးစားထားတာလဲ။ စာရေးတာဝါသနာပါလို့။

– စာရေးဆရာလုပ်မယ့်သူဆိုတာကတော့ သူများမတွေးတာကို တွေးနိုင်ရမယ်။ သူများမမြင်တာကို မြင်အောင်ကြည့်နိုင်ရမယ်။ သူများမလုပ်နိုင်တာကို လုပ်နိုင်ရမယ်။ အဲဒါတွေရှိနေပြီဆိုရင်တော့ ဝါသနာရယ်၊ ကြိုးစားအားထုတ်မှုရယ်၊ ရင်ထဲက အနုပညာ ရယ်ပေါင်းလိုက်ရင် စာရေးဆရာဖြစ်ပါပြီ။

■ သမီးတို့လည်း ရေးကြည့်တယ်။ ကိုသိုးဆောင်းလို မရေးတတ်လို့။

– ဩော် . . . အဲဒါကတော့ အစပဲရှိသေးလို့ပါ။ ကျွန်တော်လည်း အစတုန်းက ဒီလိုပါပဲ။ အလုပ်တစ်ခုကို သေချာစိတ်နှစ်လိုက်ပြီဆိုရင် အရာအားလုံးဟာ လွယ်သွားပါတယ်။

မေဟန်ကျော်

ချောင်းဝမှတ်တိုင်အနီး၊ လှိုင်မြို့နယ်။

■ ဆရာ့အသံက အဆိုတော်တစ်ယောက်အသံနဲ့ သွားတူနေတယ်။ အမှတ်တမဲ့ကြားလိုက်တော့လေ။

– အလို . . . ဘယ်သူနဲ့တူတာလဲ။

■ ဟဲလေးနဲ့။

– ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော့်ကို နိုင်ငံကျော်တစ်ယောက်အသံနဲ့ တူတယ်လို့ပြောတာ။

■ ဆရာစာရေးတော့ ဘယ်မှာရေးတာလဲ။

– နေရာအတည်တကျတော့ မရှိပါဘူး။ အဆင်ပြေတဲ့နေရာမှာ ရေးပါတယ်။

■ ကလောင်ခွဲရောထားဖို့ အစီအစဉ်ရှိလား။

– အခုလောလောဆယ်တော့ မရှိသေးပါဘူး။ နောက်ပိုင်းတော့ မပြောတတ်ဘူး။

စန္ဒာဝင်းရွှေ – လမ်းရှည်လမ်း၊ ပြည်မြို့။

■ အစ်ကို့ဆီ မိတ်ဆက်စာရေးချင်လို့ပါ။

– ဟုတ်ကဲ့ ရေးလို့ရပါတယ်။

■ ဘယ်လိပ်စာကို ရေးရမလဲမသိဘူး။

– အမှတ် (၁၉၂)၊ ၃၉–လမ်း (အလယ်ဘလောက်)၊ ၃–လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်ပါ။

■ ဟုတ်ကဲ့ . . . ဝိဇ္ဇာလက်ရေးနဲ့ ရေးပေးလိုက်မယ်နော်။

– ရပါတယ် ခင်ဗျာ။ သဘောကျရာနဲ့သာ ရေးလိုက်ပါ။

ရီနွယ်နွယ်ထွန်း( ရန်ကုန်စီးပွားရေးတက္ကသိုလ် )

■ အပေတေတစ်ယောက်ရဲ့ကျောင်းဆင်းချိန်က ဒီ နေပြည်တော်ပျဉ်းမနားမြို့ မှာ မထွက်သေးဘူး။

– ဟုတ်တယ် . . . ဘယ်မှာမှ မထွက်သေးဘူးခင်ဗျာ။ နောက်လမှ ကျွန်တော်တို့ထွက်ပေးမှာ။

■ ဟို . . . စာချုပ်လေးတွေလည်း ဒီမြို့ကို မပေးဘူးနော်။

– အဲဒါ ပေးထားတယ်ခင်ဗျာ။ နေပြည်တော် ပျဉ်းမနားဘက်မရောက်တာ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့က စာအုပ်ဖြန့်ကတည်းကဆိုင်တွေကိုနယ်အတွက်စာချုပ်တွေပေးထားတယ်လေ။ နောက်ကျ သွားတာဖြစ်လိမ့်မယ်။ ဒါမှမဟုတ် ဒီအပြင်နယ်တွေကိုပေးတာ များသွားလို့ နေပြည်တော်ပျဉ်းမနားအတွက် မကျန်တော့တာ ဖြစ်လိမ့်မယ်။

■ ဩော် ..နေပြည်တော်ပျဉ်းမနားကို မရောက်ဘူးရှင့်။ အဲဒါ —

– ရတယ် ညီမ။ ညီမလိပ်စာပေးထားခဲ့။ အစ်ကိုစာတိုက်ကနေ ထည့်ပေးလိုက်မယ်။





www.burmeseclassic.com

www.burmeseclassic.com

■ အဲလို့ကြီးကျတော့လည်း မလိုချင်တော့ပါဘူး။ အားနာပါတယ်။

အမည်မဖော်လိုသူ

■ စာဘယ်တုန်းက ရေးတာလဲ။ ကြာပြီလား။

– ဒုတိယနှစ်လောက်က စရေးဖြစ်လိမ့်မယ်။

■ အစ်ကိုက သချာၤကို ဝါသနာပါပုံရတယ်။ တရုတ်လား။

– မဟုတ်ပါဘူး၊ မြန်မာပါ။

■ ဩော် . . . မသိပါဘူး။ တရုတ်တွေက သချာၤတော်ကြလို့။

– အဲဒါတော့ မဆိုင်ပါဘူးနဲ့တူတယ်ဗျ။ မြန်မာတွေလည်း တော်လို့ရပါတယ်။

■ အစ်ကို ဘယ်နှအုပ် ရေးပြီးသွားပြီလဲဟင်။

– ကျွန်တော် (၈) အုပ်ပေါ့။

■ ဩော် . . . တစ်လတစ်အုပ် ထွက်မှာပေါ့။

– ဟုတ်ပါတယ်။

■ သုံးအုပ်မြောက်မှာရေးထားတာလေ မိန်းကလေးတွေလမ်းလျှောက်နည်း သီအိုရီက မိန်းကလေးတိုင်းအတွက်လား။

– ဟုတ်ပါတယ်။

■ အစ်ကိုတို့ ယောကျ်ားလေးတွေကရော ဘာသီအိုရီနဲ့ လျှောက်လဲ။

– အင်း . . . ယောကျ်ားလေးတွေက လမ်းလျှောက်တာကို သိပ်ဦးစားမပေးဘူးလေ။

■ မိန်းကလေးတိုင်းလည်း အဲလိုမဟုတ်ပါဘူး။

– အများစုကတော့ ဒီအတိုင်းပါပဲ။

မအေးအေးခိုင်

နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်။



■ စာရေးတာ ဘာတွေလိုအပ်လဲ မသိဘူးခင်ဗျ။

– စာရေးတာကတော့ ဦးနှောက်ရယ်၊ စာအုပ်ရယ်၊ ဘောပင်ရယ်ပါပဲ။

■ တခြားဘာတွေရော လိုအပ်သေးလဲမသိဘူး။

– တခြားကတော့ ကိုယ်ပိုင်အတွေ့အကြုံနည်းနည်းရယ်၊ အချစ်အကြောင်းရေးမယ်ဆိုရင်တော့ အချစ်အတွေ့အကြုံနည်းနည်းပေါ့။ ပြီးတော့ လေ့လာမှုရယ်၊ ဗဟုသုတရယ်။

■ ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . အခုလိုပြောပေးတာ အများကြီးကျေးဇူးတင်ပါတယ်။

အမည်မဖော်လိုသူ

■ သုံးအုပ်မြောက်မှာရေးထားတဲ့ သီအိုရီက ဘယ်လိုဘယ်လို စိတ်ကူးရသွားတာလဲဟင်။

– အဲဒါက ကျွန်တော် Website ထဲမှာ ဒီသီအိုရီသွားတွေ့တယ်ဗျာ။ မိန်းကလေးတွေ လမ်းလျှောက်တဲ့အကြောင်းတော့ ရေးထားတာမဟုတ်ဘူးပေါ့။ ဒါပေမဲ့ တူညီတာလေးတွေသွားတွေ့တာနဲ့ (SHM) ကို မိန်းကလေးလမ်းလျှောက်ပုံနဲ့ ပေါင်းလိုက်တာ။ ဒါပါပဲ။

မသီရိမွန် – တိုက်ကြီးစာတိုက်

■ စာရေးတဲ့အခါ ဘယ်လိုစိတ်ကူးကောင်းလေးတွေ ဘယ်လိုရလဲရှင်။

– စိတ်ကူးကောင်းလေးတွေက တွေးရင်းနဲ့ရတာပေါ့။

■ စာအုပ်နောက်ကျောမှာရေးထားတဲ့ သူ . . . ဘယ်သူလဲ [illegible]တို့ ဝင်ခွင့်မရမြို့တို့က ရေးပြီးသွားပြီလား။

– ဟုတ်ကဲ့ ရေးပြီးသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

■ တစ်လတစ်အုပ် ထွက်ပေးမှာပေါ့။

– ဟုတ်ကဲ့ ထွက်ပေးမှာပါ။

မနှင်းအိဖြူ – သနပ်ပင်မြို့။

■ အစ်ကို့စာအုပ်ကို သုံးအုပ်ပဲ ဖတ်ရသေးတယ်ရှင့်။ သုံးအုပ်ပဲထွက်ရသေးတာ ညီမ။

■ ဪ . . . အဲဒီထဲက အချစ်တောင်းခံလွှာကို အကြိုက်ဆုံးပါ။

– ကျေးဇူးပဲညီမရေ။

■ ညီမက တက္ကသိုလ်ဝင်တန်း ဖြေထားတဲ့သူပါ။

– ဟုတ်လား ညီမ။ ဖြေနိုင်လား။

■ ဟုတ်ကဲ့ ဖြေနိုင်ပါတယ်။

– ဂုဏ်ထူးတွေ အများကြီးထွက်ပါစေ။

■ အစ်ကိုလည်း ဒီထက်မက အောင်မြင်ပါစေ။

ဖူးဖူး – ရန်ကင်း။

■ အစ်ကို ခုနဆက်သေးတယ်။ ဪ . . . ခုနဆက်လိုက်တဲ့တစ်ယောက်လား။ ခွင့်လွှတ်ဗျာ။ ကျွန်တော် စာနယ်ဇင်းနဲ့ စကားပြောနေလို့။

■ မသိပါဘူး မပြောချင်လို့လားလို့။

– မဟုတ်ပါဘူးခင်ဗျာ။

■ ဒီနေ့ ဘာနေ့မလို့လဲအစ်ကို။ အခုလို ဖုန်းဆက်လို့ရတာ။

– ဪ . . . အဲဒါက ဒီလိုပါ။ ကျွန်တော့်စာအုပ်တိုက်ကို ဖုန်းဆက်ကြတယ်လေ။ 'သိုးဆောင်း' နဲ့ စကားပြောချင်လို့ဆိုပြီးတော့ အဲဒါနဲ့ အစီအစဉ်တစ်ခုလောက်လုပ်ပြီး ဖုန်းပြောပေးမယ်တိုင်ပင်ပြီးတော့ လုပ်လိုက်တာပါ။

ဓာဓာ – ပြည်မြို့။



■ တောင်ဥက္ကလာ၊ ဟီကားရိစာပေကပါ။

– ဟုတ်ကဲ့ ခင်ဗျာ။

■ ကျွန်မကတော့ ပရိသတ်မဟုတ်ပါဘူး။ ဆိုင်အနေနဲ့ ပြောချင်ပါတယ်။

– ဟုတ်ကဲ့ ပြောပါခင်ဗျာ။

■ လတိုင်းရေးပေးစေချင်တယ်လို့။ 'တာရာမင်းဝေ' ဆုံးပြီးကတည်းက လူနေရယ်၊ သိုးဆောင်းရယ်ပေါ့လေ အရမ်းငှားရတယ်။ ကျွန်မဆိုင်မှာ အရမ်းပေါက်တယ်ပေါ့။ အဲတော့ ဆိုင်အနေနဲ့ ပြောရရင် လတိုင်းရေးပေးစေချင်တယ်။

– ဟုတ်ကဲ့ စိတ်ချပါခင်ဗျာ။ ကျွန်တော် လတိုင်းရေးပေးပါ့မယ်။

မဝေလွင်

ဟီကားရိစာပေ၊ တောင်ဥက္ကလာ။

■ သမီးတို့ကျောင်းမှာ ဆရာ့နည်းလေးက တော်တော်ခေတ်စားနေတယ်။ အစကတော့ ဘာမှန်းမသိဘူး လျှောက်လွှာကြီးဆိုတော့ ဘာကြီးလဲလို့။ နောက်မှ သူငယ်ချင်းကပြောတယ် 'နင်မသိဘူးလား။ အဲဒါ သိုးဆောင်းစာအုပ်ထဲကဆိုလို့' ဖတ်ကြည့်ဖြစ်သွားတာ။ သစ္စာမဖောက်ကြေးစာချုပ်ကို ပိုကြိုက်တယ်။ သမီးသူငယ်ချင်းဆို သူ့ကောင်မလေးကိုတောင် စာချုပ်လှမ်းချုပ်လိုက်သေးတယ်ရှင့်။

မဟုတ်ပါဘူး ဆရာ့မှာ အမာခံပရိသတ်တွေရှိတယ်လို့ ပြောပြတာပါ။

မဇင်ဝင်းမော်

မုံရွာမြို့။



www.burmeseclassic.com

www.burmeseclassic.com

မသက်သက်နိုင်
သရဖီလမ်း၊ နှင်းဆီကုန်း၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်း။

သားငယ်
ဗန္ဓုလလမ်း၊ ဒဂုံမြောက်။

ကိုကျော်ဇေယျာဦး
အောင်မြေသာဇံ၊ မန္တလေးမြို့။

ကိုနက်ရှိုင်းခ
မကွေးခရိုင်၊ စာရင်းစစ်ရုံး၊ မကွေးမြို့။

ကိုညီညီဟန်
မြဝတီဘဏ်ခွဲ၊ မုံရွာ။

ကိုရန်နိုင်ဝင်း
ကံမမြို့၊ သရက်ခရိုင်၊ မကွေးတိုင်း။

မရီမာနွယ်
ပြည်သာယာမြောက်ပိုင်း၊ ၁ လမ်းနှင့် ၂ လမ်းကြား၊ မိတ္ထီလာမြို့။

ကိုကျော်သူအောင်
၇-ရပ်ကွက်၊ တောင်ဥက္ကလာ။

နှင်းဝသုန်စာပေ
အောင်နန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။



ကိုသီဟသိန်း
မြို့သစ် (၃)၊ နွားပွဲဈေးအနီး၊ မိတ္ထီလာ။

မချစ်စုရီလွင်
ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်။

မငြိမ်းငြိမ်းစံ
မြို့လယ်လမ်း၊ တိုက်ကြီး။

ကိုဇာနည်သိန်းကျော် (နေအရဏ်စာပေ)
နတ်မောက်လမ်း၊ မကွေးမြို့။

မဖြိုးဖြိုးအောင်
ချမ်းမြသာစည်၊ အောင်ပင်လယ်၊ မန္တလေးမြို့။

မလှဲ့ရည်ဝင်းမောင်
မန္တလေး။

မဝေဝေ
ပြည်ကြီးရန်လုံ၊ အောင်မြေသာဇံ၊ မန္တလေး။



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

နာမည်ပေး၍ လိပ်စာမပေးသူ၊ လိပ်စာပေး၍နာမည်မပေးသူ၊အမည်မဖော်လိုသူ၊ မေ(၁)ရက်နေ့ ဖုန်းဆက်မရ (၂)ရက်နေ့မှ ဖုန်းဆက်သူ၊PHONE MESSAGEဖြင့်စာပို့သူ၊အခက်အခဲအမျိုးမျိုးကြောင့်ကျွန်တော်နှင့်စကားမပြောလိုက်ရသူများ၊ဖုန်းပြောလိုက်ရသူများ၊နောက်ကျွန်တော်ကိုအားပေးကြသောအနယ်နယ်အရပ်ရပ်မှ "သိုးဆောင်း" ၏စာဖတ်ပရိတ်သတ်များအားလုံးကိုကျေးဇူးအထူးတင်ပါသည်၊

ပထမဆုံးမှနောက်ဆုံးပရိတ်သတ်များ အထိပြောစကားတို့အားစာမျက်နှာအခက်အခဲကြောင့်၎င်း၊စကားထပ်နေမှုတို့ကြောင့်၎င်း၊ခြုံငုံတင်ပြလိုက်ရခြင်းအပေါ် များစွာသမျောရပါသည်၊

ထို့အတွက်ကို ကျွန်တော့်အား နားလည်ခွင့်လွှတ်စိတ်ဖြင့်ဖတ်ရှုပေးကြပါဟုမေတ္တာရပ်ခံရင်း ......

ပရိတ်သတ်တို့၏ ချစ်မေတ္တာကိုမျှော်လင့်၍ တုံ့ပြန်ချစ်မေတ္တာများစွာဖြင့် — အသစ်အသစ်တွေကိုသာပရိတ်သတ်အတွက်ဆက်လက်မွေးထုတ်ပေးနေဦးမည်၊

"သိုးဆောင်း" မှလွဲ၍ကလောင်ခွဲ (လုံး၀) မရှိပါ၊

**သိုးဆောင်း**

www.burmeseclassic.com

www.burmeseclassic.com

"ဒေါက် . . . ဒေါက် . . . ဒေါက်"

တံခါးခေါက်နေခြင်းမဟုတ်ပါ။ ကျောက်သင်ပုန်းနှင့်ကျောက်တံထိခါထွက်လာသော အသံဖြစ်ပါသည်။ ထိပ်ပြောင်ပြောင်နှင့်လူကြီးတစ်ယောက်ဘေးတွင် ကောင်မလေးသုံးယောက် ဝိုင်းထိုင်နေပါ၏။

လူကြီးရှေ့တည့်တည့်မှ ကောင်မလေးက ဘေးမှအဖော်ကောင်မလေးကို ကပ်၍ပြောသည်။

"နင်တို့ပေဒင်ဆရာက စာအုပ်နဲ့သောပင် မကိုင်တတ်ဘူးနဲ့တူတယ်"

"အဟိ . . .ဟိ . . . ခစ် . . . ငံ"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးနှစ်ယောက်ဆီမှ ရယ်သံတွေ ထွက်လာသည်။ ထိုအချိန်မှာပင် . . .

"သမီးက သိုက်ဖွားနဲ့တူတယ် . . ."

"ရှင် . . . အသိုက်ကဖွားတာမဟုတ်ဘူးရှင့်။ ဗိုက်ကဖွားတာ"

"ဟော"

ထိပ်ပြောင်ပြောင်နှင့်ဗေဒင်ဆရာ ကြောင်သွားသည်။ ရှေ့မှ ကောင်မလေးအား ခပ်တည်တည်တစ်ချက်ကြည့်ပြီး ဆက်ဟောသည်။

"သမီးငယ်ငယ်က ချူချာပုံရတယ်"

"ရှင် . . . ချူချာ . . . ချူချာဆိုတာ ဘယ်သူလဲ။ ငယ်ငယ်တုန်းကတော့ ဘယ်သူ့ခေတ်ပုံမှ မကောက်ရပါဘူး"

"ဘာ"

ဗေဒင်ဆရာ မျက်လုံးပြူးသွားသည်။ နောက် အံကိုတစ်ချက်ကြိတ်ရင်း . . .

"ညည်းကျောင်းတက်တုံးလား"

"မဟုတ်ဘူး . . . အခုလောလောဆယ်က ဗေဒင်မေးတုံး"

ဗေဒင်ဆရာ ပေါက်ကွဲသွားသည်ထင်သည်။

"ညည်းတော်ရင် ကောင်းမယ်နော်"

"တော်ပါတယ် . . . သမီးက ငယ်ငယ်ကတည်းကတော်ပြီးသား။ ကျောင်းမှာဆိုလည်း အမြဲတမ်းအဆင့် (၁)။ အခုလည်း . . ."

"ညည်းတို့ထွက်သွားတော့ . . . ငါစိတ်မတိုခင် ထွက်သွားတော့။ မဟုတ်ရင် ငါ့ပညာကိုစော်ကားမှုနဲ့ တရားစွဲရလိမ့်မယ်"

"ပညာစော်ကားမှုဆိုတာ ရှိလို့လား"

"ဘာ . . ."

ဗေဒင်ဆရာ ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားသည်။ မျက်နှာကြီးရဲလာသည်။ နဖူးကြီးပင် နီလာပါ၏။

"အသရေဖျက်မှုဆိုတာရှိတယ်ကွ။ ညည်းတို့ကို အသရေဖျက်မှု



နဲ့တရားစွဲလို့ရတယ်"

"သမီးတို့ ဘယ်သူ့သားရေကိုမှ မဖျက်ပါဘူး။ ဒီမှာကြည့်ပါလား . . . ဝင်းဝင်းလေး"

ဟုဆို၍ ဗေဒင်ဆရာရှေ့မှကောင်မလေးက ဘေးမှကောင်မလေးလက်ကို ကိုင်မြှောက်ရင်းပြောသည်။

"တော် . . ."

အသံတော်တော်ကျယ်သွားပါသည်။ ကောင်မလေးအုပ်စုလည်း လန့်ဖျပ်ကာ ထပြေးကြလေတော့သည်။

အတော်ဝေးဝေးရောက်ပါမှ . . .

"အလကားပါဟာ . . . လောကမှာ ဘုရားသခင်ကလွဲပြီး ဘယ်သူမှ အနာဂတ်ကိုကြိုမသိဘူး။ ဒီလိုတွက်တိုင်းသာ လူတိုင်းရဲ့ အနာဂတ်ကို ကြိုသိနေမယ်ဆိုရင် လောကကြီးက ဘယ်မှာလာအဓိပ္ပာယ်ရှိတော့မှာလဲ"

တကယ်တော့ အနာဂတ်ကိုကြိုသိအောင် ကြိုးစားနေသူတွေဟာလည်း လောကကြီးကို အဓိပ္ပာယ်မဲ့အောင် ဖန်တီးနေတဲ့လူတွေပါ"

ရှုပါလင်း



www.burmeseclassic.com

www.burmeseclassic.com

"အို . . . ကောင်းကင်ဘုံ . . .

ကျွန်ုပ်အား ကောင်းချီးပေးပါလော့"

ကျွန်ုပ်၏ အတွေး၊ အကြံ၊ အလုပ်များ သန့်ရှင်းစင်ကြယ်ခြင်းကို ပေးပါလော့။ ကျွန်ုပ်အား ဦးဆောင်ပါလော့။ ကောင်းကင်ဘုံ၏ အသိဉာဏ်ကိုပေးပါလော့။

ကောင်းကင်ဘုံကဆောင်ရွက်ပေးပါလျှင် မဖြစ်နိုင်သောအရာဟူ၍မရှိကြောင်း ကျွန်ုပ်ကောင်းစွာယုံကြည်ပါသည်။

ကျွန်ုပ်၏တစ်ကိုယ်လုံးတွင် မေတ္တာစာတ်များ၊ ကရုဏာစာတ်များ ဖြည့်ပေးပါလော့။

ကျွန်ုပ်နှင့်တွေ့ကြုံရသော လူအပေါင်းတို့အား ကူညီခွင့်ပေးပါလော့။



စိတ်မှန်သော စွမ်းရည်၊ အသိဉာဏ်၊ မေတ္တာဓာတ်တို့ ကျွန်ုပ်၏ ဝိညာဉ်၌ ပေးသနားပါလော့။

ကျွန်ုပ်သည် ကောင်းကင်ဘုံအား ရိုးသားစွာယုံကြည်ပါသည်။ မြေပြင်ပေါ်မှ ကျွန်ုပ်နှင့်စပ်သမျှသော သူအားလုံးအား ကောင်းကင်ဘုံ၏ အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း။

ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပါသည် . . . ကောင်းကင်ဘုံ၊ ယခုဟောပြောသမျှ မှန်ကန်၍ ဆောင်ရွက်သမျှ အောင်မြင်ရပါစေသတည်း။

ဖြိုးခေတ်



www.burmeseclassic.com

# I

ဖြိုးခေတ်ကျောင်းထဲသို့ ခပ်သုတ်သုတ် ဝင်လာနေသည်။ ဒီနေ့ တစ်နေ့လုံး အလုပ်မဖြစ်သေး။ ထို့ကြောင့် ဘူကာ ကျောင်းထဲသို့ ဝင်လာခဲ့ခြင်းဖြစ်သည်။ သူ၏ဦးတည်ရာက သူတို့သူငယ်ချင်းများ စုဝေးရာ ကန်တင်းဆီသို့ . . .

"ကိုဖြိုးခေတ် . . . ကိုဖြိုးခေတ် . . ."

တစ်နေရာမှ သူ့နာမည်ကို လှမ်းခေါ်လိုက်သံကြောင့် ဖြိုးခေတ် ခြေလှမ်းတို့ကို ရပ်လိုက်သည်။ ပြီး အသံလာရာဆီ လှမ်းကြည့်မိတော့ ကျောင်းသားတစ်ယောက်။

သူ့ဆီသို့ အပြေးတစ်ပိုင်းဖြင့် လာနေပါ၏။ သူနားရောက်ရောက်ချင်းပင် ထိုကျောင်းသားက . . .

"ရှာလိုက်ရတာဗျာ . . . တစ်မနက်လုံး ရှာနေတာနဲ့နေတာပဲ။ ကန်တင်းတွေမှာ မနက်ပိုင်းရှိတတ်တယ်ဆိုလို့ ကျွန်တော်ကျောင်းကို ရောက်လာကတည်းက ကန်တင်းတွေကို လိုက်ကြည့်နေတာ။ အခုမှ တွေ့တော့တယ်"



www.burmeseclassic.com

ထိုကျောင်းသားကို သူမမြင်ဖူး။ ဒါပေမယ့် သူ့အသိမိတ်ဆွေတွေထဲက တစ်ယောက်ယောက်တော့ ဖြစ်လိမ့်မည်။ ဒါမှမဟုတ် သူ့အသိမိတ်ဆွေထဲက တစ်ယောက်ယောက်နှင့်တော့ ပတ်သက်နေလိမ့်မည်။

လူမှုရေးအရ ဖြိုးခေတ်ပြုံးပြလိုက်ပါ၏။ ယောင်လည်လည်ဖြစ်နေသော ဖြိုးခေတ်ပုံစံကို ထိုကျောင်းသားက သဘောပေါက်သည်ထင်သည်။

"ကိုဖြိုးခေတ် ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်။ ကျွန်တော့်နာမည် မိုးလွင်လေ။ ကျော်မြင့်နဲ့အစ်ကို့ဆီ တစ်ခါလာဖူးတယ်"

ကျော်မြင့်ဆို၍ ဖြိုးခေတ်သတိရသွားသည်။ သူ့ဆီမှ ကဗျာတစ်ပုဒ်တောင်းသွားသည့် သူငယ်ချင်း။ ဖြိုးခေတ်မှတ်ဉာဏ်ထဲတွင် ထိုမိုးလွင်ဆိုသော ကျောင်းသားပုံစံက ရေးရေးလေးပေါ်လာပါ၏။

"ဟာ . . .အေး . . . ဆောရီးကွာ။ အစ်ကို့မှတ်ဉာဏ် အားနည်းသွားတယ်။ ဒါနဲ့ကျော်မြင့်ရော၊ သူ့ကောင်မလေးနဲ့ အဆင်ပြေရဲ့လား"

ဖြိုးခေတ်အမေးကို ထိုကျောင်းသားက ဝမ်းသာအားရပင် ပြန်ဖြေပါ၏။

"ဟာ . . . အိုကေတယ်အစ်ကို . . . အားလုံးအဆင်ပြေတယ်။ အခုသူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီ"

ဖြိုးခေတ် ပြုံးမိပါသည်။ တစ်ဆက်တည်းပင် ကျော်မြင့် သူ့ဆီကယူသွားသော ကဗျာကိုလည်း သတိရမိသည်။

ထိုစဉ်က ဖြိုးခေတ်အလုပ်အားနေပါ၏။ စောစောစီးစီးပင် အလုပ်တို့ပြတ်သွားသောကြောင့် ကန်တင်း၌တစ်ယောက်တည်း ထိုင်နေစဉ် ကျောင်းသားနှစ်ယောက် ရောက်လာပါ၏။

ထိုနှစ်ယောက်က ကျော်မြင့်နှင့်ယခု သူ့ရှေ့မှကျောင်းသား။

• • •



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . ဖြိုးခေတ် ငါ့ကိုကူညီပါဦးကွာ။ ငါအရမ်း အရေးကြီးနေလို့"

ရောက်မဆိုက်ပြောလိုက်သော ကျော်မြင့်စကားကြောင့် သူပင် ကြောင်သွားသည်။

"ဘာ . . .ဘာဖြစ်လို့လဲ"

သူ၏အမေးကို ကျော်မြင့်က ချက်ချင်းအဖြေမပေး၊ လင်းဒဝမ်းချုပ်သလိုရုပ်ဖြင့် ဆက်ပြောသည်။

"ငါတော့ သွားပြီနဲ့တူပါတယ်ကွာ"

အသံက တော်တော်သနားဖို့ကောင်းသည်။ ဖြိုးခေတ်ပင် ဘာမှန်းညာမှန်းမသိ၊ ဝမ်းနည်းသွားရပါ၏။ ပြီးဘာဖြစ်တာလဲဟူသော သဘောဖြင့် ဘေးမှကျောင်းသားကိုမေးဆတ်ပြတော့ ဘေးမှကျောင်းသားက သူလည်းမသိကြောင်း ခေါင်းရမ်းပြသည်။ ထိုအခါမှ ကျော်မြင့်က နှာခေါင်းကို တစ်ချက်ရှုံ့လိုက်ရင်း . . .

"ဒီလိုကွ . . . ငါကြိုက်နေတဲ့ ကောင်မလေးကတရားသမား၊ အဲဒါဟိုတစ်နေ့က ငါလိုက်ပြောတော့ ငါ့ကို ဘုရားအကြောင်း၊ တရားအကြောင်းနဲ့ပတ်သက်တဲ့ ကဗျာတစ်ပုဒ်ရွတ်ပြတဲ့။ အဲဒါငါလည်း ဘာလုပ်ရမှန်းမသိတာနဲ့ မနက်ဖြန်ကျရင် ရွတ်ပြမယ်လို့ ပြောလိုက်မိတယ်ကွာ။ အဲဒါ တအောင့်နေရင် ကောင်မလေးကျောင်းကိုလာတော့မှာ ငါ့ကိုကူညီစမ်းပါဦးကွာ။ မင်းမှမကူညီရင် ငါ့ဘဝကသွားပြီ"

ကျော်မြင့်၏ဖြစ်ပျက်သွားသောပုံစံကြောင့် သူတော်တော်သနားသွားသည်။ နောက် သူကဗျာတစ်ပုဒ်ကို စဉ်းစားလိုက်ပါ၏။

"ဘုရား၊ တရားနဲ့ပတ်သက်တဲ့ ကဗျာတော့မဟုတ်ဘူးကွ။ ဒါပေမယ့် အဲဒီသဘောနဲ့ နည်းနည်းဆင်တဲ့ကဗျာတော့ ငါ့မှာရှိတယ်။ မင်းလိုချင်ရင် ကူးသွားချေ"

သူ့စကားကြောင့် ကျော်မြင့်မှာ ထခုန်မတတ်ပင် ဝမ်းသာသွားပါ၏။



"ကူ . . . ကူမယ်ကွာ . . . ဘာပဲဖြစ်ဖြစ် ကဗျာရဖို့အရေးကြီးတယ်"

"အေး . . . အဲဒါဆို မင်းလိုက်ကူး . . . ကဗျာကို ငါရွတ်ပြမယ်"

ထို့နောက် ဖြိုးခေတ် ကဗျာတစ်ပုဒ်ကို ရွတ်ပြလိုက်သည်။ ကဗျာမှာအောက်ပါအတိုင်း ဖြစ်ပါ၏။

I am rich
And I Shall die;
You are poor
And you will die.

မြန်မာလို

ကျွန်တော်ချမ်းသာသည်၊ ကျွန်တော်တစ်နေ့သေရမည်။
သင်ဆင်းရဲသည်၊ သင်လည်း တစ်နေ့သေဆုံးရမည်။

"အဲဒါကို သံဝေဂကဗျာလို့ခေါ်တယ်။ အနောက်အမေရိကဘက်ကလာတဲ့ ကဗျာတစ်ပုဒ်ပဲ"

ကျော်မြင့်ရေးထားသော စာရွက်ကိုကြည့်၍ ပါးစပ်မှတွတ်တွတ်တွတ်တွတ် ရွတ်သည်။ ပြီးအလွတ်ရတော့မှ . . .

"ကျေးဇူးပဲ သူငယ်ချင်းရာ၊ မင်းကျေးဇူးကို ငါမမေ့ပါဘူး"

နောက် တစ်ဝိုင်းလုံးကိုပိုက်ဆံရှင်း၍ ထွက်သွားသည်။

နောက်ပိုင်းတော့ သူကျော်မြင့်ကိုမတွေ့မိတော့ . . .

အခုကျော်မြင့်တို့နှစ်ယောက် အဆင်ပြေသွားပြီလို့ သတင်းရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ အခု ညီလေးလာတာက . . ."

"အာ . . . ကျွန်တော်လည်း အစ်ကို့အကူအညီကိုလိုအပ်နေလို့ လိုက်ရှာနေတာ။ ကျွန်တော့်ကိုလည်း ကူညီပါဦးဗျာ . . . အစ်ကို ကူညီရင် ဖြစ်မှာပါ"

ဖြိုးခေတ် နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ ဒါနဲ့ . . .

"ဆိုပါဦးကွာ . . . အစ်ကို ဘာကူညီရမှာလဲ"

ဖြိုးခေတ်၏အမေးကြောင့် ကောင်လေးက ဘေးဘီကိုတစ်ချက်ကြည့်သည်။ ပြီး . . .

"မတ်တတ်ကြီးရပ်ပြောရတာမကောင်းဘူးဗျ။ ကျွန်တော်တို့ ဟိုနားကခုံမှာ သွားထိုင်ပြီးပြောရအောင် . . . လာပါ"

သို့နှင့် ထိုကောင်လေးခေါ်ရာနောက်သို့ ဖြိုးခေတ်ပါသွားရသည်။ ထိုင်ခုံမှာ နှစ်ယောက်သားထိုင်ပြီးတော့မှ ထိုကောင်လေးက စတင်၍ ပြောသည်။

"ဒီလိုအစ်ကို ကျွန်တော့်အဖြစ်က ကျော်မြင့်နဲ့ နည်းနည်းတော့ဆင်တယ်။ ဒါပေမယ့် ကျော်မြင့်ထက်ပိုခက်တယ်။ ဒါနဲ့စကားမစပ် အစ်ကိုတိရစ္ဆာန်စကားတတ်လား"

"ဟေ . . ."

ဖြိုးခေတ် ကြောင်သွားရသည်။

"ဟာ . . . ဘယ်လိုလုပ် တတ်မှာလဲကွ။ ငါက တိရစ္ဆာန်မှ မဟုတ်တာ"

ဖြိုးခေတ် စကားကြောင့် ကောင်လေးမျက်နှာ ငယ်သွားသည်။

"ဒါဆိုရင်တော့ သွားပါပြီဗျာ။ အစ်ကိုလည်း ကျွန်တော့်အခက်အခဲကို ကူညီနိုင်မယ် မထင်ပါဘူး"

ဖြိုးခေတ် ထပ်ဆွံ့အသွားရပြန်သည်။

"ဟေ . . . မင်းအခက်အခဲက တိရစ္ဆာန်စကားတတ်မှ ရမှာလား"



"ဟုတ်တယ်အစ်ကို တိရစ္ဆာန်စကားတတ်မှကို ဖြစ်မှာ"

ဖြိုးခေတ် တော်တော်စိတ်ဝင်စားသွားသည်။ ထို့ကြောင့် . . .

"ဆိုစမ်းပါဦးကွာ . . . မင်းအခက်အခဲ၊ ကူညီလို့ရရင်လည်း ရမှာပေါ့"

သူ့စကားကို ကောင်လေးကခေါင်းရမ်းသည်။ ပြီးစိတ်ပျက်အားငယ်သောမျက်နှာလေးဖြင့် အဝေးတစ်နေရာသို့ငေးရင်း . . .

"ဖြစ်မယ်တော့မထင်ပါဘူးဗျာ။ ဒါပေမယ့် ကျွန်တော်ပြောပြပါ့မယ်။ ဒီလိုပါ ကျွန်တော်ကောင်မလေး တစ်ယောက်ကိုလိုက်နေတယ်။ ဒီကျောင်းကတော့မဟုတ်ဘူး စီးပွားရေးက။ လိုက်နေတာတော့ကြာပါပြီ။ ကျွန်တော်နဲ့လည်း အိမ်နီးချင်း၊ နာမည်က 'မြတ်နိုးပွင့်' တဲ့။ ဒါပေမယ့် အဲဒီကောင်မလေးက ပေါက်ပေါက်ရှာရှာ အရမ်းနိုင်တယ်ဗျာ"

ဖြိုးခေတ်ခေါင်းထဲသို့ စဉ်းစားစရာတွေ ထိလာပါ၏။ သူဒါမျိုးကို အရမ်းစိတ်ဝင်စားသည်။

"ဘယ်လို ပေါက်ပေါက်ရှာရှာနိုင်တာလဲ"

"ကျွန်တော့်ကို တိရစ္ဆာန်လို ရည်းစားစကား ပြောခိုင်းလို့ဗျာ"

"ဟေ . . ."

ဖြိုးခေတ် တော်တော်အံ့သြသွားသည်။

"ဟုတ်တယ်အစ်ကို . . . တိရစ္ဆာန်လို ရည်းစားစကားပြောနိုင်မှလက်ခံမယ်တဲ့။ အဲဒါဗျာ . . ."

ထိုကောင်လေး စကားပင်ဆက်မပြောနိုင်တော့ပါ။ ချက်ချင်းပင်မျက်ရည်တို့ ဝဲတက်လာပါ၏။ ဖြိုးခေတ်လည်း ထိုကောင်လေးကိုကြည့်၍ စိတ်မကောင်းဖြစ်သွားသည်။ ထိုကောင်လေးကတော့ ခြေကုန်လက်ပမ်းကျသွားသော ရေနစ်သူတစ်ယောက်လို မလှုပ်မယှက်ငြိမ်သက်ကာသွားပါ၏။

ဖြိုးခေတ်ပြုံးလိုက်သည်။

"မင်း အခက်အခဲကို အစ်ကိုကူညီနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို . . ."

ဝှန်းခနဲပင် မျှော်လင့်ချက်တို့ပြည့်နေသော မျက်နှာတစ်ခု သူ့ဆီသို့လှည့်လာပါသည်။

"အ . . . အစ်ကို . . . တကယ်ပြောတာလား"

ဖြိုးခေတ် ခေါင်းညိတ်ပြလိုက်၏။ ပြီး . . .

"မင်း . . . မင်းကောင်မလေးကို ကျီးကန်းတွေအော်သလို (အား . . . အား) လို့ အော်ပြရမယ်"

"ဗျာ . . . ကျီးကန်းတွေအော်သလို (အား . . . အား) လို့အော်ပြရမယ်"

"အေး . . . ဟုတ်တယ်၊ အဲဒါ ကျီးကန်းလို ရည်းစားစကားပြောတာပဲ"

"ဗျာ . . ."

ထိုကောင်လေးမှာ ဆွံ့အသွားသည်။ ပြီးမယုံသလိုဖြင့် ဖြိုးခေတ်ကို ကြည့်နေပါ၏။

"ဘာလဲ . . . မင်းမယုံဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်တော်နားမလည်လို့"

"အေး . . . မင်းနားမလည်သလို မင်းကောင်မလေးကလည်း နားလည်မှာမဟုတ်ဘူး။ ဘာအဓိပ္ပာယ်လဲလို့ မေးကိုမေးလိမ့်မယ်။ အဲဒီကျရင်မင်းက . . . 'ကိုယ်က တောကျီးကန်းပါ' ဆိုတဲ့စကားတစ်ခွန်း ထပ်ပြောရမယ်"

"အဲဒါ . . . ဘာအဓိပ္ပာယ်လဲ . . ."

"အေး . . . အဲလိုပဲမေးမှာပဲ . . . အဲဒီတော့မှ မင်းကသူ့ကို ပုံပြင်တစ်ပုဒ်ပြောပြ"

"ဘယ်လိုပုံပြင်လဲ . . ."

"တောကျီးကန်းနဲ့ မြို့ကျီးကန်းပုံပြင် . . . မင်းကြားဖူးလား"

"ဟင့်အင်း . . . မကြားဖူးဘူး"



"မကြားဖူးရင် နားထောင်၊ ပုံပြင်ကဒီလို . . ."

ဟုဆို၍ ဖြိုးခေတ် ပုံပြင်တစ်ပုဒ် ပြောပြလိုက်သည်။

"တစ်ခါတုန်းက တောမှနေတဲ့ကျီးကန်းရယ်၊ မြို့မှာနေတဲ့ ကျီးကန်းရယ်ဆိုပြီး ကျီးကန်းနှစ်ကောင်ရှိကြတယ်တဲ့။ တောမှာနေတဲ့ ကျီးကန်းက တောမှာရှာဖွေစားသောက်ရတာ ကျပ်တည်းလို့ဆိုပြီး မြို့တက်လာ၊ မြို့မှာနေတဲ့ကျီးကန်းကလည်း မြို့မှာရှာဖွေစားသောက်ရတာ ကျပ်တည်းလို့ဆိုပြီး တောကိုဆင်းလာ၊ ဒါနဲ့ ကျီးကန်းနှစ်ကောင်က လမ်းခုလပ်မှာရှိတဲ့ ညောင်ပင်ကြီးတစ်ပင်မှာ ဆုံတွေ့ကြတယ်တဲ့"

ဖြိုးခေတ်စကားကိုခဏရပ်၍ ကောင်လေးကို ရှိုးလိုက်သည်။ ကောင်လေးမှာ စိတ်ဝင်တစားနားထောင်နေပါ၏။

"အဲဒီညောင်ပင်ကြီးပေါ်မှာ ကျီးကန်းမတစ်ကောင်လည်း ရှိနေတယ်။ ပြီးတော့ ညောင်ပင်ကြီးရဲ့မလှမ်းမကမ်းမှာ အကြော်ရောင်းတဲ့ အကြော်တဲတစ်တဲလည်း ရှိနေတယ်တဲ့။ အဲ့ဒီတောကျီးကန်းနဲ့ မြို့ကျီးကန်းဟာ ညောင်ပင်ကြီးပေါ်မှာနားနေတဲ့ ကျီးကန်းမကို မြင်မြင်ချင်းပဲ နှစ်ကောင်စလုံးချစ်မိသွားကြတယ်။ ဒါနဲ့ သူတို့နှစ်ကောင်ဟာ ကျီးကန်းမကို ပြိုင်တူချစ်ရေးဆိုကြတော့ ကျီးကန်းမကပြောတယ်၊ ဟိုမှာ လှမ်းမြင်နေရတဲ့အကြော်တဲက အကြော်တစ်ခုကို သူမစားဖို့အတွက် ယူပေးနိုင်တဲ့သူကို ချစ်သူအဖြစ် ရွေးချယ်မယ်လို့ ပြောလိုက်တယ်"

"ဟာ . . . ဇာတ်ရှိန်တက်လာပြီ . . ."

ထိုကောင်လေးက ဆိုသည်။ ဖြိုးခေတ်ခေါင်းညိတ်ပြရင်း ပုံပြင်ကို ဆက်ပြောပါ၏။

"အဲဒီမှာတင် တောကျီးကန်းက အရင်ဆုံးသွားပြီးချီတာပေါ့။ တောကျီးကန်းဆိုတော့ သိတယ်မလားကွာ။ 'အ' တော့ အကြော်ကို ဒီအတိုင်း နှုတ်သီးနဲ့သွားချီတော့ အကြော်ကြော်နေတဲ့မိန်းမကြီးက ယောက်မနဲ့ နှုတ်သီးကိုခုတ်လွှတ်လိုက်တယ်"

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီမှာတင် တောကျီးကန်းလည်း 'အား . . . အား' လို့အော်ပြီး ပျံပြေးတာပေါ့။ ဒါပေမယ့် မြို့ကျီးကန်းအလှည့်ရောက်လာတော့ မြို့ကျီးကန်းကလည်တယ်လေ။ သူက တောကျီးကန်းလို အကြော်ကို ဒီအတိုင်းသွားမနှိုက်ဘူး။ အရင်ဆုံး အကြော်ကြော်နေတဲ့ မိန်းမကြီးရဲ့ မနီးမဝေးကလက်နှီးစုတ်ကို အရင်ချီပြေးပြီး တော်တော်လှမ်းလှမ်းမှာ သွားချထားလိုက်တယ်။ ပြီးသူက ညောင်ပင်ပေါ် ပြန်ပြီးစောင့်နေတယ်။ မကြာပါဘူး၊ အကြော်ကြော်နေတဲ့ မိန်းမကြီးလည်း အကြော်အိုးချခါနီးလည်း ကျရော လက်နှီးစုတ်မရှိလို့ ခုန ကျီးကန်းချီပြီးချထားတဲ့လက်နှီးစုတ်ကို သွားယူရရော။ အဲဒီတော့မှ မြို့ကျီးကန်းက အကြော်ဗန်းထဲက အကြော်တစ်ခုကိုသွားချီပြီး ကျီးကန်းမကိုကျွေးတယ်တဲ့။ ပုံပြင်ကတော့ အဲဒီမှာပဲ ဆုံးသွားပြီ။ ဒါပေမယ့် ကျီးကန်းမက ကျီးကန်းနှစ်ကောင်ထဲက ဘယ်ကျီးကန်းကို ချစ်သူအဖြစ် ရွေးချယ်လိုက်တယ်ထင်လဲ"

ဖြိုးခေတ်၏အမေးကို ထိုကောင်လေးက မဆိုင်းမတွပင် ဖြေလိုက်သည်။

"မြို့ကျီးကန်းကိုပဲ ရွေးချယ်လိုက်မှာပေါ့"

ဖြိုးခေတ် နှစ်လိုဖွယ်ရာတစ်ချက်ပြုံး၍ ခေါင်းရမ်းပြလိုက်ပါသည်။

"မဟုတ်ဘူး . . . တောကျီးကန်းကို ရွေးချယ်သွားတာ"

ကောင်လေးမျက်လုံးပြူးသွားသည်။

"ဘာဖြစ်လို့ ရွေးချယ်လိုက်တာလဲ ဆိုတဲ့မေးခွန်းနှစ်ခုအတွက် အဖြေနှစ်ခုရှိတယ်။ ပထမတစ်ခုက မြို့ကျီးကန်းထက်အရင် အကြော်ကိုသွားယူလို့။ ဦးစားပေးအလေးထားတယ်ဆိုတဲ့သဘောပေါ့။ နောက်တစ်ချက်က နှုတ်သီးကို ယောက်မနဲ့အခုတ်ခံရတဲ့အထိ အနာခံပြီးအကြော်ကိုယူပေးလို့ သေရင်သေသွားပါစေ မင်းအတွက်ဆို အဆင်သင့်ပဲဆိုတဲ့သဘောပေါ့။

အဲဒါကြောင့်မို့လို့ မင်းကိုတောကျီးကန်းလို 'အား . . . အား' လို့အော်နိုင်းရတဲ့အဓိပ္ပာယ်က မင်းကို ကိုယ်ဦးစားပေးအလေးထားပြီး



မင်းအတွက်ဆို အသက်သေသည်အထိ ချစ်ပြမယ်ဆိုတဲ့ သဘောပဲ . . ဟုတ်ပြီလား"

ဖြိုးခေတ်စကားဆုံးတော့ ကောင်လေးမှာ လုံးဝတက်ကြွသွားပါ၏။

"ဟာ . . . ရေလည်မိုက်တယ်အစ်ကို . . . ဟုတ်တယ် ကျွန်တော့်ကောင်မလေးကို (အား . . . အား)လို့ပဲ ပြောရမယ်"

ထို့နောက်တော့ ကောင်လေးမှာ ဖြိုးခေတ်အားကျေးဇူး အထပ်ထပ်တင်၍ သူ့ကောင်မလေး အလာကိုစောင့်ရန်အတွက် ထွက်သွားပါတော့သည်။

တစ်ယောက်တည်းကျန်ခဲ့သော ဖြိုးခေတ်သည်လည်း ပေါက်ပေါက်ရှာရှာနိုင်သော မြတ်နိုးပွင့်ဆိုသည့်ကောင်မလေးနာမည်အား ဘာရယ်မဟုတ်စိတ်ထဲမှ တိုးတိုးရေရွတ်ရင်းဖြင့် . . .

သူငယ်ချင်းများစုဝေးရာ ကန်တင်းဆီသို့ ခပ်သွက်သွက်ထွက်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## II

ကျောင်းမှပြန်ရောက်၍ ထမင်းစားနေသော ရူပါ့ကို ပန်းကန်ဆေးနေသောမေမေက မေးသည်။

"သမီး . . . ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်မေမေ၊ သမီးက ကျောင်းသူအသစ်ဆိုပေမယ့် ကျောင်းတက်ရတာ မစိမ်းပါဘူး။ တက္ကသိုလ်ဆိုတာကတော့ နေရာဒေသအခေါ်အဝေါ်တွေ ပြောင်းသွားပေမယ့် အားလုံးအတူတူချည်းပါပဲ မေမေရာ။ ပျော်ဖို့ကောင်းပါတယ်။ အခုဆို သမီး သူငယ်ချင်းအသစ်တွေတောင်ရနေပြီ"

"အေး . . .အေး . . . ကောင်းတယ်သမီး"

ထို့နောက်တော့ မေမေက သူ့အလုပ်သူဆက်လုပ်သည်။ ရူပါလည်း သူ့ထမင်းသူဆက်စားသည်။ ထမင်းစားနေရင်းမှ ဒီနေ့ဗေဒင်သွားမေးခဲ့သောအဖြစ်အပျက်ကို သတိရမိပြီး ပြုံးမိပါ၏။ ဗေဒင်ဆရာ၏ နေလောင်ခရမ်းသီးတစ်လုံးလို ရှုံ့တွမည်းပြာသွားသော မျက်နှာကြီးကိုလည်း ပြန်လည်မြင်ယောင်မိသည်။



နွဲ့ . . ."

စိတ်မထိန်းနိုင်ဘဲ နွဲ့ခနဲ ထွက်သွားသောရယ်သံကြောင့် မေမေက လှည့်ကြည့်သည်။ ရူပါ မျက်နှာကိုကမန်းကတန်းတည်လိုက်ရင်း ဟန်ဆောင်ပန်ဆောင်ထမင်းဆက်စားစဉ်မှာပင် မေမေကတစ်ခုခုကို သတိရလိုက်သလိုဖြင့် . . .

"ဩော် . . . သမီး တခအောင့်နေကျရင် မေမေတို့ ဒီကိုပြောင်းလာတုန်းက အစစအရာရာအကူအညီပေးခဲ့တဲ့ မေမေ့ငယ်သူငယ်ချင်းတစ်ယောက်လာလိမ့်မယ်။ သူနဲ့ဗေဒင်သွားမေးစရာရှိလို့ သမီးလိုက်ဦးမလား . . ."

"ဟင် . . . ဗေဒင်"

ဗေဒင်ဆိုသည်နှင့်ပင် သူမနှလုံးသွေးတို့ ဆူပွက်သွားသည်။

"အာ . . . မေမေတို့က ဘာကိစ္စရှိလို့ ဗေဒင်သွားမေးမှာလဲ"

"ကိစ္စတော့ ထွေထွေထူးထူးမရှိပါဘူးသမီးရယ်။ ဒီအိမ်ဝယ်ထားတာလည်း မကြာသေးဘူးဆိုတော့ အခိုက်တွေဘာတွေရှိမရှိ သွားကြည့်ထားချင်လို့။ ယတြာတွေ ဘာတွေချေစရာရှိရင်လည်း တစ်ခါတည်းချေလာခဲ့လို့ရအောင်။ ဒီအိမ်ဝယ်ပြီးမှ ဗေဒင်တစ်ခါမှ မမေးရသေးဘူးလေ"

မေမေ့စကားကြောင့် ရူပါနှာခေါင်းရှုံ့သွားမိသည်။

"မေမေတို့က အဲ့ဒီရှေးအယူတွေကို တော်တော်ယုံတာပဲ၊ ခိုက်တာတွေ၊ ဘာတွေဆိုတာလည်း အဲဒီဗေဒင်ဆရာတွေပဲပြောတာ။ ဗေဒင်သွားမမေးဘဲနေ ခိုက်တယ်ဆိုတာ သိလည်းမသိဘူး၊ ရှိလည်း မရှိဘူး။ ဗေဒင်သွားမေးလို့ကတော့ မေးတဲ့အချိန်ကစပြီး ခိုက်တယ်ဆိုတဲ့စကားကြားရပြီသာမှတ်။ ခိုက်ချင်းခိုက် ကျန်တာတွေကတော့ ခိုက်မှာမဟုတ်ဘူး ဗေဒင်ဆရာကပဲ ခိုက်လိမ့်မယ်။ အခု သွားမေးကတည်းက မေမေ့အိတ်ထဲကပိုက်ဆံ အရင်အခိုက်ခံရပြီ"

"တော်စမ်း . . . ရူပါ၊ ညည်းမသိဘဲနဲ့ လျှောက်မပြောနေနဲ့။



www.burmeseclassic.com

www.burmeseclassic.com

လောကမှာ ညည်းမသိ၊ မမြင်တာတွေအများကြီး။ ညည်းဘာသာလိုက်ချင်လိုက်၊ မလိုက်ချင်နေ ကျုပ်ကတော့သွားမှာပဲ"

ပြောပြီး သူမကိုမျက်စောင်းတစ်ချက်ထိုးကာ မေမေထွက်သွားလေသည်။ မကြာပါ အိမ်ရှေ့မှကားသံကြားရ၍ အမျိုးသမီးတစ်ယောက်အသံကိုပါကြားရသည်။

ပြီးနောက် တစ်အိမ်လုံးတိတ်ဆိတ်သွားလေသည်။

မေမေတို့သွားကြပြီ။

အိမ်မှာကျန်ခဲ့တာက သူမနှင့်အဘိုး နှစ်ယောက်တည်း။ အဘိုးကတော့ စာကြည့်ခန်းထဲတွင် စာဖတ်နေမည်ထင်သည်။ သူမကတော့ ဧည့်ခန်းထဲတွင် တီဗွီထိုင်ကြည့်နေလိုက်ပါ၏။

သိပ်မကြာလိုက်။ နောက်တစ်နာရီလောက်အကြာတွင် ဆူဆူဆူဆူနှင့်ပြန်ဝင်လာသည်။ ထင်သည့်အတိုင်းပင် ဖေဖေ၊ မေမေနှင့် မေမေတို့အရွယ် ရုပ်ချောချော၊ အန်တီတစ်ယောက်။ သူမကတော့ ဧည့်ခန်းတွင်သာ နေမြဲအတိုင်း တီဗွီထိုင်ကြည့်နေလိုက်သည်။

မေမေတို့သုံးယောက်ကတော့ စကားတွေဖောင်ဖွဲ့ကာ မကြာခင် ဧည့်သည်ပြန်သွားသည်။ ပြန်ခါနီးလေးတွင် ထိုအန်တီက သူမကိုစူးစမ်းကြည့်တစ်ချက်ကြည့်သည်။ သူမကလည်းပြန်အကြည့် အကြည့်ချင်းဆုံသွားသည်တွင် ထိုအန်တီက ဖော်ရွေစွာ တစ်ချက်ပြုံးပြပါ၏။

ထို့ကြောင့် သူမလည်း အားနာစွာပြန်ပြုံးပြလိုက်ရသည်။

ဧည့်သည်ပြန်သွားတော့ မြန်မာတွေ၏ထုံးစံအတိုင်း ဖေဖေနှင့်မေမေ အတင်းတုတ်တော့သည်။

"အေးကွာ . . . သူတို့မိသားစုအရေး ကြားရတာလည်း စိတ်မကောင်းပါဘူး။ ကိုယ်တို့ပြောင်းလာစတုန်းကတော့ ကိုကျော်မောင့်ရုံးခန်းမှာ တစ်ခါဆုံဖူးတယ်ကွ။ သန့်သန့်ပြန့်ပြန့်နဲ့ ထက်ထက်မြက်မြက် ရှိမယ်ပုံပါပဲ။ ဒါပေမယ့် လူငယ်ဆိုတော့လည်းကွာ၊ ခက်သားလား"

"ကိုကျော်မောင်ကတော့ သူ့ခြေရာမနင်းတဲ့အတွက် တော်တော်



ဒေါသထွက်နေမှာပဲ"

မေမေတို့ ဘာတွေပြောနေမှန်း သူမ မသိပါ၊ နားလည်းမထောင်ပါ။ ဒါပေမယ့် သူမ ဧည့်ခန်းထဲတွင် တီဗွီကြည့်နေသလို မေမေတို့ကလည်းဧည့်ခန်းထဲမှာပင် ပြောနေကြသည့်အတွက် မကြားချင်ဘဲနှင့်ကြားနေရသည်။

ထို့နောက် . . .

မေမေတို့ ဆက်ပြောသည်။

သူမလည်း တီဗွီဆက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

# III

အနံ့ခံပြွန်ထဲသို့ မပြောမဆို ဝင်လာသောမီးခိုးငွေ့တို့ကြောင့် ဖြိုးခေတ် ဆက်အိပ်လို့မရတော့ဘူးဆိုတာ သဘောပေါက်လိုက်သည်။ ယေ၍ဆက်အိပ်မည်ကြံသော်လည်း အသက်ရှုပြင်ကြပ်လာသည့်အတွက် ပြတင်းတံခါးကို ပြေးဖွင့်လိုက်ရပါ၏။

ဒါတောင် တော်တော်နှင့်မထွက်။ အခန်းထဲတွင် ဝေ့လည်ကြောင်ပတ်လုပ်နေသည်။ ဒါကြောင့် ဖိနပ်ပေါ်စုပုံကျနေသော အကျႌကိုကောက်ကိုင်ကာ ခပ်ကြမ်းကြမ်းနှိမ်နင်းခါမှ ခွေးပြေးဝက်ပြေးထွက်ပြေးသွားကြပါ၏။ ပြင်ပလောကတွင် အလင်းရောင်က မျက်နှာမသစ်သေး။ သက်ံမကင်းဖြစ်သွားကာ စားပွဲပေါ်မှနာရီကို ယူကြည့်လိုက်သည်။



နာရီဒိုင်ခွက်ထဲက လက်တံက သူ့ကို (၁၀)ကြိမ် ပြုံးပြနေပါ၏။ ဒါဆိုရင်တော့ သူ၏မနက်လင်းချိန်ဟာ အရင်နေ့တွေထက် မကျော်လွန်သေးပေ။

သွားတိုက်ဆေးကုန်တာ ဒီနေ့ပါနှင့်ဆို (၁၅)ရက်ရှိသွားပေပြီ။ တွန့်လိမ်ကွေးကောက်နေသော  သွားတိုက်ဆေးဘူးခွံလေးကိုကြည့်၍ သူ့ကိုယ်သူစိတ်မကောင်းဖြစ်မိသည်။ နောက် မေမေ့ကိုပါ တစ်ခါတည်း သတိရမိပါ၏။ သူအရင် ဖြိုးခေတ်မှ မဟုတ်တော့တာပဲ။ ယခု ဖြိုးခေတ်က ဂျစ်ပစီဖြိုးခေတ်။

ထို့နောက် သူ 'ဟက်' ခနဲ တစ်ချက်ရယ်လိုက်ရင်း စားပွဲပေါ်မှ ဆားဘူးကိုလက်လှမ်းခိုက် . . .

"သွားပြီ . . ."

ဆားတွေက ဘယ်သူ့အားကိုးနှင့် အရည်ပျော်ကုန်ရပါသနည်း။

လက်ထဲသို့ ဆားရေတွေသာပါလာသည်။ ဆားတစ်မှုန့်တလေမျှပင် မရှိတော့။

"ဟူး . . ."

ဆိုးလိုက်ပါသည့်ဘဝရယ် ဘယ်လိုပုံစံနဲ့များ သွားတိုက်ရမည်နည်း။ ဆပ်ပြာမှုန့်ရေဖျော်ပြီး ပလုတ်ကျင်းရအောင်ကလည်း ဆပ်ပြာမှုန့်ဘူးကဖင်ကပ်။ ဘူးသစ်လည်းမဝယ်နိုင်သေး။ မျက်နှာသစ်ဖို့ ကိုယ်တိုက်ဖို့ချန်ရဦးမည်။ ဒါဆို . . .

"ဟုတ်ပြီ . . ."

တန်းပေါ်လွှားထားသော ပုဆိုးကိုကောက်ဆွဲကာ လေတစ်ချက်ချွန်ရင်းဖြင့် အောက်ထပ်သို့ဆင်းလာခဲ့ပါသည်။ ထို့နောက် အဆောင်ကိုပတ်၍ နောက်ဖေးပေါက်ဆီသို့ဦးတည်ကာ ပထမ လူရှင်းမရှင်းရှိုးသည်။

ရှင်းသည်။ အားလုံးအလင်း။ ဒုတိယ လှစ်ခနဲ မီးဖိုချောင်ထဲ ပြေးဝင်လိုက်သည်။ တတိယ ထမင်းအိုးမှ အိုးမည်းများကို နီးစပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

တုတ်ချောင်းဖြင့် ခပ်မြန်မြန်ခြစ်ချလိုက်ပါ၏။

လုံလောက်သော အနေအထားရခိုက် တုတ်ကိုပစ်ချကာ လှည့်ထွက်မည်ပြုစဉ် မသမာမှုကိုမြူဆွယ်နေသည့် ခြင်းတောင်းထဲမှ မီးသွေးခဲများ . . .

ဖြိုးခေတ် အကြံတစ်ချက်လက်သွားသည်။ ဘာဘာညာညာ စဉ်းစားမနေတော့ အကြီးဆုံးအခဲကိုဆွဲကာ ပြေးထွက်ခဲ့ပါတော့သည်။

အုတ်ကန်ဘေးရောက်မှ မီးသွေးခဲကို လက်ဖြင့်ဆဆကြည့်ရင်း ဖော်မပြနိုင်သော ပီတိပြုံးတွေဖြင့် . . .

"အင်း . . . ဒီအနေအထားလောက်ဆိုရင်တော့ တစ်ပတ်ဆယ်ရက်သွားတိုက်ဖို့ အခြေအနေကောင်းသွားချေပြီ"

ရေချိုးပြီး အခန်းထဲပြန်ရောက်တော့ (၁၀)နာရီခွဲပေပြီ။ တချုတ်ချုတ်မြည်နေသောဝမ်းကိုအားနာပြီး တန်းတွင်လွှားထားသော အကျီအိတ်ကပ်ထဲကို နှိုက်ကြည့်မိတော့ . . .

ငါးရာတန်တစ်ရွက်က ကြေကွဲစွာထွက်လာပါ၏။ လောလောဆယ် ဗိုက်ဖြည့်လို့မဖြစ်သေး။ ကျောင်းရောက်ရန် ကားစီးရဦးမည်။ ဒါပေမယ့် ကိစ္စတော့မရှိပါ။ သူ့မှာ မျှော်လင့်ချက်ရောင်မှိုင်တန်းလေးတွေတော့ ရှိပါ၏။

အဲဒါက 'ဒီနေ့ကျောင်းမှာ အလုပ်ကောင်းလျှင်' ဟူသော . . .

ဆာလောင်နေသောဗိုက်ကိုဘေးချိတ်၍ (ဘေးချိတ်၍မရပါ။ ဗိုက်က သူ့နေရာသူ အလယ်တွင်ပဲကပ်နေပါသည်) တန်းတွင်လွှားထားသောဝါကျင့်ကျင့် (Altershirt) အဖြူရောင်အကျီကို ကောက်စွပ်လိုက်သည်။ နောက် ပြီးခဲ့တဲ့အပတ်က တစ်ပတ်လုံးဝတ်ထားသော ဂျင်းဘောင်းဘီကို သုံးလေးချက်ခါ၍ ဝတ်လိုက်ပါ၏။ (မှတ်ချက် စနေ၊ တနင်္ဂနွေ နှစ်ရက်တွင်တော့ နေပူထုတ်လှန်းထားပါသည်)

ပြီးတော့ ခုတင်အောက်ရှိ အနီမှအဖြူသို့ပြောင်းနေသော All star လည်ရှည်ဖိနပ်ကို ခြေထောက်နှစ်ဖက်ဆီသို့ ထိုးသွင်းပြီး ချိန်တွင်



မိတော့ . . .

ဖြိုးခေတ်၏ ကျောင်းသွားခြင်းစတိုင်မှာ ပြီးပြည့်စုံသွားခဲ့ပါပြီ။

နောက် ခုတင်ပေါ်ပြန့်ကျဲနေသော ပစ္စည်းအားလုံးကို လွယ်အိတ်ထဲသို့ သိမ်းကျုံးထည့်သည်။ ပြီး နာရီကို ဘောင်းဘီအိတ်ထဲသို့ ထိုးသွင်းလိုက်သည်။ ထို့နောက် အခန်းတံခါးပိတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပါတော့သည်။

အဆောင်တံစက်မြိတ် အောက်ရောက်သည်နှင့် ခြေစုံကိုရပ်ကာ . . .

"သမိုင်းအဆက်ဆက်မှ ရာဇဝင်တွင်ခဲ့သော ခေတ်အဆက်ဆက်၏ ဂျစ်ပစီများအားလုံး ကျွန်ုပ်ကိုမစကြပါ။

ယနေ့ကျောင်းမှာ ကျွန်ုပ်၏အလုပ်အဆင်ပြေပါစေ"



www.burmeseclassic.com

www.burmeseclassic.com

# IV

## ဂျစ်ပစီ စားသောက်ဆိုင်

အချိန်အားဖြင့်ဆိုလျှင်တော့ မွန်းတည့်ဖို့ မိနစ်အနည်းငယ်သာ လိုပါတော့သည်။ ရာသီဥတုအခြေအနေမှာကား မိုးရွာပြီးခါစအချိန် ပတ်ဝန်းကျင်ပုံသဏ္ဌာန်ကား စွတ်စိုလန်းဆန်းမှုတွေနှင့် ရောပြွန်းနေသော ကျောင်းတွင်းမှ စားသောက်ဆိုင်တစ်ဆိုင်။

စားပွဲဝိုင်းတစ်ဝိုင်းမှလွဲ၍ ကျန်သည့်စားပွဲဝိုင်းတွေအကုန်လုံး လူပြည့်နေသည်။ ထိုအထီးကျန်ဆန်သော စားပွဲမှာကား 'ဖြိုးခေတ်' ဆိုသော ကျောင်းသားတစ်ယောက်ထိုင်နေပါ၏။

ထမင်းစားနေခြင်းလား၊ မဟုတ်ပါ။

ထမင်းဖိုးရှာနေခြင်း။



စားပွဲပေါ်မှာကား ရေနွေးကုန်နေပြီဖြစ်သော ခွက်ဘူးတစ်လုံး၊ ရေနွေးပန်းကန်ထည့်ထားသော ကော်ရည်ခွက်တစ်ခွက်၊ တစ်ရှူးတစ်ဘူး နှင့် သောက်ရလွန်းသဖြင့် ပါးစပ်ရာထပ်နေသော ဖန်ခွက်တစ်လုံးအပြင် အတော်အသင့်ကျယ်ဝန်းသော ပိတ်စတစ်ခု။

ထိုပိတ်စကား ကောင်းကင်ရောင် (မိုးပြာရောင်) တစ်ပေခွဲ ပတ်လည်လောက်တော့ အလျားအနံရှိပေမည်။ ထိုပိတ်စအလယ်တည့်တည့်တွင် ရွှေရောင်ဖြင့်ကြယ်ပုံ၊ တစ်ပုံဆွဲထားသေးသည်။ ထိုအပေါ်မှာကား ဖဲထုပ်လိုလို၊ ဘာလိုလိုနှင့် စက္ကူကဒ်ထူတစ်ထပ်။

အမြင်ရိုးနေပြီဖြစ်သော လူများကတော့ ဘာမှသဘောမထားကြသော်လည်း 'ဂျစ်ပစီ' နှင့် စိမ်းနေသူများကတော့ 'ဘာလဲ' ဆိုသည့် အကြည့်တွေ သူ့ထံသို့ တဒိုင်းဒိုင်း ရောက်လာနေသည်။ ဒါတွေကို ဖြိုးခေတ် ဂရုမစိုက်အား။ ဒါ သူ့အလုပ်သူ လုပ်နေခြင်း။

ဖြိုးခေတ်က ဘာလုပ်သနည်း။

ရှင်းပါသည်။ ဒီလိုမျိုးကျောင်းကန်တင်းမှာ စက္ကူနှစ်ဆယ့်နှစ်ချပ်ဖြင့် တဲရော့ဗေဒင်ဟောသည်။ ကျောင်းတက်ရင်း ငွေရှာသည် ဆိုလျှင် ချဲ့ကားရာရောက်ပါလိမ့်မည်။ ကျောင်းတက်ရင်း ထမင်းဖိုးရှာခြင်း။

အရင်တုန်းကတော့ ဖြိုးခေတ်တဲရော့ကို အခုလို အခကြေးငွေဖြင့်မဟော။ ဘော်ဒါ မိတ်ဆွေ၊ သူငယ်ချင်းတွေကြားထဲတွင် အပျော်သဘောသာရှိခဲ့သည်။ ဒါပေမယ့် အရင်ကတည်းကတော့ ဖြိုးခေတ် တဲရော့ကိုရူးသွပ်ခဲ့ပါသည်။ ယခုလို အခကြေးငွေဖြင့်ဟောသည်မှာမကြာသေး။ တိတိကျကျဆိုရလျှင်တော့ သူ့မှာနေစရာအိမ်၊ ကျွေးထားမည့် မိဘတွေနှင့် ကင်းကွာခဲ့ရသည့်အချိန်ကစလို့ပေါ့”

ယခုတော့ ဘဝကြီးက သူ့ကိုလှလှပပ စိန်ခေါ်ခဲ့ပါပြီ။ ဒီတော့လည်း တတ်သည့်ပညာ မနေသာဆိုသလို။

ထိုမနေသာသောပညာဖြင့် ရပ်တည်မှုတစ်ခုကို စတင်ခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com

မှာ ကြာပေါ့။ ဒါပေမယ့် သူပျော်ပါသည်။ သူ့ဘဝသူ ကျေနပ်သည်။

ဂျစ်ပစီဆိုတာ ဒီလိုလမ်းပေါ်က ပေတေလေလွင့်နေသော အစဉ်လာရှိရှိသတ္တဝါတွေမဟုတ်ပါလား။

• • •

"သူ့နာမည်က ဖြိုးခေတ်တဲ့ . . . ဒီကျောင်းမှာတော့ နာမည်ကြီးပဲ"

"ဟင် . . . ဖြိုးခေတ်"

အံ့သြစိတ်ကြောင့် ရူပါ့အသံကျယ်သွားသည်။ ကျယ်သွားသော ရူပါ့အသံကြောင့် သီရိက တစ်ဝိုင်းကျော်ကို လက် ညှိုးထိုးပြရင်း 'ရှူး'ဟု ပြောလေသည်။ ဒီတော့မှရူပါလည်း ဣန္ဒြေကိုထိန်းလိုက်ရင်း တစ်ဝိုင်းကျော်ကိုလှည့် ကြည့်သည်။ ဖြစ်ချင်တော့ သူမကလည်းကျောပေးထားသလို ဖြိုးခေတ်ဆိုသူကလည်း သူမအားကျောပေးကာ တစ်ဖက်ကိုလှည့်နေသည့်အတွက် မျက်နှာကိုမမြင်ရ။ ဒါပေမယ့် ခပ်နွမ်းနွမ်းအဝတ်အစားအောက်မှာပင် အရောင်တစ်ခုက လက်နေသည်။

ဒါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားလွန်းသော မာနအရောင်မျိုး။

"ဘာလဲ . . . နင်ကသိလို့လား . . ."

သက်ထား၏အမေးကြောင့် ရူပါခေါင်းကိုရမ်းလိုက်ရင်း

"ဟင့်အင်း . . . မသိပါဘူး။ ဒါပေမယ့် ငါကျောင်းစတက်တဲ့နေ့ကတည်းက ဖြိုးခေတ်ဆိုတဲ့နာမည်က နားထဲမှာယဉ်နေလို့ အံ့သြသွားတာ"

"ဩော် . . ."

သက်ထားက မှတ်ချက်ပြုသည်။

"ဟုတ်လောက်ပါတယ်။ ဖြိုးခေတ်က ကျောင်းမှာနာမည်ကြီး



ပဲဥစ္စာ လူပြောများမှာပေါ့။ နင့်ကိုတောင် ငါတို့ပြထားမလို့ မဆုံသေးလို့"

သီရိစကားကို ရူပါ ပြန်မပြောဖြစ်ပါ။ တိုက်ဆိုင်သွားသည့် တစ်စုံတစ်ရာအတွက်လည်း အနည်းငယ်အံ့သြသွားသည်။

"ဒါနဲ့ အဲ့ဒီဖြိုးခေတ်ဆိုတဲ့လူက ဘယ်လိုဖြစ်လို့ ဒီကျောင်းမှာ နာမည်အဲလောက်ကြီးနေတာလဲ"

ရူပါ့စကားကြောင့် သီရိနှင့်သက်ထားကတစ်ယောက်ကိုတစ်ယောက်ကြည့်သည်။ ပြီးတော့ လျှို့ဝှက်ပြုံးလိုလို ဘာလိုလိုအပြုံးတွေကိုလုပ်ရင်း . . .

"အဟင်း . . . ဘာလို့ နာမည်ကြီးလဲဆိုတာကို တအောင့်နေရင် နင်သိရမှာပါ။ ခဏစောင့်ကြည့်နေ . . ."

ထိုသို့သာပြော၍ သက်ထားက သူမနေရာနှင့် နေရာလဲထိုင်ရန် ပြောသည်။ အကြောင်းက ယခု ရူပါထိုင်နေသောခုံမှာ ကျောချင်းကပ်လျက်ဖြစ်နေသည့်အတွက် မမြင်ရမှာစိုးလို့ ဟုဆို၏။

ဘာတွေနည်းဟူ၍ ရူပါလည်း နေရာလဲထိုင်လိုက်ပါသည်။

ထိုအခါမှ ဖြိုးခေတ်ဆိုသောသူကို ဘေးတစောင်းအနေအထားနှင့်မြင်ရတော့သည်။

ရူပါတစ်ချက် ငေးသွားရပါ၏။ ဖြိုးခေတ်မချောပါ။ ကြည့်ကောင်းရုံထက် မပို။ သို့ပေမယ့် သူ့မျက်နှာပေါ်မှာက ညှို့ချက်တစ်ခုရှိသည်ထင်သည်။ တစ်ခါကြည့်မိသွားလျှင် နောက်တစ်ခါထပ်ကြည့်ချင်သည့် ရုပ်ရည်မျိုး။

"အဲဒါ ပထမအချက်ပဲ . . ."

သက်ထားက ရူပါ့ကိုကြည့်၍ စပ်ဖြီးဖြီးပြောသည်။ ရူပါ့မျက်နှာတစ်ချက်ရဲသွားပါ၏။ ပြီးတော့ ဂရုမစိုက်သလိုဟန်ပန်ဖြင့် အကြည့်ကိုလွှဲရင်း . . .

"အဲလောက်လည်း မဟုတ်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် . . . နင်ငေးသွားတယ်မလား"

ရူပါ ပြန်မဖြေမိ၊ ပြုံးရုံသာ ပြုံးနေသည်။ ပြုံးသွားသော ရူပါ့ပုံစံကိုကြည့်၍ သီရိက . . .

"အဲဒါပဲဟာ . . . ဖြိုးခေတ်မချောဘူးနော်။ ဒီကျောင်းမှာ သူ့ထက်ဖြောင့်တဲ့လူတွေ တပုံကြီး။ ဒါပေမယ့် ဖြိုးခေတ်က ထူးကိုထူးနေတာ။ သူ့မျက်နှာကို အမှတ်တမဲ့လောက်လေးဆုံဖူးလိုက် နောက်တစ်ခါထပ်မကြည့်ဘဲ မနေနိုင်ဘူး"

"အဲဒါ ပထမအချက်ပဲရှိသေးတယ်"

"ညွှန်းလှချည်လားဟာ . . . အဲလောက်တောင်ပဲလား။ ဒါဆိုပြောစမ်းပါဦး၊ ဒုတိယအချက်ကဘာလဲ"

ဒီတစ်ခါတော့ နှစ်ဦးစလုံးအသံတိတ်သွားသည်။ ပြီးတော့ တည်တည်ငြိမ်ငြိမ် သူမကိုပြန်ကြည့်ရင်း . . .

"နောက်တစ်ချက်ကတော့ နင်နဲ့ သိပ်အဆင်ပြေမှာမဟုတ်ဘူး။ သူ့မှာ အရည်အချင်းရှိနေရင်တောင် နင့်သဘောထားနဲ့တော့ငြိမှာပဲ"

"ဘာလဲ"

တအံ့တသြ မေးလိုက်သည့်သူမအမေးကို သီရိက ပြန်မဖြေဘဲ တစ်နေရာကို လက်ညှိုးထိုးပြရင်း . . .

"ငါတို့မပြောဘဲ နင်သိမှာပါ။ နားထောင်နေ . . ."

သီရိလက်ညှိုးထိုးပြရာဆီ ရူပါလှမ်းကြည့်မိတော့ ဖြိုးခေတ်ရှေ့မျက်နှာချင်းဆိုင်ထိုင်ခုံသို့ ကျောင်းသားတစ်ယောက် ဝင်ထိုင်လိုက်သည်ကို တွေ့ရသည်။ ထို့ကြောင့် ရူပါလည်း စိတ်ဝင်စားသွားကာ သီရိပြောသည့်အတိုင်းပင် နားထောင်နေလိုက်ပါ၏။

ခုံမှာတစ်ဝိုင်းကျော်ပင်ဖြစ်သည့်အတွက် သူတို့နှစ်ယောက်ပြောစကားများကို ရူပါတို့ဘက်မှ ရှင်းရှင်းလင်းလင်းကြားရသည်။

• • •



ကျောင်းမှာ ဗေဒင်ဟောတတ်တယ်ဆိုတာ အစ်ကိုလားမသိဘူး"

သူ့ထက်အနည်းငယ် ငယ်ပုံရသော ကျောင်းသားတစ်ယောက်၏အမေးကြောင့် ဖြိုးခေတ်ပြုံးလိုက်သည်။

"အေး . . . အစ်ကိုတော့ဟုတ်တယ်ကွ။ ဒါပေမယ့် အစ်ကိုက ဗေဒင်ဟောတာမဟုတ်ဘူး"

"ဗျာ . . ."

"အစ်ကိုက တဲရှေ့ဗေဒလို့ခေါ်တဲ့ ဘာသာရပ်နဲ့ပတ်သက်ပြီး အစ်ကိုလေ့လာထားတာလေးတွေကို ဆွေးနွေးပေးတာ၊ သဘောပေါက်လား"

"ဗျာ . . . ဟုတ် . . .ဟုတ်ကဲ့"

မအူမလည်ဖြစ်သွားသော ကောင်လေးပုံစံကိုကြည့်၍ ဖြိုးခေတ် ဒုတိယအကြိမ် ထပ်ပြုံးလိုက်သည်။ ပြီးတော့ . . .

"အေး . . . ဒါဆိုရင် ညီလေးရဲ့လာရင်းကိစ္စကိုပြော။ အစ်ကိုတတ်နိုင်တတ်သလောက် ကူညီမယ်။ အစ်ကို ဘာလုပ်ပေးရမလဲ"

"ဒီ . . . ဒီလိုပါ အစ်ကို၊ ကျွန်တော်အစ်ကို့ဆီမှာ ဗေဒင်ကြည့် . . ."

"ရော် . . . ခက်ပါလားကွာ၊ အစ်ကိုက ဗေဒင်တွက်တာမဟုတ်ဘူး။ တခြားနည်းလမ်းနဲ့မင်း သိချင်တာကိုပြောပြမှာ။ ကဲ . . . ပြော . . . မင်းဘယ်လိုကိစ္စမျိုးနဲ့ အစ်ကို့ဆီရောက်လာတာလဲ။ ဗေဒင်ဗေဒင်နဲ့ ခဏခဏမပြောနဲ့"

ဖြိုးခေတ်စကားကြောင့် ကောင်လေးမျက်နှာ ငယ်သွားသည်။ ပြီးတော့ မတိုးမကျယ်လေသံနှင့်။

"ကျွန်တော် . . ."

"နေဦး . . ."

ပြောမည့်ဆဲဆဲ ဖြတ်ပြောလိုက်သောဖြိုးခေတ်ကို ကောင်လေးက ကြောင်တောင်တောင်ဖြင့်ငေးသွားပါ၏။ ဒါကိုပင် ဂရုမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်ကြည့်၍ . . .

"မင်းသိချင်တာ အချစ်ရေးလား၊ ပညာရေးလား၊ စီးပွားရေးလား၊ ကျန်းမာရေးလား"

မှင်သေသေဖြင့်မေးလိုက်သော ဖြိုးခေတ်ပုံစံကြောင့် ကောင်လေး အ,ထစ်ထစ်ဖြင့် . . .

"အ . . . အချစ်ရေးပါ"

ဖြိုးခေတ် ငါးခူပြုံးတစ်ချက်ပြုံးလိုက်သည်။ ပြီးနောက် . . .

"OK ဟုတ်ပြီ၊ အစ်ကို အလုပ်စကားပြောမယ်နော်။ အချစ်ရေးဆိုရင် အစ်ကို (၁၅၀၀)ယူတယ်။ ကျန်တဲ့ကိစ္စဆိုရင် (၁၀၀၀) ပဲယူတယ်။ ဒါအစ်ကိုရဲ့ ပုံမှန်နှုန်းထားပဲ။ ဉာဏ်ပူဇော်ခတော့ မဟုတ်ဘူးပေါ့ကွာ . . . ပညာကြေးပေါ့။ ဘယ်လိုလဲ ညီလေး၊ လက်ခံလား"

ဖြိုးခေတ်စကားကြောင့် ကောင်လေးကပြာပြာသလဲပင် . . .

"ဟုတ် . . . ဟုတ်ကဲ့အစ်ကို၊ လက်ခံပါတယ်"

ထိုအခါမှ ဖြိုးခေတ်ကလည်း အခင်းပေါ်ရှိ တဲရော့ကိုယူ၍ ဖျက်လိုက်သည်။ ဖျက်နေရင်းမှလည်း တရှုံ့ရှုံ့နမ်းနေသည့်အတွက် ကောင်လေးမှာ တစ်ခါမှမမြင်ဖူးသော လူထူးဆန်းတစ်ယောက်လို သူ့ကို သေသေချာချာ ငေးလို့နေသည်။ ဆိုင်တွင်းမှာလည်း လူရှင်းသွားပြီးဖြစ်သည့်အတွက် သူတို့ကိုစပ်စုမည့်သူ သိပ်မရှိပါ။ (သူ့အထင်)

ကိုယ့်အာရုံနှင့်ကိုယ် လန်းနေသူတွေသာ များပါသည်။

ဖြိုးခေတ်လည်း ဒီနေ့တော့ လန်းပြီပေါ့ . . .

တဲရော့ကို အားရအောင်ဖျက်ပြီးတော့မှ နောက်ဆုံးတစ်ချက်နမ်း၍ အခင်းပေါ်သို့ ဖြန့်ချလိုက်ပါသည်။ ပြီး တဆက်တည်းပင် . .

"ညီလေး . . ."

ကောင်လေးက မအူမလည်ဖြင့် မော့ကြည့်လာသည်။ ဖြိုးခေတ် အဓိပ္ပာယ်ပါပါမျက်လုံးကို ပင့်ပြလိုက်ပါ၏။

အဓိပ္ပာယ်ကိုတော့ နားလည်မှာပါ။



ဒါတောင် သဘောမပေါက်သေးဘဲ ဟိုကြည့်၊ ဒီကြည့် လုပ်ကြည့်ပြီးခါမှ . . .

"ဘာလဲအစ်ကို . . . ကျွန်တော့်ကို ဘာပြောမလို့လဲ . . .

"ကျွတ် . . . အကွက်တွေက နေးလိုက်တာကွာ"

ညည်းသလိုလို၊ အပြစ်တင်သလိုလိုနှင့် တကိုယ်တည်း ရေရွတ်ဖြစ်မိသည်။ ပထမ ကောင်လေးစဉ်းစားသွားပါသေးသည်။ ပြီးမှ သဘောပေါက်သွားပြီး . . .

"ဟာ . . . ဆောရီးအစ်ကိုရာ၊ ကျွန်တော်မေ့သွားတယ်။ ဆောရီး . . . ဆောရီး"

ပြောပြောဆိုဆို ကောင်လေးက ပိုက်ဆံအိတ်ဖွင့်ကာပိုက်ဆံ (၁၅၀၀)ကို အခင်းပေါ်ချပေးပါသည်။

ဖြိုးခေတ် ခပ်တည်တည်ဖြင့်ဆွဲသိမ်းလိုက်ပြီး ချောင်းတစ်ချက်ဟန့်ကာ . . .

"အဟမ်း . . . ကဲ . . . ပြော၊ ညီလေးသိချင်တာတစ်ခုကို ပြော . . . ဘာသိချင်လဲ"

"ဒီလိုပါ အစ်ကို၊ လာမယ့်အပတ်တနင်္လာနေ့မှာ ကောင်မလေးက ကျွန်တော့်ကို အဖြေပေးမှာပါ။ အဲဒါ . . ."

"ရပြီ ညီလေး၊ အစ်ကိုသဘောပေါက်ပြီ။ မင်းလိုချင်တဲ့အဖြေ ရမရ"

"ဟာ . . . ဟုတ်တယ် အစ်ကို၊ အဲဒါပဲ . . . အဲဒါ ကျွန်တော့်ကို . . ."

ဖြိုးခေတ် လက်ဝါးကာပြလိုက်သည်။ ပြီး လွယ်အိတ်ထဲမှ ပုလင်းတစ်လုံးကိုထုတ်လိုက်ကာ . . .

"ညီလေး . . . မင်းလက်ဝါးဖြန့်လိုက်ပါ . . ."

"ဗျာ . . ."

"လက်ဝါးဖြန့်လိုက်ပါ . . ."



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးလည်း အူကြောင်ကြောင် ရှုတွန့်တွန့်ဖြင့် လက်ဝါး ဖြန့်ပေးပါ၏။ ထိုအခါမှ ကောင်လေး၏လက်ဝါးပေါ်သို့ ရေမွှေးဆွတ် ပေးလိုက်ပြီး . . .

"မင်းလက်ဝါးနှစ်ဖက်ကိုပွတ်လိုက် . . . ပြီးရင် ခေါင်းကိုပါ ပွတ်လိုက် . . ."

ဖြိုးခေတ်ကိုယ်တိုင်လည်း သူပြောသလိုလုပ်နေသည့်အတွက် ကောင်လေးမှာမနေသာတော့ဘဲ လိုက်လုပ်ရတော့သည်။ ပြီးတော့ . . .

မိုးပြာရောင် အခင်းအလယ်ရှိ တဲရော့ကဒ်ဆီသို့ ညွှန်ပြ၍

"ကဲ . . . ညီလေးချိုးပါ . . ."

ကောင်လေးကပါးစပ်ကို ဟစိဟစိလုပ်ကာ ဆုတောင်းရင်း တဲရော့ကို ချိုးလိုက်ပါ၏။

ချိုးပြီးသား ကျန်ခဲ့သည့်ကဒ်တွေထဲက အပေါ်ဆုံးကဒ်ကိုယူ၍ ဖြည်းဖြည်းချင်း လှန်ကြည့်လိုက်သည်တွင် . . .

"ဟင် . . ."

ဖြိုးခေတ် ကောင်လေးမျက်နှာဆီ လှမ်းကြည့်လိုက်သည်။ နောက် လက်ထဲမှကဒ်ကို သေချာပြန်ကြည့်သည်။

ဟုတ်ပါသည်၊ ဘယ်လိုမှ မမှားနိုင်ပါ။

ကောင်လေးချိုးလိုက်သော ကဒ်မှာကား တဲရော့နှစ်ဆယ့်နှစ် ချပ်ထဲတွင် အညံ့ကဒ်စာရင်းဝင်ဖြစ်သည့် . . .

## XXII (THE FOOL)

နံပါတ် (၂၂) အရူးဟုခေါ်သောကဒ်ပင် ဖြစ်သည်။

ဒီလိုဆိုလျှင်တော့ ကောင်လေးအတွက် သူ့ကောင်မလေးပေး မည့်အဖြေမှာ ဘယ်လိုမှမကောင်းနိုင်။ စားပေါက်ချောင်မှုအတွက် ဆို ရင်တော့ ယခုလိုနေရာမျိုးမှာကဒ်ကို ပြောင်းပြန်ဟော၍ လိမ်လို့ရပေ



သည်။ သို့သော် သူ အသက်လိုတန်ဖိုးထားသောပညာတစ်ခုအတွက် ဘယ်တော့မှ အလွယ်မလိုက်၊ တစ်နပ်စားဉာဏ်မသုံး၊ အရှိကိုအရှိအတိုင်း ဟောမည်။

ပေါ်တာကိုပေါ်သည့်အတိုင်း ဆွေးနွေးမည်။ ဒါမှ ဂျစ်ပစီအစစ်၊ ထို့ကြောင့် . . .

"ညီလေး . . . ကဒ်သဘောတရား နိမိတ်ပုံအရတော့ မင်း အတွက် အကောင်းထက် အဆိုးကများနေတယ်"

"ဗျာ . . ."

ငယ်ဆင်းသွားသော မျက်နှာလေးကို စိတ်မကောင်းစွာကြည့် ရင်း . . .

"ဟုတ်တယ် . . . မင်းလိုချင်တဲ့အဖြေမရနိုင်ဘူး"

"ဒါ . . .ဒါဆို . . ."

ဖြိုးခေတ် ခေါင်းညိတ်လိုက်ပါသည်။

"စိတ်မကောင်းပါဘူးကွာ"

ကောင်လေးအပီအပြင်ကြေကွဲသွားပါ၏။ ဆူးပုပ်ရွက်သာသာ ရှိတော့သော မျက်နှာလေးဖြင့် . . .

"ကယ် . . . ကယ်လို့မရတော့ဘူးလားအစ်ကိုရယ်၊ ရရင် ကူညီပါဦးဗျာ။ ကျွန်တော် . . . ကျွန်တော် . . ."

ကောင်လေးစကားပင် ရှေ့မဆက်နိုင်တော့ . . .

ကံဆိုးလွန်းသွားသော ကောင်လေးကို ခေါင်းတဆတ်ဆတ် ညိတ်ကာ ကြည့်နေရင်းမှ . . .

"တစ်ခုတော့ ရှိတယ်ကွ"

"ဗျာ . . ."

'ဗျာ'ဆိုသော အသံမှာ တော်တော်ကျယ်သွားသည်၊ အားရှိ ရှိလိုရှိငြား မျှော်လင့်ချက်များသွားသည့်အသံမျိုး။

"ယတြာကောင်းရင် မင်းလောင်းဖြစ်တယ်ဆိုတဲ့စကား မင်းကြား



www.burmeseclassic.com

www.burmeseclassic.com

ဖူးလား"

"ဟုတ်ကဲ့ . . . ကြားဖူးတယ်အစ်ကို"

"ယတြာတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် ဂျစ်ပစီလောကမှာ အခက်အခဲကိုအောင်မြင်နိုင်တဲ့ အဆောင်တစ်ခုတော့ ရှိတယ်။ အစဉ်အလာကြီးတယ်၊ တစ်သဝေမတိမ်းလုပ်မယ်ဆိုရင်တော့ ယူသွား။ အစ်ကိုပေးလိုက်မယ်"

ဝုန်းကနဲ ဝင်းလက်သွားသော မျက်နှာတစ်ခုနှင့်အတူ

"ဟာ . . . လုပ် . . . လုပ်မယ်အစ်ကို။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တကယ်လုပ်မယ်။ ကျွန်တော့်သူ့ဆီက အဖြေရမှဖြစ်မှာ"

ဝမ်းသာအားရပြောနေသော စကားတို့ကို ဖြိုးခေတ်ခေါင်းညိတ်အသိမှတ်ပြုလိုက်ရင်းမှ တည်ကြည်လေးနက်သောလေသံဖြင့် . . .

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဂျစ်ပစီတွေရဲ့ အယူအဆတစ်ခုပေါ့ကွာ။ ဂျစ်ပစီတွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခိုက်ရန်ဖြစ်လို့ပဲ ဖြစ်ဖြစ်၊ အယူဝါဒစစ်ပွဲတွေ လူမျိုးရေးစစ်ပွဲတွေကို ဆင်နွှဲလို့ပဲဖြစ်ဖြစ် သူတို့လုပ်နေကျ အလုပ်တစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ခြောက်ထောင့်ကြယ်ပုံပါတဲ့ အနက်ရောင်အင်္ကျီကို ဆင်တူဝတ်ကြတာပဲ။ ခြောက်ထောင့်ကြယ်ဆိုတဲ့အမှတ်အသားကိုလည်း ကံကောင်းတဲ့ အဆောင်တစ်ခုအဖြစ်တန်ဖိုးထားကြတယ်။ ဂန္ဓာရီသင်္ချာပိုင်းမှာလည်း ခြောက်ထောင့်ကြယ်က တော်တော် စွမ်းအားကြီးတယ်ကွ။ ခြောက်ထောင့်ကြယ်ရဲ့စွမ်းအားကို ကိုးလို့တောင်သတ်မှတ်ထားတာ။

အဲဒီတော့ အစ်ကိုဆိုလိုချင်တာက မင်းချိုးလိုက်တဲ့ကဒ်မကောင်းလို့ စိတ်မပျက်နဲ့။ အခုအစ်ကိုပြောတဲ့ အဆောင်ကိုလုပ်သွား။ ဒါဆိုမင်းကံကောင်းလိမ့်မယ်"

ကောင်လေး အားတက်သွားပုံရကာ . . .

"ဒါဆို ကျွန်တော် အဖြေတောင်းမယ့်နေ့မှာ ခြောက်ထောင့်ကြယ်ပုံပါတဲ့ အနက်ရောင်အင်္ကျီကို ဝတ်သွားရမှာပေါ့"



"နေဦး . . . မင်းအနက်ရောင်မဝတ်နဲ့။ မုန်းတယ်ဆိုတော့ကက်ကင်းရိုက်ပြီးသားလည်းဖြစ်အောင် နက်ပြာရောင်အင်္ကျီကို ဝတ်သွား"

"ဒါပေမယ့် အစ်ကို ခြောက်ထောင့်ကြယ်ပုံပါတဲ့အင်္ကျီက ဝယ်လို့ရပါ့မလား"


ကောင်လေးစကားကြောင့် ဖြိုးခေတ် ပြုံးလိုက်သည်။

"ဝယ်လို့မရလည်း ဘာဖြစ်လဲကွ၊ မင်းဘာသာ အင်္ကျီမှာဆွဲသွားလိုက်ပေါ့ . . ."

"အော် . . . အဲလိုရတယ်လား။ ဒါနဲ့ဟိုခြောက်ထောင့်ကြယ်ဆိုတာက . . ."

"ခြောက်ထောင့်ကြယ်ဆိုတာက ဒီလိုပုံ . . ."

ဟူ၍ ဖြိုးခေတ်က ရေနွေးခွက်ထဲလက်နှိုက်ကာ ရေနွေးဖြင့်ပင်စားပွဲပေါ်၌ ဆွဲပြလိုက်သည်။



ဖြိုးခေတ်ဆွဲပြသော ပုံကိုကြည့်ပြီး ကောင်လေးမှာ ဝမ်းသာအားရပင် တာအုပ်ဖွင့်ကာလိုက်ကူးပါ၏။ ပြီးတော့ ဖြိုးခေတ်အား ကျေးဇူးတင်အကြည့်တွေဖြင့် ဝေသီစွာကြည့်လိုက်ရင်း . . .

"ကျေးဇူးတင်တယ် အစ်ကိုရာ၊ ကျွန်တော် အစ်ကိုပြောတဲ့အတိုင်း တကယ်လုပ်မှာပါ။ အဲဒါဆိုရင်တော့ ကျွန်တော်လိုချင်တဲ့ အဖြေရပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ အဆောင်လက်ဖွဲ့ပေါ်မှာယုံကြည်တဲ့ မင်းရဲ့စိတ်ဓာတ်ပေါ်မှာ မူတည်တာပေါ့ကွာ။ တကယ်ယုံကြည်ရင်တော့ တကယ်ရမှာပေါ့"

"ဟာ . . . အစ်ကို . . . ကျေးဇူးပဲ၊ တကယ်ကျေးဇူးတင်သွားပြီ"

ဖြိုးခေတ်ကတော့ ပြုံး၍သာ ရှိနေပါတော့သည်။ ကောင်လေးမှာတော့ မျက်ရည်များပင် ဝဲတက်လာကာ ကောက်ခါငင်ကာပင် . . .

"ရှိုး . . . ရှိုး . . . ဖြောင်း . . . ဖြောင်း . . . ညီလေးရေ၊ ခေါက်ဆွဲကြော်လုပ်ပါ့ဟော့ . . . အခေါက်ကင်တစ်ပွဲပါ မြန်မြန်လေးလုပ်"

ထိုအသံကြားလိုက်သည်နှင့် သူ့မိုက်ထဲက 'ငို'ကနဲ တစ်ချက်အော်သွားသည်။ ဒီနေ့ နေ့လယ်စာအတွက်တော့ လန်းသွားပေပြီ။ တစ်မနက်လုံး ဘာမှမစားရသေးသည့်မိုက်ကလည်း လုပ်ငန်းသစ်လည်ပတ်ဖို့ ငံ့လင့်နေကြပါပြီ။

ထို့နောက်မှာတော့ . . .

ϒ ϒ ϒ



"ဘယ်လိုလဲ ရူပါ . . . တော်တယ်နော်"

သီရိစကားကြောင့် ရူပါ ခပ်ချဉ်ချဉ်တစ်ချက်ရယ်လိုက်ရင်း . .

"အဟင်း . . . ငါ့အထင်တော့ လိမ်စားနေတာလို့ပဲ မြင်တယ်"

"ဘယ်လို . . ."

ရူပါ ဖြေရှင်းမနေတော့ပါ။ ပိုက်ဆံရှင်း၍ ထထွက်လာခဲ့လိုက်သည်။

ဖြိုးခေတ်ဆိုသော လူဘေးမှ ဖြတ်အလျှောက် ဘာရယ်မဟုတ်မျက်နှာကိုတစ်ချက်ကြည့်လိုက်မိတော့ . . .

သူမ၏ ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းတစ်နေရာလောက်တွင် ငလျင်တစ်ခုကပ်လှုပ်သွားလေသည်။

ϒ ϒ ϒ



www.burmeseclassic.com

www.burmeseclassic.com

"ည" က အမဲ "လ" က အဖြူ
"လ" ထဲ စုတ်တံထည့်ပြီး
"ည" ပေါ်မှာ ရေးခြစ်ရင်
ကြယ်တစ်လုံးတော့
ပွင့်နိုင်ကောင်းပါရဲ့
ကရေးသည်။



ထိုကောင်လေးပြန်သွားတော့ ဖြိုးခေတ် နာရီကိုတစ်ချက်ရှိုးလိုက်သည်။ အချိန်သိပ်မကျန်တော့ အတန်းချိန်တွေ ပြီးပေတော့မည်။

ထို့ကြောင့် ဖြိုးခေတ် စာသင်ဆောင်တွေဘက်သို့သွားရန် မစဉ်းစားတော့ဘဲ ကျောင်းပြင်သို့ထွက်ခဲ့ပါ၏။

နောက် BM ကားတစ်စီးပေါ်တက်ထိုင်ကာ ကွမ်းတစ်ယာကို ပါးစပ်ထဲ ပစ်ထည့်လိုက်ရင်းဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

# V

"ကျွတ် . . . ကားတွေကလည်း ဒီနေ့မှကြပ်လိုက်တာ"

ရူပါ ညည်းမိသည်။ ကျောင်းလမ်းတစ်လျှောက်မှာ ကိုယ်ပိုင်ကားတွေ၊ ဖယ်ရီကားတွေ၊ မော်တော်ဆိုင်ကယ်တွေဖြင့် ရှုပ်ယှက်ခတ်နေပါ၏။

ဒါ့အပြင် မိုးပါဖွဲဖွဲလေးရွာနေသည့်အတွက် လူတွေကကြိတ်ကြိတ်တိုး။ ဂီယာထိုးလိုက်၊ ဟွန်းတီးလိုက်၊ ဘရိတ်အုပ်လိုက်ဖြင့် စိတ်မရှည်ဖြစ်မိသည်။

သို့သော် စိတ်မရှည်လို့ကမရ။ ဒါကျောင်းဆင်းချိန်တိုင်း ဖြစ်နေကျအထာ။ ဒီလိုနှင့်ပဲတရွေ့ရွေ့ဖြင့် . . .

ထိုအချိန်မှာပင် ရှေ့မှကားလမ်းကြောင်းမှာ ပွင့်သွားသည့်အတွက် ရူပါကားကို အရှိန်တင်လိုက်သည်။ ဒီလိုနှင့် ကျောင်းပြင်အရောက်ရှေ့၌ ပိတ်နေသော ပါရမီတစ်စီးကို နောက်မှပတ်ထွက်ကာ BM(တက္ကသိုလ်ကြိုပို့) ကားဘေးမှ ယှဉ်အမောင်း . . .

"ဖတ် . . ."

"ဟင် . . ."



ကားရှေ့မှန်တစ်ပြင်လုံးရဲသွားသည် သွေးတော့မဟုတ်။ ဒါပေမယ့် သွေးနှင့်အလားသဏ္ဌာန်တူသည့် ကွမ်းတံတွေးများ။ ရူပါ အံ့ဩမှုနှင့် မခံမရပ်နိုင်မှုပေါင်းသွားကာ ဘရိတ်ကို အလိုလိုနင်းမိရက်သား။

"ကျွိ . . ."

"တောက် . . ."

ဝုန်းခနဲ ဆောင့်တက်သွားသော ဒေါသရှိန်တွေနှင့်အတူ ခေါင်းကိုထုတ်၍ တရားခံကိုရှာလိုက်မိတော့ . . .

"ဟင် . . ."

တွေ့ပါပြီ၊ တိုက်ဆိုင်မှုဟုမထင်မိပေမယ့် မတော်တဆဟုသော အဖြစ်တစ်ခုထက် ကျော်လွန်သွားသည်ကြောင့် . . .

အရှိန်မထိန်းနိုင်သော ဒေါသတွေနှင့်အတူ ကားတံခါးကို ဆွဲဖွင့်ရန်ပြင်ခိုက် . . .

"တီတီ . . . တီ . . . တီတီ . . ."

နောက်ကားတွေမှ ဟွန်းတီးသံတွေ အဆက်မပြတ်ပေါ်လာပါတော့သည်။

ရူပါ လက်လျှော့လိုက်ရပါ၏။ ဒီအဖြစ်အပျက်တွေကိုတော့ ကားပေါ်မှပုဂ္ဂိုလ် သိမည်မထင်ပါ။ ဒါပေမယ့် ရူပါ့စိတ်ထဲမှာတော့ မှတ်မှတ်ထင်ထင်ဖြစ်သွားသည်။ သူမ မှတ်ဉာဏ်ကောင်းဦးမည်ဆိုလျှင်တော့ ကားပေါ်မှ ကွမ်းတံတွေးပိုင်ရှင်ကို သေချာမှတ်မိသင့်သည် ထင်သည်။

ထိုသူက "ဖြိုးခေတ်"။

ရူပါဒေါသကို ခဏဖယ်၍ ကားကိုခပ်သွက်သွက်မောင်းထွက်ခဲ့ရပါတော့သည်။

သူမ၏ ဦးတည်ရာက အနီးဆုံးကား Service တစ်ခုဆီသို့ . .

• • •



www.burmeseclassic.com

www.burmeseclassic.com

အဆောင်လမ်းကြားထဲသို့ ဝင်လိုက်သည်နှင့် လက်ဖက်ရည်ဆိုင်ထဲမှ လှမ်းခေါ်သံကို ဖြိုးခေတ်ကြားလိုက်ရသည်။

"ဟေ့ကောင်ဖြိုးခေတ် . . . ငါတို့ဒီမှာ"

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်သည်။ တစ်ဆောင်တည်းနေ တစ်ကျောင်းတည်းတက်နေသည့် ဘဝတူသူငယ်ချင်းနှစ်ယောက် ကျော်စွာနှင့်မင်းသစ်။ သူတို့နှစ်ယောက်အပြင် ကောင်လေးတစ်ယောက်ပါ ထိုင်နေသေးသည်။ ထိုကောင်လေးကိုတော့ ကျောပေးထားသည့်အတွက် ဘယ်သူမှန်းမသိ။

ဖြိုးခေတ် ဆိုင်တွင်းသို့ဝင်သွားလိုက်သည်။ မင်းသစ်တို့ စားပွဲဝိုင်းနားအရောက်မှာပင် ထူးခြားမှုတွေကို စတင်သတိပြုမိပါ၏။ အဲဒါက မစားစဖူးစားထားသော စားပွဲခုံပေါ်မှ ပန်းကန်လွတ်များ။

ဦးနောက်က သတိပေးခေါင်းလောင်းသံတစ်ချက် မြည်သွားသည်။ ဒီကောင်တွေ စားသောက်ထားပြီး ပိုက်ဆံရှင်းစရာမရှိလို့ သူ့ကိုခေါ်ရှင်းခိုင်းတာလား၊ ခပ်ရေးရေးဝင်လာသော အတွေးတို့ကို သတိထားလက်ခံရင်း ခုံတွင်မဝံ့မရဲ ဝင်ထိုင်လိုက်ပါ၏။

ထိုအခါမှ . . .

"ဟေ့ကောင် . . . ဖြိုးခေတ်၊ မင်းကိုဒီညီလေးက အကူအညီတစ်ခုတောင်းချင်လို့တဲ့"

"အကူအညီ"

ဖြိုးခေတ် သံယောင်ရေရွတ်လိုက်ရင်း မင်းသစ်မေးငေါ့ပြရာ ကောင်လေးကို ကြည့်မိတော့ . . .

ဖြိုးခေတ် မျက်မှန်းတန်းမိသည်။ ဒါသူတို့ မျက်နှာချင်းဆိုင်အဆောင်မှကောင်လေး . . .

ဒီလိုပဲ သူ့ကို အကူညီတောင်းသူတွေများသည်မို့ ထူးဆန်းသောကိစ္စတစ်ခုတော့မဟုတ်။ ဘေးမှကျော်စွာက သူ့ခြေထောက်ကိုတစ်ချက်နင်း၍ စားပွဲခုံပေါ်မှ ပန်းကန်အလွတ်များကို မျက်လုံးပြူးပြသည်။



သိလိုက်ပြီ၊ "ဒါငါတို့စားနင့်ပြီးသွားပြီ" ဆိုသည့်သဘော။ ဖြိုးခေတ် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ရင်း ရှေ့မှကောင်လေးကိုကြည့်ကာ . . .

"ဘာလဲ ညီလေး . . . အစ်ကို ဘာကူညီရမှာလဲ"

"အစ်ကို့မှာ ကိုယ်ချစ်နေတဲ့ကောင်မလေး ကိုယ့်ကိုပြန်ကြိုက်အောင်လုပ်တဲ့ ဆေးနည်းလေး ဘာလေးမရှိဘူးလား"

ဒီလောက်ဆိုလျှင် ဖြိုးခေတ် သဘောပေါက်သွားချေပြီ။

"ဘာလဲ . . . မင်းကိုနှယ်နီမြင့်က ပြန်မကြိုက်ဘူးလား"

"အမှန်ပဲအစ်ကိုရာ၊ ကျွန်တော်ဘယ်လိုမှကပ်လို့မရဘူး။ အဲဒါသူစိတ်ပြောင်းပြီး ကျွန်တော့်ဘက်ယိုင်လာအောင် လုပ်လို့ရတဲ့နည်းလေးရှိရင် ကျွန်တော့်ကို ပေးစမ်းပါဗျာ"

(နှယ်နီမြင့်ဆိုသည်မှာ ထိုကောင်လေးနေသော အဆောင်ပိုင်ရှင်၏သမီးဖြစ်ပြီး ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူဖြစ်ပါသည်)

ဖြိုးခေတ် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"အေးပေါ့ကွာ . . . ဒီသောက်ဝတ်နှစ်ကောင်ကလည်း စားထားပြီးသွားပြီဆိုတော့ ပြောရတော့မှာပေါ့"

သူ့စကားကြောင့် ဟိုနှစ်ကောင်က 'ဟီး'ကနဲ ရယ်သည်။

"ဟာ . . . လုပ်ပါအစ်ကိုရယ်၊ ကူညီစမ်းပါ။ ကျွန်တော်အရေးကြီးလို့ပါ"

ဖြိုးခေတ် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း . . .

"အေး . . . ဒါဆို မင်းသေချာလိုက်မှတ် . . .

လပြည့်ည သန်းခေါင်ယံအချိန်မှာ မှန်တစ်ခုကိုယူပြီး မှန်ပေါ်မှာ မင်းကြိုက်တဲ့ကောင်မလေးနာမည်ကိုရေး။ နောက် အဲဒီမှန်ကို လရောင်ထိုးတဲ့နေရာမှာ ထားလိုက်။ ပြီးရင် မှန်ပေါ်မှာ မင်းကောင်မလေးမျက်နှာပေါ်လာအောင် စိတ်မှန်းနဲ့ကြည့်ပြီး ပါးစပ်က စကားနည်းနည်းပြောရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုစကားလဲ အစ်ကို . . . ရည်းစားစကားလား"

"မဟုတ်ဘူး . . .

ရူးချင်ယောင်ဆောင်မနေနဲ့၊ ငါ့ကို အမြန်လာကြိုက်လှည့်လို့ ပြောရမယ်"

"အဲ . . . အဲဒါဆို ကောင်မလေးက ကျွန်တော့်ကိုပြန်ကြိုက်ပြီပေါ့ . . ."

"အဲဒီနည်းကို လဆွဲအားနည်းလို့ခေါ်တယ်။ စိတ်စွမ်းအားကျင့်စဉ်နည်းတွေထဲက တစ်ခုပဲ။ ကောင်မလေး ပြန်ကြိုက်မကြိုက်ဆိုတာကတော့ ကောင်မလေးကို မင်းဘယ်လောက်ထိ ချစ်သလဲဆိုတဲ့စိတ်ပေါ်မှာပဲ မူတည်တယ်။ တကယ် နှစ်နှစ်ကာကာချစ်တာဆိုရင်တော့ မကြာပါဘူး ကောင်မလေးမင်းဘက်ကို စိတ်ယိုင်လာမှာပါ"

"ကြိုက်ပြီဗျာ၊ ကျွန်တော့်သူ့ကို တကယ်ချစ်တာ။ ကျွန်တော်ဘယ်လောက်တောင် သူ့ကိုချစ်သလဲဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ သိတယ်။

အစ်ကို့နည်းအတိုင်း လာမယ့်လပြည့်နေ့ ညမှာ တကယ်လုပ်မယ်ဗျာ"

**ထိုသို့ပြောပြီး ကောင်လေးမှာ ကောင်တာဆီသို့ ထသွားပါ၏။ ပိုက်ဆံသွားရှင်းသည် ထင်သည်။**

ထိုစဉ်မှာပင် မယုံကြည်ဟန်မျက်နှာလေးဖြင့် ကျော်စွာက

"ဟေ့ကောင် . . . ဖြိုးခေတ်၊ မင်းဟာကြီးက သေချာလို့လား"

ဖြိုးခေတ် နှုတ်ခမ်းတို့ကို တွန့်ကွေးလိုက်ရင်း . . .

"မယုံရင် စမ်းကြည့်လိုက်ပေါ့ကွာ"

**(မှတ်ချက်။ ။ လဆွဲအားနည်းကို မယုံကြည်ပါက မည်သူမဆို စမ်းသပ်ကြည့်နိုင်ပါသည်)**



# VI

ကားမှန်တံခါးမှ ဝင်လာသောလေတွေက ကြယ်သီးမရှိသော ဖြိုးခေတ်အင်္ကျီကိုကျော်၍ ရင်ဝကို ခပ်ပြင်းပြင်းလေး လာရိုက်နေသည်။ ရှေ့မှခုံတန်းနှင့်နဖူးဆောင့်မိသည်မှာလည်း ဘယ်နကြိမ်မြောက်မှန်းမသိ၊ ဘေးမှ တံခါးဘောင်နှင့်နားထင်ဆောင့်မိသည်မှာလည်း အကြိမ်ကြိမ်။ သို့ပေမယ့် ဖြိုးခေတ်မျက်လုံးတို့က ဘယ်လိုမှဖွင့်မရ။

ဘေးမှာထိုင်နေသောကောင်မလေးကလည်း ကြာလာတော့ ဆက်လက်သည်းမခံနိုင်တော့ပုံရသည်။ ထပြီးမတ်တတ်ရပ်နေတာကို ခုနခုံနှင့် နဖူးဆောင့်မိစဉ်ယောင်ရမ်းပြီး မျက်လုံးပွင့်သွား၍ မြင်လိုက်ရခြင်းဖြစ်သည်။

သည်းခံနိုင်လောက်သည့် အတိုင်းအတာလွန်မည်ဆိုလျှင်း လွန်လောက်ပါသည်။ ဖြိုးခေတ် ဖြစ်နေပုံကကြည့်ဦး . . .



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးခေါင်းကို သူ့ခေါင်းနှင့် ပြေးပြေးဆောင့်လိုက်၊ ပခုံးကိုခေါင်းအုံးအမှတ်နှင့် မှီလိုက်၊ နောက်ဆုံး စပယ်ယာကအော်မှ ပြူးပြူးကြည့်မိတော့ ကောင်မလေးပေါင်ပေါ်မှာ ဖြိုးခေတ်မှောက်ရက်ကြီး။

အဲလောက်ထိကို ဖြိုးခေတ်အိပ်ငိုက်နေတာပါ၊ ငိုက်လွန်းသည့် မျက်စိကိုလည်း အပြစ်မဆိုသာ၊ အကြောင်းကား . . .

သူတစ်ခါမှ ဒီလောက်အစောကြီး အိပ်ယာမထဖူးသည်ပဲ။ မထလို့ကလည်းမဖြစ်၊ ဒီနေ့မနက် (၈)နာရီအတိမှာ ကျောင်းရှေ့၌ ယတြာချေပေးစရာကိစ္စတစ်ခု ရှိသည်။

ယတြာချေရမည့်ကောင်လေးကတော့ ဘယ်လိုလာမည်မသိ။ သူကတော့ အခုလောလောဆယ် နဖူးတွေသီးနေပါပြီ။

"ဒုန်း"

နဖူးချိုင့်သွားပြီထင်ရလောက်အောင် ပြင်းထန်လွန်းတော့ ဆောင့်ချက်အဆုံးမှာ ကားစပယ်ယာ၏ဂိတ်ဆုံးအော်သံကို ကြားရပါတော့ သည်။

ထိုအခါမှ ဖြိုးခေတ်လည်း ပိသာလေးဆယ်လောက် အချိန်စီးနေသည့်မျက်ခွံကို လွယ်အိတ်ဖြင့် ခပ်ကြမ်းကြမ်းပွတ်လိုက်ရင်း . . .

"ဝါး"

တစ်ချက်သန်းကာ ကားပေါ်မှဆင်းလိုက်ပါ၏။

လူကသာ ကားအောက်ရောက်သွားသော်လည်း လွယ်အိတ်က ပါမလာ။ တစ်ယောက်ယောက်ဆွဲထားသလို၊ တစ်ခုခုနဲ့ ငြိနေသလိုတင်းနေသည်။ ဖြိုးခေတ်စဉ်းစားမနေ၊ သွေးစို့သွားသောနဖူးကို တံတွေးဆွတ်နေရင်းမှ ဆောင့်ဆွဲချလိုက်သည်။

"ဗြိ . . ."

ရှင်းရော၊ လွယ်အိတ်ပြဲသွားပေပြီ။

ဒါတွေကို သူဂရုမစိုက်အားသေး။ အခုလောလောဆယ် အရေးကြီးနေသည်က သွေးစို့သွားသော သူ့နဖူး။



ဖြိုးခေတ်တွေးမနေတော့ဘဲ ဝတ်ထားသောလုံချည်ကို ဖြေလိုက်သည်။ နောက်လုံချည်အနားစကိုလုံးကာ ပါးစပ်ထဲသို့ ထိုးထည့်သည်။ ပြီးမှ ခေါင်းကိုငုံ့ကာ ကြပ်ပူထိုးလိုက်ပါ၏။

အတော်အသင့် သက်သာသွားတော့မှ လုံချည်ကို ပြန်ဝတ်ရင်း ဘေးဘီဝေ့ကြည့်လိုက်သည်။ ယတြာချေပေးရမည့် ကောင်လေးကိုမတွေ့။ ကျောင်းရှေ့အုတ်ခုံတွေနှင့် အပြင်ကန်တင်းတွေမှာလည်း လူအနည်းငယ်သာရှိသည်။

ဒါဆိုရင်တော့ ကောင်မလေးမလာသေးတာလား၊ သူနောက်ကျနေလို့ပဲ ပြန်သွားတာလား တစ်ခုခုပင်။ မတတ်နိုင်တော့။ အခုလောလောဆယ် မနက်တည်းကမရှင်းရသေးသည့် ဗိုက်ကိစ္စကိုရှင်းရဦးမည်။

ဖြိုးခေတ်ကားလမ်းကူး၍ ကျောင်းထဲသို့ပြေးဝင်လိုက်သည်။ အပြင်ဆိုင်တွေမှာ ကိစ္စရှင်းလို့ရသော်လည်း ဟိုလူတံခါးခေါက်၊ ဒီလူတံခါးခေါက်ကို ဖြိုးခေတ်စိတ်ပျက်သည်။ အိမ်သာတက်သည်ဆိုတာ ဇိမ်ယူခြင်း တစ်မျိုးပဲလေ။ ဒါက ဘယ်သူမှငြင်းလို့မရတဲ့ သီအိုရီ။

ဒီတော့ အေးအေးဆေးဆေး ကျောင်းက Tiolet ထဲမှာပဲ ကောင်းသည်။ ဖြိုးခေတ်ကိုယ့်အတွေးနှင့်ကိုယ်ပြုံးလိုက်ကာ နီးစပ်ရာအဆောင်ဘက်သို့ချိုးအဝင်တွင် . . .

"ဖြောင်း . . . ဖြောင်း . . . အစ်ကိုကြီး . . . အစ်ကိုကြီး"

နောက်ဆီမှလှမ်းခေါ်သံတစ်ခုကို ကြားလိုက်ရသည်။ ထို့ကြောင့် သူနောက်လှည့်ကြည့်လိုက်တော့ . . .

"ဟိုမှာ အစ်ကိုကြီး အိတ်ထဲက အထုပ်တစ်ထုပ်ကျသွားတယ်"

ကောင်လေး ညွှန်ပြရာဆီကြည့်မိတော့ ဖြိုးခေတ်ခေါင်းပင်ကြီးသွားသည်။

"ဟာ . . . တဲရော့ . . ."

ချက်ချင်းပင် လွယ်အိတ်ကိုမကြည့်တော့ လွယ်အိတ်က ဖင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါက်နေသည်။ ခုနကားပေါ်မှာအဆင်း ပြဲသွားခြင်းဖြစ်ပေလိမ့်မည်။

ဖြိုးခေတ် ကပျာကယာပင် သွားကောက်ရန်ပြင်ခိုက် . . .

"တီ . . ."

ခနဲဆိုသော ကားဟွန်းသံနှင့်အတူ စပါးကြီးမြွေ၏အကြည့်မျိုး ဖြင့် ရက်ရက်စက်စက်လှသည့် ကောင်မလေးတစ်ယောက်။

ထိုကောင်မလေး မောင်းလာသောကားက . . .

"ဟာ . . ."

သူ့ခေါင်းကို ကားတက်နင်းသွားချေပြီ။

"သွားပြီ"

ဆိုသောအသိနဲ့အတူ ဖြိုးခေတ်တစ်ကိုယ်လုံး ရှိန်းခနဲနေအောင် ပင် ပူတက်သွားသည်။ သူ၏အသက်ဝိညာဉ်တဲရေ့ကဒ်လေး ကားဘီး အောက်မှာ မလှုမပ အသက်ပျောက်သွားချေပြီ။

တဲရေ့ကဒ်တွေထည့်ထားသည့် အနီရောင်ကတ္တီပါရှုံ့အိတ် လေးပေါ်မှာကား ရှုံ့တွေသဲတွေပေကျံနေသည့် လတ်လတ်ဆတ်ဆတ် ကားဘီးရာတစ်ခု။

"တောက် . . ."

ကျယ်လောင်စွာတောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်၍ စိမ်ခေါ်သူကို မမှိတ်မသုန် ဆိုက်ကြည့်လိုက်သည်။

## MARK II

### ၉၁/ -----

ဖြိုးခေတ်ကားနံပါတ်ကို အထပ်ထပ်ရွတ်ရင်း ဒေါသတို့ကို ခေတ္တမြိုသိပ်ထားလိုက်ရသည်။ နောက်ကတ္တီပါ ရှုံ့အိတ်လေးကို တယု တရပွတ်သပ်၍ အဆောင်ထဲသို့ဝင်ခဲ့ပါတော့သည်။

ဒီနေ့အတွက်တော့ သူ၏လွတ်လပ်စွာ ခိမ်ခံမှုသည်ပြင်းထန်



သော ဒေါသတွေဖြင့်သာ ဝန်းရံနေပါတော့မည်။

• • •

Tioletထဲက ထွက်သည်နှင့် ဖြိုးခေတ်ဂျစ်ပစီသို့ တန်းပြေးတော့ သည်။ ဆိုင်ထဲရောက်တော့ ကောင်တာဆီသို့ တန်းသွားလိုက်ကာ . . .

"ဦးလေး . . . ဦးလေးဆီမှာ သံမှိုလေးငါးဆယ်ချောင်းလောက် ရှိမလား"

"သံမှို"

ကောင်တာမှဦးလေးကြီးက ကြောင်တောင်တောင်နှင့် သူ့ကို ကြည့်သည်။

"ဟုတ်တယ် . . . သံမှို"

သူ့စကားကြောင့် နားမလည်သလို ထပ်ကြည့်ရင်း . . .

"သံမှိုတော့မရှိဘူးကွ။ ဆိုင်အမိုး မိုးတုန်းက ကျန်နေတဲ့သွပ် မှိုတွေတော့ ရှိတယ်"

"ဟာ . . . ပိုကောင်းတာပေါ့ဗျာ။ ကျွန်တော့်ကို နည်းနည်း လောက်ပေးစမ်းပါ "

'ဘာလုပ်မလို့လဲ' ဟုမမေးတော့ပါ။ မေးစရာမလိုအောင်လည်း ရင်းနှီးနေသည်ကိုး။ ဒီလိုနှင့် ဦးလေးကြီးဆိုင်နောက်ဘက်ဝင်သွားပြီး ပြန်ထွက်လာတော့ လက်ထဲမှာ သွပ်မှိုတစ်ထုပ်ပါလာသည်။

ထိုအထဲကမှ ဖြိုးခေတ်စိတ်ကြိုက်သွပ်မှို ရှစ်ချောင်းခန့်ကို ရွေး ယူရင်း ကျေးဇူးတင်စကားဆိုကာ ပြန်ထွက်လာခဲ့လိုက်သည်။

• • •

ဟုတ်သည်၊ ဒီကား . . .

နည်းနည်းလေးမှ လွဲစရာမရှိ။ ဂျစ်ပစီထဲက ထွက်လာကတည်း



www.burmeseclassic.com

www.burmeseclassic.com

က ကျောင်းဝန်းအနံ့ ဒီကားကိုလိုက်ရှာနေတာ။ နာရီဝက်လောက်ပင် ရှိပြီ။

ဖြိုးခေတ်ကားနံပါတ်ကို သေချာကြည့်လိုက်ပါ၏။

ပြီး ကားတစ်ခုလုံးကိုလည်း သေချာမှုရှိအောင် ပတ်ကြည့်လိုက်သည်။ ဟုတ်ပါ၏။ ဒီကားမှ ဒီကားအစစ်ပါ။

သေချာလောက်ပြီဆိုတော့မှ ဖြိုးခေတ် ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်ကြည့်လိုက်သည်။ အကုန်လုံး အခြေနေကောင်းသည်။ ကိုယ့်အာရုံနှင့်ကိုယ် သွားလာနေကြသော ဖြတ်သွားဖြတ်လာတို့မှအစ ဘယ်သူမှသူ့ကို မရိပ်မိ။ ခပ်လှမ်းလှမ်းတွင်တော့ ကောင်မလေးသုံးယောက်ထိုင်နေသည်။ ဒါပေမယ့် ကြားထဲမှာ ကားတစ်စီးခံနေ၍ ဖြုန်းခနဲ သူ့ကိုမတွေ့နိုင်။

ဒီတော့မှ ဖြိုးခေတ်လွယ်အိတ်ထဲမှ ဖြောင့်စင်း၍ ချွန်မြနေသော သွပ်မှိုရှစ်ချောင်းကိုထုတ်လိုက်ကာ တစ်ဘီးကိုနှစ်ချောင်းနှုန်းဖြင့် ကားလေးဘီးလုံးအောက်သို့ ဂရုတစိုက် ထောင်ထားပေးလိုက်ပါတော့သည်။

ကုန်းကုန်းကွကွ၊ ရှုံ့ရှုံ့တွတွ၊ တုံးလုံးမကျတကျဖြင့် အားကြိုးမာန်တက်ကွက်တိဝင်အောင် ကြိုးစားပြီးချိန်မှာတော့ . . .

ချွေးတို့ဖြင့်ရွှဲနစ်နေသော အင်္ကျီကို ကြယ်သီးအကုန် ဖြုတ်လိုက်သည်။ နောက် အဆီပြန်နေသောမျက်နှာကို လုံချည်အောက်စဖြင့် တစ်ချက်ကုန်းသုတ်လိုက်ရင်း . . .

ရှုးချင်ယောင်ဆောင်ကာ ထွက်လာခဲ့လိုက်ပါတော့သည်။

သူ၏စိတ်ထဲ၌ ကြုံးဝါးနေသည်ကား . . .

"အကယ်၍သာ အားမယ်ဆိုရင် . . . ဒီနေ့မင်းရဲ့ အိမ်ပြန်ချိန်ကို ပြုံးပြုံးကြီး ရပ်ကြည့်ချင်ပါသေးတယ်၊ ကောင်မလေးရယ်"



# VII

"နင်တို့နှစ်ယောက် ဇာတ်လမ်းဖြစ်လာပြီပေါ့"

"ဘာဇာတ်လမ်းလဲ . . ."

"အချစ်သည် ကွမ်းတံတွေးကစသည်ဆိုတဲ့ ဇာတ်လမ်းလေ"

သက်ထားစကားကြောင့် ရူပါအံ့ကြိတ်ပြုမိသည်။

ညနေကျောင်းဆင်းပြီမို့ သူမတို့သုံးယောက် ကားဆီလျှောက်လာကြရင်း ပြောလာခြင်းဖြစ်ပေသည်။

"မသိပါဘူးဟာ . . . ကောက်ခါငင်ကာ ဖြိုးခေတ်အကြောင်းတွေလာမေးနေလို့ ငါတို့က ဟိုဟာထင်ထားတာ"

"မဟုတ်ပါဘူး၊ ကားမှန်ပေါ် ကွမ်းတံတွေးထွေးချသွားတဲ့လူတစ်ယောက်ကို ခံရတဲ့လူဘက်က သိချင်ရုံသက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပဲလား . . ."

"ဒါပဲပေါ့"

"အဟီး . . . နည်းနည်းပိုလိုက်ပါဟာ . . ."

သက်ထားစကားကြောင့် ရူပါမဲ့သည်။

"ဘယ်လိုမှ ပိုလို့မရဘူး။ ငါဖေဒင်ဆို အရမ်းမုန်းတာ နင်တို့သိရက်သားနဲ့"

"မုန်းပေါ့ . . . ဖေဒင်နဲ့ ဖေဒင်ဆရာ တူတာမှမဟုတ်တာ။ ဖေဒင်ကိုမုန်းပေမယ့် . . . ဖေဒင်ဆရာကို . . ."

"တော်တော့ . . ."

ရူပါ့ဟန့်တားသံကြောင့် မချိုမချဉ်မျက်နှာဖြင့် သက်ထားက 'ဟီး'ခနဲ ရယ်ပြသည်။ ထိုအချိန်မှာပင် ငြိမ်နေသောသီရိက . . .

"စကားတစ်ခွန်းကြားဖူးတယ်ဟ၊ အမှန်၏ဟိုဘက်မှာ အမှားမဟုတ်တဲ့အခြား အမှန်တရားတစ်ခုရှိတယ်တဲ့။ အခုလည်း နင်တို့နှစ်ယောက်က အဲလိုဖြစ်နေတယ်။ နင်လည်း IT ခေတ်က မိန်းကလေးတစ်ယောက်အနေနဲ့ ဖေဒင်ဆိုတာ ယုံကြည်ခွင့်မရှိနိုင်သလို ဖြိုးခေတ်လည်း မြန်မာတစ်ယောက်အနေနဲ့ ဖေဒင်ကိုရူးသွပ်ပိုင်ခွင့်ရှိတယ်။ အဲဒီတော့ နင့်ကိုမှန်တယ်လို့ပြောရင် ဖြိုးခေတ်ကိုလည်း မှန်တယ်လို့ ပြောရမှာပဲ။ အမှားပြောလို့မရဘူး"

"အဲဒါဆို ငါလည်း ကမ္ဘာကျော်အဆိုမိန့်တစ်ခုကို ပြောပြမယ်။ 'အမှန်နှစ်ခုပေါင်းရင် အမှားဖြစ်တယ်'တဲ့ ငါတို့နှစ်ယောက်ပုံစံက ဒီအဆိုအမိန့်နဲ့ တော်တော်ညီတယ်။ ရှေ့လျှောက်လည်း အဲဒီအတိုင်းပဲဖြစ်မယ်ထင်တယ် . . ."

"ဘာဖြစ်လို့ . . ."

သီရိအမေးကြောင့် ရူပါမထိတထိ တစ်ချက်ပြုံးလိုက်သည်။

"ဒီနေ့မနက်တင် ငါတို့နှစ်ယောက် ထိပ်တိုက်တွေ့ပြီး သွားပြီ။ ဒါပေမယ့် ငါနိုင်လိုက်တယ်ထင်တယ်"



"ဘယ်လို . . ."

"ဟုတ်တယ် . . . ဒီနေ့မနက်တင် ငါသူ့ရဲ့အထုပ်တစ်ထုပ်ပေါ်ကို ကားနဲ့တက်နင်းခဲ့မိသွားပြီ"

"ဟောတော့ . . ."

"တဲရှော့ထုပ်ဖြစ်မယ် ထင်တယ်"

"ဟယ် . . ."

သီရိနှင့်သက်ထား လန့်သွားကြသည်။ ဘယ်က ဘယ်လို ကားပေါ်ကို သုံးယောက်သားရောက်သွားကြမှန်းပင်မသိ။ စကားသံတွေကလည်း တိတ်သွားသည်။ ကိုယ်စီကိုယ်စီဖြစ်နိုင်ခြေများကို တွေ့သွားသည်ထင်သည်။

ထိုအခိုက် ရူပါကကားစက်နှိုး၍ ကားဘီးကိုစလိမ့်လိုက်စဉ်မှာပင် . . .

"ဖောင်း . . . ဖောင်း . . . ရှူး . . . ရှူး"

"ဟင် . . ."

"ဟောတော့ . . ."

"ဟယ် . . . ဘီးတွေပေါက်ကုန်ပြီ"

သုံးယောက်သား အထိတ်တလန့်ဖြင့်ကားပေါ်မှ ဆင်းကာ ကားဘီးတွေကို ငုံ့ကြည့်မိခိုက် . . .

ပျော့အိပြားကပ်သွားသော ကားလေးဘီးနှင့်အတူ ထိနစ်ဝင်နေသော သွပ်မှိုရောင်လက်လက်တို့က . . .

ရူပါချက်ချင်း သဘောပေါက်သွားသည်။ နောက် မာနပြိုးတစ်ခုက မျက်နှာပေါ်အလိုလို ရောက်လာရင်း . . .

"နင်တို့ပြောတာ တစ်ခုလိုသွားတယ်။ အဲဒါ ဘာလဲဆိုတော့ ဖြိုးခေတ်ဆိုတဲ့လူက ကလဲ့စားချေခြင်းကို နှစ်သက်တယ်ဆိုတာပဲ"

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

# VIII

ရှေ့တည့်တည့်ရောက်လာသော လှုရိပ်တစ်ရိပ်၊ ထိုအရိပ်နှင့် ပူးတွဲပါလာသည်ကား ယစ်မူးဖွယ်ညို့ရနံ့တစ်ခု။

ဖြိုးခေတ် တဲရှေ့ကို တစ်ကဒ်ချင်းရေမွေးဆွတ်နေရာမှ အမှတ်မထင် မျက်လုံးပင့်ကြည့်လိုက်သည့်အခိုက်မှာတော့ သူ့မျက်လုံးတွေ မှုက်ဖြူလန်မလိုပင်ဖြစ်သွားသည်။

'ရူပါလင်း' ဟူသောနာမည်ကို စိတ်ထဲမှ ရေရွတ်လိုက်မိသော်လည်း တကယ့်တကယ်ပါးစပ်က ထွက်သွားသည်ကား 'သွားပြီ' ဟူသော စကားနှစ်လုံးသာ။

"သွားပြီ . . ."

ရထားတစ်စီးခုတ်မောင်းသွားသလို နှလုံးသားက ဂျုံးဂျုံး ဂျက်ဂျက်မြည်သွားသည်။ ဦးနှောက်ထဲသို့ သတိပေးသံတွေလည်း တန်းစီဝင်ရောက်လာပါ၏။ ဒီအနေအထားရောက်မှ ထွက်ပြေးလို့လည်းရမည် မဟုတ်တော့။



ဖြိုးခေတ်မျက်လုံးထဲတွင် လေပြားသွားသော ကားလေးဘီးနှင့်အတူ ရူပါလင်း၏လက်ဝါးတွေကို ပြေးမြင်မိပါ၏။ သူ၏ ပါးနှစ်ဖက်စလုံးမှာလည်း အက်ဆစ်နဲ့ထိသလို ဖျင်းကနဲ ဖြစ်သွားသည်။

သူမနောက်မှ အဖော်သူငယ်ချင်းနှစ်ယောက်၊ ဘယ်လိုမှပင် ထွက်ပြေးဖို့ အခွင့်မသာတော့သော အခြေအနေပါ။

ထိုအခိုက်မှာပင် သူမပါးစပ်မှထွက်ကျလာသော စကားတစ်ခွန်းက သူ့နားကို ကန့်လန့်တိုက်သွားစေသည်။

"ကျွန်မဗေဒင်ကြည့်ချင်လို့"

'ဟင်' ခနဲပင် ဖြစ်သွားရကာ သူမကိုမော့ကြည့်မိသည်။

စိတ်ထဲမှာလည်း အံ့သြမှုအမှတ်တွေ ကျော်လွန်ကုန်ပါ၏။

အောင်မြင်စွာ ဖြတ်နင်းသွားသည့်ကား၊ နောက် ထိုကားနှင့် ပတ်သက်သည်များကိုကျော်စွာတို့ စုံစမ်းပေးထားသော အချက်အလက်များအရ . . .

ရူပါလင်းသည် ကျောင်းသူအသစ်ဖြစ်သူ၊ ရုပ်ချောသူ၊ ပိုးပန်းသူတွေများသူဟူသော အချက်အပြင် ဗေဒင်ကို လုံးဝမယုံကြည်ဘူးဟူသည့်အချက်ပါပါသည်။

သို့သော် ယခု သူမပုံစံက တကယ့်အတည်။

ဖြိုးခေတ် ဆွံ့အသယောင်ပင်ဖြစ်သွားရသော်လည်း ရူပါလင်းကတော့ အေးအေးသက်သာပင် ရှေ့ခုံမှာဝင်ထိုင်နေပါ၏။

ဒါဟာ ပြင်းထန်သောမုန်တိုင်းတစ်ခုဝင်ဖို့ အစပျိုးလိုက်ခြင်းဆိုရင်တော့ သူမလုပ်ကွက်တော်တော်လှသည်ဟု ဆိုရပေမည်။

သံသယအငွေ့ပါသောအကြည့်ဖြင့် သူမကိုဒုတိယအကြိမ်ကြည့်မိသည်။ သူရင်ဆိုင်လိုက်ရသည်ကား သူမ၏ခပ်ထေ့ထေ့အပြုံး။

အထင်မကြီးဘူးဆိုသည့် အပြုံး၊ အယုံကြည်မရှိဘူးဟူသော သရော်တော်တော် အပြောင်အပြက်အပြုံး။

တော်တော်လှသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် တော်တော်လည်း ခံပြင်းဖို့ကောင်းသည်။

အမြတ်တနိုး တန်ဖိုးထားခဲ့သောပညာကို စော်ကားရုံသက်သက် ရောက်လာခြင်း၊ တစ်ချိန်ကမှားခဲ့ဖူးသော အမှားအတွက် သူနောင်တ မရတော့ပါ။ အသက်သဖွယ် တန်ဖိုးထားသောတဲရှော့ကို နင်းဖြတ်သွားသည့်ကားဘီးအား ဖောက်ခဲ့ခြင်းသည်လည်း ထိုက်တန်သည်ဟု ယူဆချက်တွေ ခိုင်မာသွားသည်။

တလိမ့်လိမ့်တက်လာသော မာနတွေနှင့်အတူ ထိမထင်သော အပြုံးတစ်ခုကလည်း လုပ်မယူရပါဘဲနှင့် မျက်နှာပေါ်သို့ ထွက်သွားပါသည်။

"ထိုင်ပါခင်ဗျာ . . . ထိုင်ပါ . . ."

တင်းခနဲ ဖြစ်သွားသောစိတ်ကို ထွက်ပေါက်ပေးသည့် သဘောနှင့် နောက်မှာမတ်တတ်ရပ်နေသော မိန်းကလေးနှစ်ယောက်ကို လောကွပ်ပြုလိုက်သည်။ ဖြစ်ချင်ရာဖြစ်ပေတော့ စိမ်ခေါ်သူရှိမှတော့ စိတ်မပါပေမယ့်လည်း ဘက်ညီအောင် ကစားရပါတော့မည်။

"ဒီက ညီမက ဘာကိစ္စများ . . ."

"ဗေဒင် မေးချင်လို့"

စူးအက်အက်အသံတစ်သံက ရူပါလင်းဆီမှ ထွက်လာသည်။

"ဒါဆိုရင်တော့ ညီမတို့မှားနေပြီ။ အစ်ကိုက ဗေဒင်တွက်တာ မဟုတ်ဘူး။ အနာဂတ်ပုံရိပ်တွေကို ဟောဒီကဒ်တွေမှာပေါ်သ၍ ပြောပြတာ"

ဒိုင်ယာလော့ အဟောင်းကြီးဟူသောသဘောဖြင့် ရူပါ အထင်မကြီးစွာ မဲ့ပစ်လိုက်သည်။

"ဟုတ်ပါပြီ . . . ရှင့်ဘာသာ ဗေဒင်ပဲတွက်တွက်၊ အနာဂတ်ပုံရိပ်တွေပဲဟောဟော ကျွန်မနဲ့မဆိုင်ဘူး။ ကျွန်မနဲ့ဆိုင်တာက ရှင်လူတစ်ယောက်ရဲ့ အနာဂတ်ကို ဘယ်လောက်မှန်အောင် ဟောနိုင်လဲ"

ဖြိုးခေတ် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။



"ဟောဒီကဒ်တွေပေါ်မှာပေါ်သ၍နဲ့ ငါ့အာရုံမှာထင်သ၍ အားလုံးမှန်အောင်ဟောနိုင်တယ်"

ဒီတစ်ခါ ရယ်သူက ရူပါလင်း။

"ကြည့်ရသေးတာပေါ့"

အဓိပ္ပာယ်တစ်မျိုးသက်ရောက်သောအပြုံးကို ရူပါက နှုတ်ခမ်းတွန့်ကွေးမှာဖြည့်စွက်ရင်း ဆိုသည်။

ဖြိုးခေတ်ကတော့ ထုံးစံအတိုင်း တဲရှော့ကို သုံးလေးခါဖျက်၍ အခင်းပေါ်တင်လိုက်သည်။ ထိုအခါမှပဲ တဲရှော့ဆီသို့ လှမ်းလာသော ရူပါ့လက်ကြောင့် ဖြိုးခေတ်ကပျာကရာပင် လက်နှင့်ဖမ်းဆုပ်ကာ . . .

"နေပါဦး၊ မင်းရဲ့လက်ဝါးဖြန့်ပါ"

ပထမတော့ ရူပါကြောင်သွားသည်။

နောက်တစ်ကြိမ်ထပ်ပြောမှပင် ဘုမသိဘမသိဖြင့် လက်ဝါးဖြန့်ပေးမိပါသည်။ ထိုအခါမှ ဖြိုးခေတ်လည်း ရေမွှေးပုလင်းထုတ်၍ လက်ဝါးပေါ်ဆွတ်ပေးလိုက်ရင်း . . .

"လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ပါ"

ရူပါ မငြင်းသာတော့ဘဲ နှုတ်ခမ်းကြီးစူကာ လက်ဝါးနှစ်ဖက်ကို ဆောင့်ကြီးအောင့်ကြီးဖြင့် ပွတ်ရပါတော့၏။

"ရပြီလား . . ."

နှုတ်ခမ်းစူနေသော ရူပါ့ပုံစံကိုကြည့်၍ ဖြိုးခေတ်ပြုံးမိသည်။ တော်တော်တော့လှသားဟုလည်း စိတ်ထဲမှာ မှတ်ချက်ပေးမိပါ၏။

"ရပြီ . . . ချိုးပါ . . ."

လှပသွယ်တန်းသော လက်ချောင်းကလေးများက နှစ်ဆယ့်နှစ်ချပ်သောကဒ်တွေကို သုံးပုံတစ်ပုံခန့် ချိုးချပြီးသည့် အခါမှာတော့ --

ဖြိုးခေတ်ကဒ်ကိုဆွဲယူ၍ လှန်မကြည့်သေးဘဲ နမ်းလိုက်သည်။

ပြီးနောက် ပြတ်သားရဲရင့်လွန်းသော အကြည့်များကို ရူပါ့ဆီသို့ တစ်ဆင့်ချင်းရွှေ့၍ တစ်လုံးချင်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း . . . ဘာ . . . သိ . . . ချင် . . . တာ . . . လဲ"

ဖြိုးခေတ်ပုံစံက တကယ့်အရင်းမှန်တာပဲ ဟောမည်။ ဟောတာမှန်ရမည်။ မမှန်ရင် ပါးရိုက်ဆိုသည့် ပုံစံမျိုး။

ရူပါကလည်း ရှင်းသည်။

"ကျွန်မ ကားဘီးတွေကို ဘယ်သူဖောက်သွားတာလဲ သိချင်တယ်"

"အွန်"

ဖြိုးခေတ် ခမျာ "အွန်" ဟုပဲ ထွက်နိုင်ပါတော့သည်။ အရိုက်ကို ဒူးနဲ့ပစ်ဆောင့်ခံလိုက်ရသလို၊ မျက်လုံးတွေပါပြာပြီး အသက်ရှူပင်ကြပ်သွားသည်။

ခေါင်းထဲတွင်လည်း 'မိုက်' ကနဲ ဖြစ်သွားရကာ လက်ထဲမှ ကဒ်လွတ်ကျမသွားအောင်ပင် သတိထားထိန်းလိုက်ရပါ၏။

"သေပြီ"

ဘယ်လိုမှ ထင်မှတ်မထားသော မေးခွန်း။

တရားခံကသူ၊ ထိုတရားခံကို ဖော်ထုတ်ပေးရမည့်သူကသူ၊ ပိုဆိုးသည်က အားလုံးမှန်အောင်ဟောနိုင်တယ်ဟု ပြောထားသောသူ့စကား၊ ချောင်ပိတ်သွားသောမေးခွန်းကို တမင်တကာ မေးလိုက်သည့် ရူပါလင်း။

ကြောင်အ,စွာဖြစ်သွားချိန်မှာပင် 'ဘယ်လိုလဲ' ဟူသော အကြည့်က ထေ့ငေါ့စွာရောက်လာသည့်အတွက် ဖြိုးခေတ်ဖျင်းခနဲ တစ်ချက်ဖြစ်သွားသည်။

"ဘယ်လိုလဲ . . . ရှင်မပြောနိုင်တော့ဘူးမလား"

ဖြိုးခေတ်ဆီမှ အသံထွက်မလာ . . .

"ရှင်ပြောတော့ အကုန်လုံးမှန်အောင် ဟောနိုင်တယ်ဆို"

ဖြိုးခေတ် နှုတ်ဆိတ်မြဲဆိတ်လျက်၊ နဖူးမှလည်း ချွေးသီးတို့ တွဲခိုနေပါပြီ။



"ဒါများရှင် လူအထင်ကြီးအောင် ဟန်ကြီးတစ်ခွဲသားလုပ်နေသေးတယ်။ ကျွန်မက ဘယ်သူလဲဆိုတာ သိချင်ရုံသက်သက်ပါ။ ဘာရည်ရွယ်ချက်မှလည်း မရှိပါဘူး။ ခက်တာက ရှင်ကပြောပြမပေးနိုင်တော့ ဘယ်တတ်နိုင်မလဲလေ။ ကျွန်မကံလို့ပဲ ပြောရမှာပေါ့"

ခနဲ့သလို၊ သရော်သလို စကားလုံးများက မျက်နှာကိုအက်ဆစ်နဲ့အပက်ခံရသည်ထက်ဆိုးစွာ မာနကိုထိုးဆွနေပါသည်။ ဖြိုးခေတ်မှာတော့ ရူပါလင်းစကားတွေကိုပဲ ခံပြင်းနေရမည်လား၊ မိမိကိုယ်ကိုပဲ ဒေါသထွက်ရမည်လား မသိ။

ဒါပေမယ့် ရူပါလင်း၏နောက်ဆုံးစကားတစ်ခုက ယောကျ်ားမာနကို တိတိကျကျ ထိခိုက်လိုက်ခြင်းပင်။

"ကဲ . . . ရှင်မပြောနိုင်ဘူးဆိုရင်လည်း ကျွန်မသွားတော့မယ်။ ဒါပေမယ့် ရှင့်ကို အကြံဉာဏ်တစ်ခုတော့ ပေးခဲ့ချင်တယ်။ အဲဒါ ဘာလဲဆိုတော့ ရှင်နောက်နေ့ကစပြီး ကျောင်းမှာဗေဒင်မဟောနဲ့တော့။ လမ်းဘေးမှာပဲ သွားဟောချည်။ ဒါတောင် ရှင့်အဆင့်နဲ့ဆိုရင်တော့ လမ်းဘေးကဗေဒင်ဆရာတွေ သိက္ခာကျမှာတော့အမှန်ပဲ။ နောက်ပြီး လေကိုလည်း နည်းနည်းလျှော့၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးနဲ့ ဟုတ်ပြီလား"

ဘလိုင်းကြီး နှိပ်ကွပ်သွားလိုက်ခြင်းပင်။ ယောကျ်ားမာနဆိုတာလဲ။ သူမ၏ စကားလုံးတွေအောက်မှာ ရစရာရှိတော့၊ ဖြိုးခေတ်တော်တော်ခံပြင်းသွားသည်။

ပြောချင်ရာပြောပြီး ထွက်သွားဖို့ပြင်လိုက်သော ရူပါလင်း၏ ခြေလှမ်းမရွေ့မီမှာပင် . . .

"နေဦး . . ."

ခံပြင်းစိတ်ဖြင့် အသံကဟိန်းသွားသည်။ ရူပါလင်း၏ခြေလှမ်းလည်း တန့်သွားသည်။ ပြီး သူ့ကို ခပ်ဆတ်ဆတ် လှည့်ကြည့်ပါ၏။

ရင်ထဲမှာ ခံပြင်းစိတ်နှင့်ဒေါသတွေ မုန်တိုင်းဝင်သလို ပတ်မွှေနေသော်လည်း တည်ငြိမ်သောမျက်နှာသွင်ပြင်ကို တမင်လုပ်ယူလိုက်ရင်း။



www.burmeseclassic.com

www.burmeseclassic.com

"အမေးကို အမေးဖြင့် တုံ့ပြန်ခြင်းသည် အဖြေပေးခြင်းထက် တစ်ခါတရံမှာ ပိုအသုံးဝင်သည်ဆိုတဲ့စကားကို မင်းကြားဖူးလား"

ဖြိုးခေတ်စကားကြောင့် ရူပါမျက်မှောင်ကြုတ်သွားသည်။

"ရှင်ဘာကို ဆိုလိုတာလဲ"

"ရှင်းရှင်းလေးပါ၊ မင်းမေးခွန်းကို ငါမဖြေဘူး၊ မေးခွန်းတစ်ခု မင်းကိုပြန်မေးမယ်"

ကန်တင်းသည် ရုတ်တရက်ငြိမ်ကျသွားသည်ဟုထင်လိုက်မိပါ၏။

"မင်းအိမ်ရဲ့ဘုရားခန်းကို မင်းဖိနပ်စီးပြီးတက်လား"

"ဘာရှင့် . . . ရှင်ဘာစကားပြောတာလဲ"

ရူပါ ရှုံ့ခနဲဖြစ်သွားသည်။

"အခု ကျွန်မမေးတာနဲ့ ရှင်ပြောတာနဲ့က ဘာဆိုင်လို့လဲ"

ဖြိုးခေတ် ခပ်ဟဟရယ်လိုက်ရင်း . . .

"ငါက ဟောဒီကဒ်တွေကို အရမ်းယုံကြည်တာကွ"

ရူပါ သဘောပေါက်လိုက်ပါပြီ။ ဟိုတစ်နေ့က သူမကားနဲ့ သူ့ကဒ်တွေပေါ် နင်းခဲ့မိသည့်ကိစ္စကို ဆိုလိုခြင်းပင်။

ရူပါလည်း ပြန်ဖြေစရာစကားမရှိတော့။ ရဲဝံ့သော မျက်လုံးနှစ်စုံသာ တစ်ခဏတာ ဆုံသွားသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်မှာ . . .

"တစ်စက္ကန့် . . .

နှစ်စက္ကန့် . . .

ငါးစက္ကန့် . . .

တစ်မိနစ် . . ."

ကြည့်နေရင်းမှ ဖြိုးခေတ် ရင်တွေခုန်လာရသည်။ မျက်လုံးအရောင်တွေလည်း ပြောင်းသွားသည်လားမသိ။

ထိုစဉ်မှာပင် . . .



ဆတ်ခနဲကျိုးသွားသော အကြည့်တစ်စုံနှင့်အတူ သက်ပြင်းချသံ သဲ့သဲ့ကိုပါ ကြားလိုက်ရသည်။ ပြီးတော့ . . .

သူမမျက်လွှာကိုချကာ အကြည့်လွှဲသွားလေသည်။

"ကောင်းပြီလေ၊ ကျွန်မတို့ နှစ်ပိုင်းခွဲကြတာပေါ့"

ဘာကိုဆိုလိုမှန်း သဘောမပေါက်ခင်မှာပင် ဆက်ပြောသည်။

"ကျွန်မကားက ရှင့်တဲရော့ထုပ်ပေါ်နင်းသွားတယ်၊ ရှင်က ကားဘီးကို ပြန်ဖောက်တယ်။ အဲဒီမှာ နှစ်ယောက်စလုံးညီတယ်။ ဘယ်သူမှမနိုင်ဘူး။ အဲဒီတစ်ပိုင်းကို ထားလိုက်။ အခုတစ်ပိုင်းက ကျွန်မချိုးထားတဲ့ကဒ်ကိုကြည့်ပြီး ကျွန်မအနာဂတ်အတွက် ရှင်ဘယ်နှခွန်းလောက်မှန်အောင် ပြောနိုင်မလဲ"

"အဟား . . . သိပ်ပြောနိုင်တာပေါ့ . . ."

တစ်ဆက်တည်းပင် ရှေ့မှာမှောက်လျက်ရှိနေသော ကဒ်အား ဖြိုးခေတ်ဖြည်းညင်းစွာ လှန်ကြည့်လိုက်သည်။

အာဒံလား၊ ဧဝလားမသိပေမယ့် သူတို့နှစ်ယောက်ကိုရည်စူးထားသည့်ကဒ်။

## VI (THE LOVERS)

သူကျေနပ်စွာ ပြုံးလိုက်သည်။ ထို့နောက် အားမနာတမ်းစိုက်ကြည့်နေသော ရူပါ့မျက်ဝန်းကို တည်တံ့စွာရင်ဆိုင်လိုက်၍ . . .

"မင်း . . . မကြာခင် ချစ်သူတစ်ယောက်ရမယ်"

"ရှင် . . . ခွိ . . . ခွိ . . . ခစ် . . . ခစ် . . ."

'ရှင်' ဆိုသော စကားသံနောက်မှာပင် 'ခွိ' ဆိုသော ရယ်သံတွေ ဆက်တိုက်ထွက်လာတော့သည်။ ပြီး ရယ်သံတစ်ဝက်နဲ့တင် သူ့ကို သရော်ကြည့်ကြည့်၍ . . .

"မဖြစ်နိုင်လိုက်တာရှင်၊ ကျွန်မက ချစ်သူရမယ်ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com

ယုံအောင်ရှိုးမယ်ဆိုရင်လည်း ဒီပြင်စကားတွေ အများကြီးရှိပါတယ်ရှင် ဒီစကားကြီးက မဖြစ်နိုင်လွန်းပါဘူး . . . ခစ် . . . ခစ် . . . ခစ်"

ဖြိုးခေတ် တမုဟုတ်ချင်းတက်လာသော ခံပြင်းဒေါသတွေကို မနည်းထိန်းကွပ်ချုပ်တည်းလိုက်ရင်း . . .

"မင်း . . . ငါ့ကိုလှောင်တာလား"

"မလှောင်ပါဘူး၊ မယုံကြည်တာ"

ဖြိုးခေတ် အံတစ်ချက်ကြိတ်မိသွားသည်။ ပြီးတော့ . . .

"ကောင်းပြီ . . . မင်းနဲ့ငါနဲ့ သဘောတူညီမှုတစ်ခုလောက် လုပ်ရအောင်။ ဒီကဒ်မှာပေါ်တဲ့ ငါ့ရဲ့ဟောကွက်တွေကို စာရွက်လွှတ်တစ်ရွက်မှာရေးပြီး စာအိတ်တစ်အိတ်နဲ့ သိမ်းထားလိုက်မယ်။ ပြီးရင် အဲဒီစာအိတ်ကို မင်းနဲ့ငါမဟုတ်တဲ့အခြားတစ်ယောက်ဆီမှာ အပ်ထားမယ်ကွာ။ ခြောက်လမပြည့်မချင်း မင်းလည်း မကိုင်ရဘူး၊ ငါလည်းမကိုင်ရဘူး။ ခြောက်လပြည့်တဲ့နေ့မှ နှစ်ယောက်စလုံးရှေ့မှာ ဖွင့်ကြည့်မယ် ဘယ်လိုလဲ"

"အဟား . . . အလာကြီးပါလား"

ဖြိုးခေတ် ဆက်မပြောတော့ပါ။

"ရတယ်၊ ကျွန်မလက်ခံတယ်။ ဒါပေမယ့် ဒီလိုစိမ်ခေါ်မှုမျိုးတော့ ဘယ်ဗေဒင်ဆရာပါးစပ်ကမှ ကျွန်မမကြားဖူးဘူး။ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိတဲ့အတွက် ရှင့်ကို ကျွန်မချီးကျူးပါတယ်"

"စောပါသေးတယ် . . . ငါချီးကျူးမခံချင်သေးဘူး။ ဒါပေမယ့် လောလောဆယ်တော့ မင်းဒီဝိုင်းကခဏထပေးပါ။ ငါ ဟောကွက်တချို့ ရေးရဦးမယ်"

ရူပါလင်းနှင့်အတူ သူမအဖော်နှစ်ယောက်ပါ တခြားဝိုင်းပြောင်းသွားသည်။ ဒီတော့မှ ဖြိုးခေတ်လည်း ကဒ်ကိုသေချာကြည့်၍ နှလုံးသားမှလာသောစကားလုံးအချို့ကို စာရွက်လွှတ်ပေါ်တွင်ရေးချလိုက်ပါ၏။



ပြီးတော့ စာအိတ်လွှတ်တစ်အိတ်ထဲထည့်ကာ အပေါ်မှရက်စွဲတစ်ခုတပ်လိုက်သည်။ ထို့နောက်တော့ . . .

ရူပါလင်းထိုင်နေရာဝိုင်းသို့ လျှောက်သွားကာ . . .

"စာအိတ်ပေါ်မှာ နောက် (၆)လအတွက် ရက်စွဲတစ်ခုကိုပါ တပ်ထားတယ်။ ဒီစာအိတ်ကို မင်းဘယ်သူ့ဆီမှာ အပ်ထားဖို့ဆန္ဒရှိလဲ"

ဖြိုးခေတ်စကားကြောင့် ရူပါအနည်းငယ်စဉ်းစားလိုက်ရင်း ဆိုင်နောက်ဘက်သို့ကြည့်သည်။

"ကောင်တာမှာထိုင်နေတဲ့ဒီဆိုင်ပိုင်ရှင်ဆီကို သွားအပ်ထားမယ်"

နောက်တော့ သူတို့နှစ်ဦးကောင်တာဆီသို့ လျှောက်သွားလိုက်ကြသည်။ ဆိုင်ပိုင်ရှင်မှာ အရင်ကတည်းက သူတို့နှစ်ယောက်ကို အကဲခတ်နေသည်ထင်သည်။ အများကြီးမပြောလိုက်ရ၊ အဆင်ပြေသွားသည်။

"ဦးကိုလည်း စိတ်ချပါ၊ (၆)လမပြည့်မချင်း ဦးလည်း ဒီစာအိတ်ကိုမကိုင်ပါဘူး။ ဒါမျိုးတွေကို ဦးလည်းစိတ်ဝင်စားတယ်ကွ"

ဆိုင်ပိုင်ရှင့်စကားကို သူတို့ပြုံး၍သာလက်ခံရင်း ကိုယ်ထိုင်ရာဝိုင်းဆီပြန်လည် လျှောက်လာကြတော့ . . .

"ရူပါ မင်းနဲ့ကိုယ် နောက်(၆)လကြာရင် ဒီနေရာ၊ ဒီအချိန်မှာပဲ ဒီလိုခံယူချက်တွေနဲ့ ပြန်တွေ့ရအောင်"

"အဟင်း . . . စိတ်ချပါ ရှင့်ဘက်ကသာ ကတိတည်ပါစေ"

• • •

"ရူပါ နင်ဘယ်လိုမှမနေဘူးလား၊ ငါကတော့ ရင်တွေခုန်နေပြီ"

"အေးဟာ . . . ဖြိုးခေတ်စာရွက်ထဲမှာ ဘာတွေရေးထားလဲ



www.burmeseclassic.com

www.burmeseclassic.com

သိချင်လိုက်တာ။ မိရူပါ လျှော့မတွက်နဲ့၊ ဖြိုးခေတ်က တရော့ကိုတော်တော်ယုံကြည်တယ်။ သူ့ပုံစံကိုကြည့်ပါလား"

သက်ထားနှင့် သီရိစကားတွေကို ရူပါပြန်အဖြေမပေးမိပါ။ သက်ထားတို့ပြောသလို သူမလည်း ရင်ခုန်နေပါသည်။ စာရွက်ထဲမှာ ဘာတွေရေးသွားသည်ကိုလည်း သိချင်နေပါသည်။ ဒါပေမယ့်လည်း တည်တံ့စွာ သဘောတူထားသော စာအိတ်တစ်ခုဖြစ်နေသည် မဟုတ်ပါလား။

ဖြိုးခေတ်ပုံစံကြည့်ရတာတော့ သူ့ပညာသူတော်တော် ယုံကြည်နေပုံပင်။ ထိုစဉ်မှာပင် သီရိက စုတ်တစ်ချက်ကိုသပ်ရင်း . . .

"ကျွတ် . . . အချိန်တွေကိုသာ (၆)လလောက် မြန်ပစ်လို့ရရင် သိပ်ကောင်းမယ်။ ဒါမှ ရူပါ့ချစ်သူဘယ်သူလဲ မြန်မြန်သိရမှာ"

"အေးဟာ . . . စာရွက်ထဲမှာ ဖြိုးခေတ် နာမည်အတိအကျတွေများ ရေးသွားလားမသိဘူး . . ."

သက်ထားမှတ်ချက်ပေးမှုက စိတ်ဝင်စားဖို့တော့ကောင်းသည်။ ဒါပေမယ့် အဲလောက်တော်သောဗေဒင်ဆရာဆိုလျှင်တော့ လူမဟုတ်၊ သိကြားမင်းပင်ဖြစ်လိမ့်မည်။

"ဒါပေမယ့်ဟာ (၆)လဆိုတာကြီးကတော့ ပျင်းစရာကောင်းလွန်းပါတယ်"

"ငါ့အထင်တော့ ပျင်းဖို့ကောင်းမယ်မထင်ဘူး"

ရူပါ့စကားကြောင့် နှစ်ယောက်စလုံးက သူမကိုကြည့်သည်။

"ငါတို့ဘက်ကသာ ပျင်းဖို့ကောင်းရင်ကောင်းနေမှာ၊ သူ့လိုလူမျိုးကတော့ နေ့တိုင်းမှာ စိတ်ဝင်စားစရာတွေနဲ့ ချည်းနေမှာပဲ။ ဟိုလူက အကူအညီတောင်း၊ ဒီလူက အကူအညီတောင်းနဲ့ ပျင်းချိန်တောင်ရမှာမဟုတ်ဘူး"

ရူပါ့စကားလည်း ဖြစ်နိုင်ချေမှတ်ရောက်နေသည့်အတွက် စကားမဆက်ကြတော့ဘဲ ခေါင်းညိတ်ထောက်ခံနေလိုက်ကြပါတော့သည်။



[illegible]။

ဖြိုးခေတ်ဆိုတာ နှယ်နှယ်ရရမှမဟုတ်တာပဲ။

• • •

ညနေ အိမ်ပြန်ရောက်တော့ ကားပေါ်မှဆင်းကာ ဖိနပ်စင်၌ ဖိနပ်ချွတ်နေစဉ်မှာပင် အိမ်ထဲမှ ဖေဖေနှင့်မေမေပြောနေသော စကားသံအချို့ကို ကြားလိုက်ရသည်။

သူမရင်တစ်ချက် လှိုက်ခနဲ နွေးသွားပါ၏။

မြန်မာတွေ၏ထုံးစံအတိုင်း သူများအကြောင်းပြောနေခြင်းပါ။ ပြောသည့်အကြောင်းကလည်း သူမပင် နားရည်ဝကာ အပ်ကြောင်းထပ်နေပြီဖြစ်သော ဦးကျော်မောင်မိသားစုအကြောင်း၊ ဦးကျော်မောင် စီးပွားရေးလောကတွင် နာမည်ကြီးကြောင်း၊ အကွက်မြင်ကြောင်း လုပ်ငန်းတွေမည်မျှထိ နိုင်မာနေကြောင်းတို့အပြင် တစ်စုံတစ်ယောက်ကို တစ်စုံတစ်ရာ ချီးကျူးသံတွေပါနေပါသည်။

အရင်အချိန်မျိုးဆိုလျှင် သူမကိုယ့်အခန်းသို့ ကိုယ်သွားနားမည်ဖြစ်သော်လည်း . . .

တစ်စုံတစ်ရာ စိတ်ဝင်စားနေသည်ကတစ်ကြောင်း၊ ယနေ့ကျောင်းမှာကြုံတွေ့ရင်ဆိုင်လာရသော အယူအဆ ပဋိပက္ခအချို့တို့ကြောင့် စိတ်လက်မကြည်မသာဖြစ်နေသည်ကတစ်ကြောင်း၊ ထို့ကြောင့် သက်သာလိုသက်သာငြား စကားဝိုင်းတွင် ဝင်ထိုင်နေလိုက်ပါသည်။

ဒီလိုနှင့်ပင် ညနေတစ်ခု၏ ကုန်ဆုံးချိန်သည်ကား . . .

• • •

"ဟာ . . . အရမ်းမိုက်တယ်ကွာ၊ ဟုတ်တယ် . . . ဟော့ကောင်၊ အဲလိုလူမျိုးကို ဒီအတိုင်းပဲ ပညာပေးရမှာ။ ဘလိုင်းကြီး အနိုင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

နေတာ"

ခုတင်ပေါ်လှဲအိပ်နေကြရင်း မနက်က စိန်ခေါ်မှုတစ်ရပ်ကို ပြောပြခိုက် ကျော်စွာက အားရပါးရထောက်ခံခြင်းဖြစ်သည်။ မင်းသစ်ကလည်း . . .

"မင်းကွာ . . . အဲဒါများ တစ်ခါတည်း ဖိုက်ပစ်လိုက်တာ မဟုတ်ဘူး။ နောက် (၆)လ စောင့်ခိုင်းနေရသေးတယ်"

"မဟုတ်ဘူးလေကွာ၊ သူ့ရဲ့ နိမိတ်ကဒ်သဘောအတိုင်းအမှန်ကို ပြောလိုက်တာ။ လတ်တလောပြောလို့ရတာတော့ ငါပြောလိုက်တာပဲလေ။ ဒါပေမယ့် တချို့ဟာတွေက အချိန်က အဆုံးအဖြတ်ပေးသွားတာတွေ၊ ကာယကံရှင်တွေရဲ့ လုံ့လစိုက်မှုကြောင့် အဖြေပြောင်းလဲသွားတာတွေရှိတယ်။ အဲဒါမျိုးကျရင်တော့ ချက်ချင်းကြီးမှန်းပြောလို့ ဘယ်ဖြစ်မလဲ"

သူ့စကားကို ဒီကောင်တွေနားလည်မည် မထင်ပါ။ ဒါပေမယ့် ကျော်စွာက သူသိလိုသောအချက်ကို အနီးကပ်ဆုံးနှိုက်သည်။

"ဒါနဲ့ မင်းစာရွက်ထဲမှာ ရူပါလင်းချစ်သူကို နာမည်အတိအကျနဲ့ရေးလိုက်တာလား"

"အေး"

"ဘယ်သူလဲ ဟေ့ကောင်၊ ငါတို့ စုံစမ်းပေးထားတဲ့ ရူပါလင်းကိုလိုက်နေတဲ့ ကောင်တွေထဲက တစ်ယောက်လား"

ဖြိုးခေတ် ပြန်မဖြေဖြစ်ပါ။ စိတ်ထဲတွင်လည်း အတွေးတို့က လွန်ဆွဲနေသည်။

"မသိပါဘူးကွာ၊ တဲရှော့ထုပ် ကားနဲ့နင်းသွားတဲ့ ကောင်မလေးကို ကားနံပါတ်မှတ်ပြီး စုံစမ်းခိုင်းတော့ ငါတို့က မင်းတို့ဇာတ်လမ်းများဖြစ်တော့မှာလားလို့ ရူပါလင်းကလည်း ကျောင်းပြောင်းလာတဲ့ ကျောင်းသူအသစ်ဆိုပေမယ့် စန်းရှိနေတော့ ငါတို့ကမင်းနဲ့ဆိုလိုက်မှာပဲလို့တွေးနေတာ၊ အခုတော့ . . .



ပြဒါးတစ်လမ်း . . . သံတစ်လမ်း . . ."

"အေးကွာ . . . ဆုံမှဆုံတတ်တယ်"

ထိုစကားတွေကိုတော့ ဖြိုးခေတ်အကြွင်းမဲ့ လက်ခံမိပါသည်။ ဟုတ်သည်။

ယခုသူတို့နှစ်ယောက် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပင် မဟုတ်ပါလော . . .

• • •

ရူပါ ခုတင်ပေါ်၌လူးလှိမ့်ရင်း တောင်တောင်အီအီ စဉ်းစားနေမိသည်။ ဒီနေ့ ကျောင်းမှာကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ စိတ်ကူးရောက်မိသလို၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဟန်အပြည့်ဖြင့် ရဲရဲဝံ့ဝံ့စိန်ခေါ်ရဲသော ဖြိုးခေတ်မျက်နှာကိုလည်း မျက်စိထဲတွင် မြင်ယောင်မိသည်။

ပြီးတော့ လာမည့် (၆)လအကြာမှ ရက်စွဲတစ်ခုနှင့် စာတစ်စောင်၊ နောက် ဖြိုးခေတ်ပြောသည့် 'မင်း . . . မကြာခင် ချစ်သူတစ်ယောက်ရမယ်' ဟူသောစကား။

တွေးနေရင်းနှင့်ပင် သူမရင်တို့ ခုန်လာမိသည်။ အတွေးတို့များလာတော့ သူမတစ်ယောက်ယောက်အပေါ် ရင်ဖွင့်ချင်သည့်ဆန္ဒပြင်းပြလာကာ ခုတင်ပေါ်မှာဆင်း၍ ဖုန်းကိုကောက်ကိုင်လိုက်သည်။

ဖုန်းခွက်ကိုနားနှင့်ကပ်ကာ နံပါတ်တစ်စုံတစ်ရာ နှိပ်မည်ကြံစဉ်မှာပင် . . .

"ဟင် . . ."

ဖုန်းထဲမှ စကားသံအချို့ကြောင့် သူမအံ့ဩသွားမိသည်။ နောက်ချက်ချင်းပင် သဘောပေါက်သွားပါ၏။ အောက်ထပ်မှမေမေ သူ့သူငယ်ချင်းဆိုသော အန်တီနှင့် စကားပြောနေခြင်းပါ။

ရူပါဖုန်းကို ပြန်ချမည်ပြင်ခိုက် . . .

ရုတ်တရက် သူမ၏ နှလုံးခုန်နှုန်းတို့ တိခနဲ ရပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တော့ . . .

သူမ နားထောင်နေဆဲ . . .

မေမေတို့လည်း စကားပြောနေဆဲ . . .

သူမနှလုံးခုန်သံတွေသည်လည်း ရပ်တုံ့နေဆဲ . . .

"ဂွပ် . . ."

အောက်ထပ်မှ မေမေဖုန်းချသွားသည်။

ဖုန်းကိုင်လျက်ရပ်နေသော ရူပါ၏မျက်နှာမှာတော့ အံ့သြမှုတွေလား၊ မခံချင်မှုတွေလား၊ မသိသောအရောင်တွေနှင့်အတူ တစ်စုံတစ်ရာကို စဉ်းစားသွားသည်။

ထို့နောက်တော့ သူမဂဏန်းအချို့ကို ကောက်နှိပ်လိုက်ပါ၏။



# IX

ဖြိုးခေတ်၊ မင်းသစ်နှင့်ကျော်စွာတို့သုံးယောက် ထူးထူးဆန်းဆန်းအခန်းထဲတွင် စာသင်နေသည်။ ထူးဆန်းသော အခန်းမဟုတ်ပါ။ သုံးယောက်စလုံး စာသင်ခန်းထဲတွင် မရှိစဖူးရှိနေသည့်အတွက် ထူးဆန်းသည်ဟု သုံးလိုက်ခြင်းဖြစ်ပါသည်။

ရူပါလင်းနှင့် အခြေအတင်ဖြစ်ပြီးသည်မှစလို့ ဖြိုးခေတ်အတန်းချိန်မှန်လာသည်။ ဘာကြောင့်မှန်းတော့မသိ၊ မနက်ပိုင်းလောက်လာ ဂျစ်ပစီဒ္ဒိရှိတော့၍ ညနေပိုင်းတွင် အတန်းထဲ၌ ရှိတာများသည်။

ယခုလည်း အတန်းချိန်တစ်ခုနှင့်တစ်ခုကြား အနည်းငယ် လွတ်လပ်နေသည့်အတွက် ဖြိုးခေတ်တို့အေးဆေး နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် . . .

"အစ်ကို . . . အစ်ကို . . ."

နောက်ဘက်မှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

"အစ်ကို့ကို သချၤာ Paper II ဆရာ ခေါ်နေတယ်"

"ဟော . . ."

ဖြိုးခေတ်အနည်းငယ် ကြောင်အသွားသည်။

"ငါ့ကို . . ."

"ဟုတ်တယ် ကိုဖြိုးခေတ်မလား"

"အေး"

"ဆရာက ရုံးခန်းထဲမှာ စောင့်နေမယ်တဲ့"

ကျော်စွာနှင့်မင်းသစ်က ဘာကေ့(စ်)လဲဟု မေးငေါ့ပြသည်။ ဖြိုးခေတ်မသိကြောင်း ခေါင်းရမ်းပြရင်း အခန်းထဲမှထွက်ခဲ့ပါ၏။

ဆရာ့ဆီရောက်တော့ . . .

ရုံးခန်းထဲမှ ဆရာက စာရွက်တစ်ရွက်ဖြင့် ဆီးကြိုနေသည်။ သူ ဆရာ့စားပွဲရှေ့ရောက်ရောက်ချင်းမှာပင် ဆရာက . . .

"အဲလိုကြီးကတော့ မကောင်းဘူးပေါ့ကွာ"

"ဗျာ . . ."

"မင်း အဲလိုမလုပ်သင့်ဘူး"

"ဗျာ . . . ဆရာ"

ဆရာကလက်ကာပြရင်း သူ့ဆီကို လက်ထဲမှစာရွက်ထိုးပေးသည်။ ထို့ကြောင့် ဖြိုးခေတ်လည်း ကြောင်ငေးငေးဖြင့်ပင် စာရွက်ကို ယူကြည့်လိုက်ရပါ၏။

စာရွက်ပေါ်တွင် မြင်ရသည်ကား . . .



အကြောင်းအရာ ။ ။ သချၤာ Final မှဖြိုးခေတ်အား စုံစမ်းစစ်ဆေးပေးပါရန်။

ဖြိုးခေတ်သည် သမီး၏ဘောပင်(၉)ချောင်းအား (၃၆)ချောင်းဖြစ်အောင် လုပ်ပေးမည်ဟုဆိုကာ ယူသွားပါသည်။

သို့သော် ယခုအချိန်အထိ (၃၆) ချောင်းမရသည့်အပြင် ယူသွားသော ဘောပင်(၉)ချောင်းနှင့်တကွ လူပါ ပေါ်မလာတော့ပါ။

ထို့အတွက်ကြောင့် သမီး၏ဘောပင် (၉)ချောင်းမှာ အကြောင်းမဲ့ ဆုံးရှုံးလျက်ရှိနေပါသည်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ဖြိုးခေတ်အားစုံစမ်းစစ်ဆေးပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။



www.burmeseclassic.com

www.burmeseclassic.com

# X

"ဟာ"

စာရွက်ကိုကြည့်၍ ဖြိုးခေတ်အာမေဋိတ်သံပင် ထွက်သွားသည်၊ ဘာတွေနည်း။

ကြောင်အစွာ ဆရာ့ကို ကြည့်မိတော့။

"ဘယ်သူဘာညာတော့ ငါမမေးပါဘူး၊ ပြန်ပေးလိုက်ပါကွာ။ ဘောပင် (၉)ချောင်းတောင်ဆိုတော့ မင်းအတွက်လည်း များလွန်းပါတယ်။ ငါ့မှာ ရေးစရာဘောပင်မရှိလို့ တစ်ချောင်းတလေလောက်ပေးပါဆိုရင်လည်း ပေးမှာပါ။ ဒါပေမယ့် မင်းက အခုလိုကြီးလုပ်သွားတော့ ဘယ်ကောင်းမလဲ"

"ဟာ . . . ဆရာ . . . မဟုတ်"

"ရတယ် . . . ငါနားလည်တယ်၊ ကဲ . . . သွား . . . သွား သွားပြန်ပေးလိုက်"



ဆရာကတော့ လုံးဝကိုအစာည်ယူသွားပေပြီ။ ဘာတွေနည်း ဒီစာကရော မည်သူရေးတာနည်း။

လောလောဆယ်တော့ သူ့မှာလုပ်စရာတစ်ခုပဲရှိသည်။

"ဒီ . . . ဒီစာကို ဘယ်သူလာပေးသွားတာလဲ၊ ဆရာ"

'မင်းမသိဘူးလား'ဟူသော အကြည့်ဖြင့် သူ့ကိုတစ်ချက်ကြည့်သည်။ ပြီးတော့ ခေါင်းကို ခပ်လေးလေးရမ်းရင်း . . .

"မသိဘူးကွ၊ ငါအခန်းထဲပြန်ရောက်တော့ စားပွဲပေါ်မှာ ဒီစာတွေ့တာပဲ"

ဖြိုးခေတ်ခေါင်းတို့ အလုပ်ရှုပ်သွားလေသည်။ သူ့မှာ ရန်သူမရှိပါ။ ဒါပေမယ့် ယခုပုံစံက လုလုပပလုပ်ကြံသွားသောပုံစံ။

ဒါနဲ့ပဲ ဖြိုးခေတ်စာရွက်ကိုကိုင်ကာအခန်းထဲမှထွက်ခဲ့ပါတော့သည်။

"ဟေ့ကောင် . . . သေချာပြန်ပေးလိုက်နော်"

ဆရာ့အသံက နောက်မှကပ်ပါလာပါ၏။

ဖြိုးခေတ်မှာတော့ . . .

• • •

စာလည်း ဆက်သင်ချင်စိတ်မရှိတော့သည့်အတွက် ကန်တင်းများဘက်သို့ပဲ ထွက်လာခဲ့သည်။ ခေါင်းစားစရာ ကိစ္စတစ်ခုကတော့ ပေါ်လာပါပြီ။

စာရွက်ကိုကိုင်ရင်း ငေါင်တောင်တောင်ဖြင့် ကန်တင်းတစ်ခုရှေ့မှအဖြတ်။

"ကိုဖြိုးခေတ် . . . ကိုဖြိုးခေတ်"

နာမည်ခေါ်သံကြောင့် လှည့်ကြည့်မိတော့ သက်ထားစားပွဲတွင်ထိုင်နေသော ရူပါလင်းနှင့်သီရိကိုလည်း တွေ့လိုက်ရသည်။ လက်ယပ်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းခေါ်နေသည်ကြောင့် ဖြိုးခေတ်ကြောင်သွားသည်။ ပြီး နားမလည်သောပုံစံဖြင့် သူ့ကိုယ်သူလက်ညှိုးထိုးပြသည်။

'ဟုတ်တယ်' ဟူ၍ သက်ထားက ခေါင်းညိတ်ပြသည်ကြောင့် သူဝင်သွားလိုက်ရပါ၏။ အထဲရောက်တော့ . . .

"ကိုဖြိုးခေတ် ကျွန်မတို့ကို တစ်ခုကူညီပါဦး"

သိပ်ဆန်းသော ကိစ္စတစ်ခုမဟုတ်ပါ။ ထို့ကြောင့်လည်း . . .

"ပြောလေ . . . ဘာကူညီရမှာလဲ"

သက်ထားက ရူပါလင်းကိုကြည့်သည်။ ပြီး သီရိကိုကြည့်သည်။ သီရိကလည်း ရူပါလင်းကိုကြည့်သည်။

ဘာတွေမှန်းမသိသည်ကြောင့် သူလည်း ဘာမှန်းမသိဘဲနှင့် ဝင်ထိုင်လိုက်သည်။

ထိုအခါမှပင် ရူပါလင်းက ရှက်သံဝဲဝဲဖြင့် . . .

"ကျွန်မတို့ကို ပဟေဠိတစ်ခုလောက် ဖြေပေးစမ်းပါ"

"ပဟေဠိ"

သူသံယောင်လိုက်သွားသည်။

ရှက်ဝဲဝဲဖြစ်နေသော ရူပါ့ပုံစံကိုကြည့်၍လည်း စိတ်ဝင်စားသွားရပါ၏။

"ပြောလေ . . . ဘာပဟေဠိလဲ"

"ဒီလိုပါ . . . ခုန ကျွန်မတို့ကို သူငယ်ချင်းတစ်ယောက်က ပဟေဠိဝှက်သွားတယ်။ ဖြေနိုင်ရင် ရုပ်ရှင်လိုက်ပြမယ်လို့လည်း ပြောသွားတယ်။ အဲဒါကြောင့် . . ."

"ဒါဆို ကျွန်တော်ဖြေနိုင်ရင် ကျွန်တော့်ကိုလည်း ရုပ်ရှင်ပြမှာပေါ့ . . ."

"အာ . . . ပြမှာပေါ့ မှန်အောင်သာဖြေပေး"

သီရိစကားကြောင့် ဖြိုးခေတ်အနည်းငယ်ပြုံးလိုက်သည်။ နောက်ရူပါ့ဆီသို့လည်း တစ်ချက်ကြည့်မိပါ၏။ ဂျစ်ပစီဆိုင်မှကိစ္စကို




မေ့ဖျောက်ထားသည့်အလား မျက်နှာလေးက ပကတိဖြူစင်နေသည်။

ထိုစဉ်မှာပင် သက်ထားက . . .

"ဒီလိုကိုဖြိုးခေတ်ရဲ့၊ ပဟေဠိက သွားကြားထိုးတံကိုးချောင်းကို ဒီလိုစီချထားတယ်တဲ့"

ပြော၍ သက်ထားက သွားကြားထိုးတံကိုးချောင်းကို ခွက်ထဲမှ နှိုက်ကာစားပွဲပေါ်တွင် စီချပြသည်။



"အဲလိုစီချထားတဲ့ (၉)ချောင်းကို သုံးဒါဇင်ဖြစ်အောင် အသွင်ပြောင်းပေးရမယ်တဲ့။ သုံးဒါဇင်ဆိုတော့ (၃၆)ချောင်းပေါ့"

"ဟင် . . ."

ဒိန်းခနဲခုန်တက်သွားသော ဦးနှောက်သတိပေးသံနှင့်အတူ ဖြိုးခေတ်လက်က အလိုလို အိတ်ထဲမှစာရွက်ကို စမ်းမိသွားသည်။ ရုံးခန်းမှ ရလာသော စာရွက်နှင့်က . . .

တစ်ခုခုကတော့ဆက်စပ်နေပြီး ဘောပင်(၉)ချောင်းကို (၃၆)ချောင်းဖြစ်အောင် လုပ်ပေးမယ်ဆိုတာနဲ့ သွားကြားထိုးတံကိုးချောင်းကို (၃၆)ချောင်းဖြစ်အောင် အသွင်ပြောင်းပေးရမယ်ဆိုတာနဲ့က . . .

ဘောပင်နှင့်သွားကြားထိုးတံသာ ကွာ၍ ဆိုလိုရင်းက တူနေသည်မဟုတ်ပါလား။ ဒါ . . .ဒါဆို။

ဖြိုးခေတ် ရူပါလင်းဆီ အကြည့်ရောက်သွားသည်။ ရူပါလင်းကတော့ သူမနှင့်မသက်ဆိုင်သည့်အလား သက်ထားစီပြထားသော သွားကြားထိုးတံတွေကိုသာ စိုက်ကြည့်နေပါ၏။

"ဒီ . . . ဒီပဟေဠိကို ဘယ်သူမေးတာလဲ"

အလျင်စလို မေးလိုက်သော သူ့မေးခွန်းကို . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ သူငယ်ချင်းတစ်ယောက်။ ဒါပေမဲ့ သူက ဒီကျောင်းကတော့မဟုတ်ဘူး စီးပွားရေးက။ ကျွန်မတို့ဆီကိုလာလည်ရင်းနဲ့ ဖွက်သွားတာ။ ခုနလေးတင် ပြန်သွားပြီ"

ဖြိုးခေတ်နှလုံးသွေးတို့ ဆူပွက်သွားသည်။ အဲဒီမိန်းကလေး ဘယ်သူလဲ . . .

သိချင်စိတ်တို့ဖြင့် ပြင်းပြသွားရကာ မေးမည်ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကိုတွေးမိပြီး ပြန်ငြိမ်နေလိုက်သည်။ ထိုစဉ်မှာပင် သီရိက–

"ဘယ်လိုလဲ ကိုဖြိုးခေတ် . . . ကူညီနိုင်မလား"

ဖြိုးခေတ်စိတ်တို့ကို ပဟေဠိထဲသို့ ခဏဆွဲသွင်းလိုက်ပြီး ခေါင်းကိုအလုပ်ပေးလိုက်သည်။ ရုပ်ပါအပါအဝင် သုံးယောက်လုံးကလည်း သူ့အဖြေကို စိတ်ဝင်တစား ငံ့လင့်ဟန်တွေ အထင်းသားပေါ်နေ၏။

ဖြိုးခေတ်စဉ်းစားနေရင်းမှ ရေးတေးတေးလေး သဘောပေါက်လာသည်။ ဖြိုးခေတ်စိတ်ထဲမှ သွားကြားထိုးတံကိုးချောင်းကို သုံးဒါဇင်ဖြစ်အောင် စီကြည့်လိုက်သည်။ ဟုတ်ပြီ . . .ရပြီ။

မေးခွန်းက အသွင်ပြောင်းပေးဖို့ပင် မဟုတ်ပါလား။

ထိုနောက်တော့ ဖြိုးခေတ်စားပွဲပေါ်မှ သွားကြားထိုးတံတွေကို လက်ချောင်းတို့ဖြင့်ထိတွေ့ လှုပ်ရှားလိုက်ပါ၏။ ခဏချင်းပင် သွားကြားထိုးတံကိုးချောင်းမှာ သုံးဒါဇင်သို့ အသွင်ပြောင်းသွားသည်။

ဝင်းတက်သွားသော သဘောပေါက်ဟန် မျက်နှာတွေနှင့် အတူ သူ့ဆီသို့ အထင်တကြီးအကြည့်တွေ တပုံကြီးရောက်လာသည်။

ဖြိုးခေတ်သွားကြားထိုးတံ ကိုးချောင်းကို သုံးဒါဇင်(သုံးဆယ့်ခြောက်ချောင်း) ဖြစ်အောင် အသွင်ပြောင်းပေးလိုက်ပုံက အောက်ပါအတိုင်းသာ . . .

# XXXVI



"ဟယ် . . . ဟုတ်တယ်တော့"

"ဟေး . . . ရုပ်ရှင်ကြည့်ရပြီ"

ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသော ရုပ်ပါလင်းတို့ သုံးယောက်မျက်နှာကိုကြည့်မိရင်းမှ သူတစ်ခုစဉ်းစားမိသည်။

"ကိုဖြိုးခေတ် . . . ကျွန်မတို့နဲ့ ရုပ်ရှင်လိုက်ကြည့်မှာလား"

သူပြုံးရင်း ခေါင်းတစ်ချက်ရမ်းလိုက်ကာ . . .

"မကြည့်တော့ပါဘူးဗျာ၊ ဒါပေမယ့် ဒီပဟေဠိပိုင်ရှင်နာမည်ကို ကျွန်တော်သိခွင့်ရှိမလား"

"ရပါတယ် . . . နာမည်က မြတ်နိုးပွင့်တဲ့။ စီးပွားရေး ဒုတိယနှစ်က"

"မြတ်နိုးပွင့်"

ဖြိုးခေတ် စိတ်ထဲမှရေရွတ်မိသည်။ ဒီနာမည်ကို သူကြားဖူးသည်။ စိတ်ထဲတွင်လည်း ရင်းနှီးနေသည်။ ထိုစဉ်မှာပင် သူတို့ထိုင်နေရာကန်တင်းရှေ့မှ ဖြတ်သွားသောကျောင်းသားတစ်ယောက်ဆီသို့ အကြည့်တစ်ခုရောက်သွားချိန်မှာတော့ ဖြိုးခေတ် အရာရာကိုနားလည်သွားပါသည်။ ဟုတ်သည် (အား . . . အား)

အရင်ရက်ဖွဲ့တချို့ဆီမှ တိရစ္ဆာန်စကားတတ်လားဟူသော မိုးလွင်၏အကူအညီတောင်းသံနှင့် တိရစ္ဆာန်လိုရည်းစားစကား အပြောခံချင်သော ထူးထူးဆန်းဆန်း ကောင်မလေးကိုသတိရမိသည်။ ဟုတ်သည် အဲ့ဒီကောင်မလေးနာမည်လည်း မြတ်နိုးပွင့်။

စီးပွားရေးကပဲ . . .

ပြီးတော့ သီရိစကားအရ သူမတို့၏ သူငယ်ချင်းလို့ဆိုသည်။

ဒါဆို . . .

"ဒီတစ်ခါ သူခင်ဗျားတို့ဆီလာရင် ကျွန်တော့်ကို မိတ်ဆက်ပေးပါလား"

သူ့စကားကြောင့် သီရိမျက်လုံး အရောင်တစ်မျိုးပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီး ရူပါဆီကို ကြည့်သည်။ နောက် သူ့ဆီကို အကြည့်ပြန်လှည့်၍ အားတုံ့အားနာဖြင့် . . .

"မိတ်ဆက်ပေးလို့တော့ရပါတယ်။ ဒါပေမယ့် သူလည်း ရူပါလိုပဲ ဗေဒင်ဆိုမယ့်ဘူး။ တစ်ခါတစ်ခါ ရူပါ့ထက်တောင် ပိုဆိုးသေးတယ်။ တော်ကြာ ကျွန်မတို့မိတ်ဆက်ပေးပြီးမှ ဗေဒင်ဆရာမှန်းသိရင် ကိုဖြိုးခေတ်ကို အားနာစရာတွေဖြစ်မှာစိုးလို့။ သူကတစ်မျိုး ဗေဒင်ဆရာတွေကိုအလောင်းအစားလုပ်ပြီးစမ်းတာ။ မှားရင်တော့ အရှက်ကွဲတော့တာပဲ။ အဲဒါကြောင့်မို့လို့ . . ."

ဖြိုးခေတ် ကြက်သီးတစ်ချက် ဖျင်းကနဲ ထသွားသည်။ နှလုံးသွေးတို့ ပူနွေးရှိန်ဖိန်းသွားပါ၏။ သူကြုံတွေ့ခဲ့ရသော ရက်စွဲတစ်ခုအရ သိရိုစကားက ယုံကြည်၍ရသည်။ မိုးလွင်ဆိုသော ကောင်လေး၏အတွေ့အကြုံနှင့် သူ၏အကြံပေးချက်အရ မြတ်နိုးပွင့်သည် ဒီလိုကိစ္စမျိုး စိတ်ဝင်စားနိုင်သည်။ ပြီးတော့ ရုံးခန်းထဲမှတိုင်စာနှင့် သွားကြားထိုးတံပဟေဠိ၊ ဒါကရော ဘာသဘောနည်း။ သူ့ကို ဘလိုင်းကြီးဝင်နွှယ်တာလား . . .

ဒါမှမဟုတ် . . .

"အဟင်း . . . ကျွန်တော်လည်း အဲလိုစိမ်ခေါ်သူတွေကို စိတ်ဝင်စားပါတယ်။ ရပါတယ် ဒီတစ်ခါလာရင်သာ ကျွန်တော်နဲ့ မိတ်ဆက်ပေးပါ"

ပြော၍ ဖြိုးခေတ်မတ်တတ်ထရပ်လိုက်သည်။ ပြီးနောက် ရူပါ့ဆီသို့အကြည့်တစ်ခု အတတ်နိုင်ဆုံးရိုးသားရင်းကြည့်ကာ ကန်တင်းထဲမှ ထွက်လာခဲ့ပါတော့သည်။

ကံကြမ္မာကြီးက သူ့အပေါ်ဘယ်လိုပုံဖော်ပေးဦးမည်နည်း။ သူ့ကို ဒုတိယရူပါလင်းနဲ့ ထပ်တွေ့စေဦးမည်လား။



BURMESE CLASSIC .com

# XI

"အင်း . . . ဒီအတိုင်းဆိုရင် မင်းကိစ္စက တော်တော်စိတ်ဝင်စားဖို့ကောင်းနေပြီ။ မင်းပြောပုံအရဆိုရင်တော့ မြတ်နိုးပွင့်က မင်းကိုပေါ်တင်ကြီး လာနွှယ်တယ်လို့ ထင်စရာပဲ၊ မင်းရော ဘယ်လိုထင်လဲ"

"အဲလိုလည်း ငါမထင်ချင်ဘူးကွ။ ဒါပေမယ့် မင်းထင်သလိုမတွေးဘဲ ရိုးရိုးလေးတွေးရင်လည်း တစ်ယောက်ကပျောက်နေပြန်ရော"

"ဘယ်လိုပျောက်တာလဲ"

"တိုင်စာပို့တဲ့လူနဲ့ မြတ်နိုးပွင့်နဲ့က တစ်ယောက်စီဖြစ်မယ်ဆိုရင်ရော . . . မြတ်နိုးပွင့်က ရူပါတို့နဲ့သူငယ်ချင်းကွာ။ ဒါ့ကြောင့် ရူပါတို့ဆီလာလည်တယ်။ ပြန်ခါနီး သူတို့ကို ပဟေဠိတစ်ခုဝှက်သွားတယ်။ အဲဒီပဟေဠိကို သူတို့မဖြေနိုင်လို့ ငါ့ကိုမေးတယ်။ ဒါဆိုရင် ရှင်းရှင်းလေး မြတ်နိုးပွင့်က ငါနဲ့မဆိုင်တော့ဘူး။ အဲလိုတွေးမယ်ဆိုရင် ငါနဲ့ဆိုင်တာ တိုင်စာပို့တဲ့လူဖြစ်သွားပြီ။ ဒါပေမယ့် တိုင်စာပို့တဲ့လူက ဘယ်သ[illegible]နားမသိ ပျောက်နေပြန်ရော"



www.burmeseclassic.com

www.burmeseclassic.com

"ဒါမှမဟုတ်၊ မင်းသစ်ထင်သလို မြတ်နိုးပွင့်က မင်းကိုစိတ်ဝင်စားလို့ လာနွှယ်တာဆိုရင်ရော"

"ဒါတော့ ဖြစ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို စိတ်ဝင်စားတယ်ဆိုရင် ငါ့အကြောင်းကို အနည်းအကျဉ်းတော့ သိထားမှာပဲ။ မြတ်နိုးပွင့်က ရုပ်ပါလင်းလိုပဲကွ။ ဗေဒင်ကို လုံးဝမယုံဘူး။ အဲဒါနဲ့တင် မင်းအထင် လုံးဝမှားသွားပြီ။ နောက်ပြီး မိုးလွင်နဲ့ကလည်း ဒီအချိန်ဆို အဆင်ပြေနေလောက်ပြီ။ အဲဒါဆိုရင် အခုကိစ္စက မြတ်နိုးပွင့်နဲ့မဆိုင်တော့ဘူး"

"တကယ်လို့ မိုးလွင်နဲ့အဆင်မပြေသေးဘဲ မင်းဆီကို ဦးတည်လာတယ်ဆိုရင်ရော"

"ဒါဆိုရင်တော့ မြတ်နိုးပွင့် တိုင်စာပို့တဲ့သူနဲ့ အတူတူထည့်စဉ်းစားရမှာပေါ့"

"အေးကွ . . . မိုးလွင်နဲ့ ကြိုက်မကြိုက်သေချာသိရင်တော့ ငါတို့ စဉ်းစားစရာလူတစ်ယောက်လျော့သွားမယ်"

"အေး . . . ငါလည်း အဲ့ဒီကိစ္စကို သေချာသိချင်လို့ ညနေက မိုးလွင်ကို လိုက်ရှာတာ နံ့နေတာပဲ။ ခြေသာတိုသွားတယ် မတွေ့ဘူး"

သူတို့သုံးယောက်စကားသံတို့ ခဏတိတ်သွားသည်။ တအောင့်ကြာတော့ . . .

"ဟေ့ကောင် ဖြိုးခေတ် . . . မင်းရှုပ်ပါ့ကို ဘယ်လိုမြင်လဲ"

ကျော်စွာ့စကားကြောင့် ဖြိုးခေတ်မျက်မှောင်ကြုတ်သွားသည်။

"ငါဆိုလိုတာက ဒီကိစ္စထဲမှာ ရုပ်ပါ ပါမပါ . . ."

"ငါတော့မထင်ဘူး"

မင်းသစ်က ဝင်ပြောလိုက်ခြင်းပါ။

"မြတ်နိုးပွင့်မပါတဲ့အပိုင်းကို စဉ်းစားကြည့်။ ရုပ်ပါက ဗေဒင်ကိုမယုံဘူး။ ဖြိုးခေတ်က အရမ်းရူးသွပ်တယ်။ အဲဒီတော့ သူတို့နှစ်ယောက်အယူဝါဒ ကွဲလွဲချက်အရ (၆)လကြာမှ ဖွင့်မယ်ဆိုတဲ့ စာတစ်စောင်ရေးပြီး အလောင်းအစားလုပ်တယ်။ အဲ့ဒီမှာတင်ဇာတ်လမ်းက ပြီးသွားပြီ။ ထပ်ဆက်လို့မရတော့ဘူး။ ဆက်မယ်ဆိုရင်လည်း နောက် (၆)လပြီးမှ ဆက်လို့ရမယ် . . .

နောက် (၆)လပြည့်ပြီးမှ စာအိတ်ဖောက်ကြည့်လို့ ဖြိုးခေတ်မှန်ရင် ဇာတ်လမ်းထပ်ဆက်၊ မမှန်ရင်ဇာတ်လမ်းကလုံးဝရပ်။ ဒီကြားထဲမှာ သူတို့နှစ်ယောက် ဇာတ်လမ်းဖြစ်စရာမရှိဘူး။ အဲဒီတော့ ရုပ်ပါ့ကို ထင်မယ်ဆိုရင်လည်း နောက် (၆)လပြည့်ပြီးမှ ထင်လို့ရမယ်"

မင်းသစ်စကားကလည်း ဟုတ်နေသည်။ ဒီကြားထဲမှာ သူနှင့်ရုပ်ပါ ထိပ်တိုက်တွေ့စရာကိစ္စမရှိ။

ဒါဆို ဘာကို ဘယ်လိုတွေးရမည်လဲ . . .

ဖြိုးခေတ် စိတ်ရှုပ်ထွေးစွာ ခေါင်းရမ်းမိသည်။

ဒီလိုနှင့်ပဲ မရေရာသော ညတစ်ခုက ကုန်လွန်သွားခဲ့ပါ၏။





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## XII

ဒီနေ့မနက်တော့ ဖြိုးခေတ် အခြေအနေကောင်းနေသည်။ နေ့ဝက်ပင်မကျိုးချင်သေး လူနှစ်ယောက်ရပြီးသွားပြီ။ အိတ်ကပ်ထဲမှ နှစ်ယောက်စာဟောကြေးမဖြစ်စလောက်က ဖေဖေမသိအောင် မေမေ နိုးထည့်ပေးထားသော သူ့ဘဏ်စာအုပ်ထဲမှ ငွေများနှင့်ယှဉ်လျှင်တော့ သိမ်ငယ်ချင်ကောင်းသိမ်ငယ်လိမ့်မည်။

ဒါပေမယ့် ဒီငွေမဖြစ်စလောက်လေးသည် သူကိုယ်တိုင် လုံ့လ ပြု၍ ရှာထားသောငွေ၊ သူ့ကြိုးစားမှု၏ အသီးအပွင့်၊ အိမ်ပေါ်မှဆင်းခဲ့သည့်အချိန်မှစလို့ ယခုအချိန်အထိ သူ့ဘဏ်လက်မှတ်က အရာမယွင်းသေး၊ ကင်းနိုင်သမျှကင်းအောင်လည်းနေသည်။



"မင်းကြိုက်တဲ့လမ်းကို မင်းလျှောက်ခဲ့ပြီးပြီ။ မင်းကိုယ်မင်း တာဝန်မယူရဲဘူးလား။ မင်းအားကျတဲ့ဂျစ်ပစီဆိုတာ ဒီလို ပျော့ညံ့ညံ့ ကောင်တွေလား။ မင်းလို ပျော့ညံ့တဲ့သားမျိုးမွေးထားမိတာ ငါမှားတာပဲ"

ဟူသော ဖေဖေ့စကားသံတွေကို သူအတတ်နိုင်ဆုံး ရှောင်ရှား ချင်သည်။

အခုတော့လည်း သူ့ဘဝက အနည်းငယ်နေသားကျလို့နေပါပြီ။ ဖြိုးခေတ် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း နာရီကိုကြည့်သည်။

ကျော်စွာနှင့်မင်းသစ်လည်း ရောက်မလာသေး။ မိုးလွင်ကို မတွေ့ သေးလို့ထင်သည်။

မိုးလွင်နှင့်တွေ့လျှင်တော့ တစ်စုံတစ်ရာအဖြေတစ်ခုတော့ ရ လိမ့်မည်ဟု ဖြိုးခေတ်တွေးမိပါ၏။

ထိုစဉ်မှာပင် . . .

"ဘာလဲကွာ . . . ကမ္ဘာဦးအစတည်းက မိန်းမနဲ့ယောကျ်ား ချစ်လာကြတာ သီအိုရီရှိတယ်မကြားဖူးဘူး။ သူ့ကျမှ အချစ်သီအိုရီ တဲ့ . . . မဖြစ်နိုင်တာကြီး"

"ဟုတ်တယ် . . . ဟော့ကောင်၊ အဲဒါမင်းကို မြတ်နိုးပွင့် သက် သက်စားလိုက်တာ"

မြတ်နိုးပွင့်ဟူသောအသံကြောင့် ဖြိုးခေတ် အသံလာရာဆီ အကြည့်ရောက်သွားပါ၏။ သူ၏မျက်စောင်းထိုးဝိုင်းမှ ကျောင်းသား တစ်အုပ်စု ကျိတ်မနိုင်ခဲမရ မချိတင်ကဲ ပြောနေကြခြင်းဖြစ်သည်။

"အချစ်သီအိုရီကိုထုတ်နိုင်မှ မင်းချစ်ရေးဆိုတာကို လက်ခံမယ် ဆိုတော့ ဘယ်လိုဆက်လုပ်မလဲ"

"အေးကွာ . . . ဘာဆက်လုပ်ရမှန်းကိုမသိဘူး"

စကားအသွားအလာများကြောင့် နောက်ဆုံးပြောလိုက်သော တစ်ယောက်သည် မြတ်နိုးပွင့်ကို စိတ်ဝင်စားသူဖြစ်မည်ဟု တွေးမိသည်။ ဖြိုးခေတ်တိုက်ဆိုင်လွန်းသော အခြေနေတစ်ရပ်ကို ဆက်၍ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

မိစဉ်မှာပင် . . .

အချစ်သီအိုရီဟူသော စကားကြောင့် ပြုံးဖြစ်သည်။

ပြဋ္ဌာန်းစာအုပ်တွေထဲမှာတော့မပါ။ ဒါပေမယ့် သူတစ်ချိန်က တွေးခဲ့ဖူးပါ၏။ နောက်ပြီး ထူးထူးဆန်းဆန်းတွေးတတ်သည့် မြတ်နိုးပွင့်ကိုလည်း ချီးကျူးမိသည်။

ထိုစဉ်မှာပင် လက်မောင်းကို တို့ထိလိုက်သော အထိတွေ့တစ်ခုနှင့် အတူ . . .

"ကိုဖြိုးခေတ် "

"ဟေ"

ဖြိုးခေတ်တစ်ကိုယ်လုံး တောင့်မတ်သွားလေသည်။ သူ့မျက်စိရှေ့တွင် တွေ့ရသည်ကား မိုးလွင်။

"ဟ . . . မိုးလွင်၊ မင်း . . . မင်း . . ."

"ကျွန်တော် အစ်ကို့ကိုတွေ့ချင်နေတာ အရေးတကြီးကိစ္စရှိလို့"

"ဟာ . . . ငါလည်း မင်းကိုတွေ့ချင်နေတာကွ၊ အရေးကြီးတယ်"

သူ့စကားကြောင့် မိုးလွင်က ဘေးဘီကိုဝေ့ကြည့်သည်။ နောက် အချစ်သီအိုရီဆို၍ မကျေမချမ်းရေရွတ်နေသော ကျောင်းသားတစ်အုပ်စုဆီသို့ အကြည့်ရောက်သွားပြီး မျက်နှာပျက်သွားပါ၏။ ပြီးတော့ . . .

"တစ်နေရာကိုသွားပြောရအောင် အစ်ကိုရာ။ ဒီထဲမှာက မလွတ်လပ်ဘူး"

မိုးလွင်စကားကို ဖြိုးခေတ်လက်ခံကာ သိမ်းဆည်းစရာပစ္စည်းများကိုသိမ်း၍ မိုးလွင်နောက်မှ လိုက်လာခဲ့ပါ၏။

သူတို့နှစ်ယောက် ကျောင်းပြင်ထွက်သွားပြီး သောက်သူမရှိသလောက်နည်းသည့် လမ်းဘေးမြေစိုက်လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်တွင် ထိုင်ကြသည်။

လက်ဖက်ရည်မှာပြီးတော့မှ မိုးလွင်က စကားစသည်။



"အစ်ကို ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ"

ဖြုန်းဒိုင်းကြီးမေးလိုက်သော မိုးလွင်အမေးကြောင့် ဖြိုးခေတ် ဘယ်က စမေးလို့မေးရမှန်းမသိ ဖြစ်သွားသည်။ ဒါနဲ့ပဲ . . .

"ငါ့ကိစ္စကို ခဏထားလိုက်ပါ။ အခု မင်းငါ့ကိုတွေ့ချင်တာ ဘာကိစ္စလဲ"

ဖြိုးခေတ်အမေးကြောင့် မိုးလွင်က မသာမယာခေါင်းကို ရမ်းသည်။ ပြီးတော့ . . .

"အစ်ကို ခုန ဂျစ်ပစီမှာကြားခဲ့တဲ့ စကားကိုမှတ်မိလား"

"ဘာစကားလဲ"

"အချစ်သီအိုရီဆိုတဲ့စကား . . ."

မိုးလွင် မျက်နှာမကောင်းပါ။

"အေး . . .ကြားလိုက်တယ်၊ ဘာဖြစ်လို့လဲ"

"ကျွန်တော့် ကိစ္စကလည်း အဲဒါနဲ့ပတ်သက်နေတယ်အစ်ကို"

"ဟင် . . ."

"ဟုတ်တယ် . . . အစ်ကို့ကို ကျွန်တော်တွေ့ချင်တယ်ဆိုတာ အဲဒီအချစ်သီအိုရီကိစ္စ"

ဖြိုးခေတ်စိတ်ဝင်စားသွားသည်။ ပြီး ဂျစ်ပစီမှာကြားခဲ့သော စကားကိုလည်း ပြန်အမှတ်ရမိသည်။ ဒါဆို အခု မိုးလွင်ကိစ္စသည်လည်း မြတ်နိုးပွင့်နှင့် ပတ်သက်နေပြီလား။

"အစ်ကို့ဆီက ကျွန်တော် တိရစ္ဆာန်လိုရည်းစားစကားပြောနည်း တောင်းသွားတာ အစ်ကိုမှတ်မိမှာပေါ့"

"အေးလေ . . . မှတ်မိတယ်။ ဘယ်လိုလဲ ကောင်မလေးနဲ့ အိုကေသွားပြီလား"

ဖြိုးခေတ်သူလိုချင်သည့် Point ကို အခွင့်သာတုံး ညှပ်မေးလိုက်သည်။ မိုးလွင်က ခေါင်းကိုရမ်းပါ၏။

"အဆင်မပြေပါဘူး အစ်ကိုရာ . . . မြတ်နိုးပွင့်ကလည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်လိုရည်းစားစကားပြောနိုင်မှ ကျွန်တော်ချစ်ရေးဆိုတာကို လက်ခံမယ်လို့ ပြောတာလေ။ အခုတော့ လက်ခံသွားပြီ။ ဒါပေမယ့် အဖြေမရသေးဘူး။ အဲဒါကို ကျွန်တော်ပေါက်ကွဲနေတာ"

ဖြိုးခေတ် ခေါင်းထဲတွင် အချက်အလက်တို့ ရှုပ်ထွေးသွားသည်။ မိုးလွင်နှင့်မြတ်နိုးပွင့် အဆင်မပြေလောက်သေးဘူးဟုပြောသည့် ကျော်စွာ အထင် မှန်နေပြီလား။ ဒါဆိုရင်တော့ မင်းသစ်တွေးထင်သည့် အချက်က စဉ်းစားစရာဖြစ်လာပြီ။

"မင်းက ဘာတွေပေါက်ကွဲနေတာတုံး၊ တကယ်ချစ်ရင် စိတ်ရှည်ပေါ့ကွာ။ ရမှာပေါ့"

"မဟုတ်ဘူးအစ်ကို ကျွန်တော်တစ်ယောက်တည်းဆို ဘယ်လောက်ပဲကြာကြာ ကျွန်တော်စောင့်နိုင်တယ်၊ စိတ်ရှည်နိုင်တယ်။ အခုက ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး"

"ဟေ . . ."

"ဟုတ်တယ် . . . ဂျစ်ပစီထဲမှာတွေ့ခဲ့တဲ့ ကောင်တွေလည်း လိုက်နေတာ"

"ဟို . . . အချစ်သီအိုရီမရလို့ ပေါက်ကွဲနေတဲ့ကောင်တွေလား"

"ဟုတ်တယ် အစ်ကို . . . အဲဒါကို ကျွန်တော်လည်း တင်းနေတာ"

မိုးလွင်စကားကြောင့် ဖြိုးခေတ်ကြောင်သွားပါသည်။ သူ့ဘာသာ အချစ်သီအိုရီမရလို့ ပေါက်ကွဲနေတဲ့ကိစ္စ မိုးလွင်ကကြားထဲက ဘာကိုတင်းရသနည်း။

"အစ်ကို စဉ်းစားကြည့်ဗျာ . . . မြတ်နိုးပွင့်နဲ့ကျွန်တော်နဲ့က ငယ်ငယ်ကတည်းက သူငယ်ချင်း။ ပြီးတော့ အိမ်နီးနားချင်း၊ သူ့သဘောကျ တိရစ္ဆာန်လိုရည်းစားစကားပြောပြီးခဲ့တာလည်းကြာပြီ။ ဒါကို မနေ့တနေ့ကမှလိုက်တဲ့ကောင်တွေနဲ့ တန်းတူသတ်မှတ်ကာ တော်တော်တင်း



ဖို့ကောင်းတယ် အစ်ကို၊ မြတ်နိုးပွင့်မတရားဘူး"

ဖြိုးခေတ် သဘောပေါက်လိုက်ပြီ။

"ဒါဆို မင်းကိုလည်း အချစ်သီအိုရီ ရှာခိုင်းတယ်ပေါ့"

"ဟုတ်တယ် . . . အဲဒါကြောင့်မို့လို့ အစ်ကို့ကိုလိုက်ရှာနေတာ"

သူအနည်းငယ်ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

"ဒါနဲ့ နေပါဦးကွ၊ စီးပွားရေးကကျောင်းသူတစ်ယောက်ကို တို့ကျောင်းကကောင်တွေက ဘယ်လိုတွေ့ပြီး လိုက်ဖြစ်သွားတာလဲ"

"အဲဒါက ဒီလိုအစ်ကို၊ မြတ်နိုးပွင့်က ဒီကျောင်းမှာ သူ့အစ်မရှိလို့ သူ့အစ်မဆီကို လာလာလည်တာ။ အဲဒါကို ဒီကောင်တွေက တွေ့ပြီးလိုက်တာ"

အခုတော့ ဒီကျောင်းအလာကိုတောင်မစောင့်တော့ဘူး။ စီးပွားရေးကို ဒီကောင်တွေအုပ်စု ခဏခဏလိုက်သွားတယ်ကြားတယ်"

"သြော် . . ."

သူ 'သြော်' လိုက်ရသော်လည်း စိတ်ထဲတွင်တော့ အနည်းငယ် ရှုပ်ထွေးသွားသည်။ သီရိတို့ပြောတော့ မြတ်နိုးပွင့်က သူမတို့သူငယ်ချင်း။ သူမတို့ဆီ လာလည်တာတဲ့။ ယခု မိုးလွင်ပြောတော့ မြတ်နိုးပွင့်က သူ့အစ်မဆီကလည်တာတဲ့။

ကြားထဲတွင် သူမသိသော အကွက်တစ်ကွက် မြုပ်နေပြီထင်သည်။ ဒါပေမယ့် . . .

"မင်းကို ငါကူညီလို့ရပါတယ်။ အဲဒီမြတ်နိုးပွင့်ပြောတဲ့ အချစ်သီအိုရီဆိုတာကို ငါတစ်ချိန်က စဉ်းစားဖူးတယ်။ အတိအကျကြီးတော့ ဘယ်ဟုတ်မလဲကွာ၊ အနီးစပ်ဆုံးပေါ့။ နောက်ပြီး အဲဒီသီအိုရီကသချာနည်းလေးပါ နည်းနည်းရောတယ်"

မိုးလွင်မျက်နှာ လပြည့်ညလမင်းကြီးလို ဝင်းပြည့်ပြောင်းအစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ရ . . . ရတယ်အစ်ကို . . . ကျွန်တော့်ကိုသာပေး ကျွန်တော်ယူမယ်။ ဒါနဲ့ အစ်ကိုဘယ်သူ့ပေးပြီးသွားပြီလဲ"

"ဟင့်အင်း"

"ဟာ . . . ဝမ်းသာတယ်အစ်ကိုရာ၊ ကျေးဇူးလည်းတင်တယ်"

ချက်ချင်းပင် မိုးလွင်ကဘောပင်နှင့်စာရွက်ထုတ်ကာ လိုက်ကူး ဖို့ပြင်သည်။ ဒီတော့မှ ဖြိုးခေတ်လည်း မိုးလွင်ထံမှဘောပင်နှင့်စာရွက် ကိုယူ၍ သူကိုယ်တိုင်ပင်ရေးပေးလိုက်သည်။



| | | | | |
|---|---|---|---|---|
| သည်းခံမှု | | မာန် | | မေတ္တာ |
| နားလည်မှု | − | မာန | = | သစ္စာ |
| သဘောထားကြီးမှု | | အတ္တ | | အကြင်နာ |

| | | | | |
|---|---|---|---|---|
| မေတ္တာ | | | | |
| သစ္စာ | × | နှလုံးသား | = | အချစ် |
| အကြင်နာ | | | | |

"သည်းခံမှု၊ နားလည်မှု၊ သဘောထားကြီးမှုတွေထဲက မာန်၊ မာန၊ အတ္တကိုနှုတ်ရင် မေတ္တာရယ်၊ သစ္စာရယ်၊ အကြင်နာရယ်ဆိုပြီး တော့ရတယ်။

အဲ့ဒီ မေတ္တာရယ်၊ သစ္စာရယ်၊ အကြင်နာရယ်ကိုမှ နှလုံးသား နဲ့မြှောက်ရင် 'အချစ်' ရပြီပေါ့"

ဖြိုးခေတ် လက်မှလည်းရေး၊ ပါးစပ်မှလည်း ရှင်းပြသည်။

"ဒါ အစ်ကိုဉာဏ်ရှိသ၍ စဉ်းစားထားတာနော်၊ လူတိုင်းအတွက် တော့မဆိုလိုဘူး။ အစ်ကို့အတွက်တော့ ဒီသီအိုရီကအမှန်ဆုံးပဲ"

မိုးလွင်မျက်နှာ ဝင်းကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြိုက်တယ်အစ်ကို ဒီလောက်ဆိုဖြစ်တယ်"

ပြောပြီး မိုးလွင်က စာရွက်ကို တယုတယသိမ်းဆည်းပြီးတော့ ရေနွေးတစ်ခွက်ကို ကောက်မော့သည်။ နောက် သူ့ကိုကြည့်၍ သတိတရဖြင့် . . .

"အစ်ကို ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာကရော ဘာကိစ္စလဲ"

သူ့မှာ မေးစရာအကြောင်းမရှိတော့ပါ။ ဒါပေမယ့် နားမလည်တာတစ်ခုတော့ ရှိနေသည်။ အဲဒါက . . .

"ဘာမှမဟုတ်တော့ပါဘူးကွာ . . . ထားလိုက်ပါ။ ဒါပေမယ့် ငါမရှင်းတဲ့ကိစ္စတစ်ခုတော့ရှိတယ်။ နောက်ပြီး မင်းကိုလည်း အကူအညီတောင်းချင်တယ်"

"ဘာလဲ အစ်ကို"

ချက်ချင်းပင် မိုးလွင်စိတ်ဝင်စားသွားသည်။

"ဒီလို . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . အဲဒါပဲ"

သူ့စကားဆုံးတော့ မိုးလွင် သဘောပေါက်သလို ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"ရတယ်အစ်ကို . . . ကျွန်တော်ကူညီနိုင်ပါတယ်။ သူ့ကိုတိုက်ရိုက်မဟုတ်ရင်တောင် သူ့မိဘတွေဆီ မေးပေးလို့ရတယ်။ ဒါပေမယ့် အစ်ကိုတွေးတာမှန်မှာပါ"

ထို့နောက် သူတို့နှစ်ယောက် အချိန်ကြာကြာ စကားထပ်ပြောဖြစ်ကြသည်။

ဟိုအကြောင်း၊ ဒီအကြောင်းတွေပေါ့ . . .

နောက်ပြီးတော့ ဘာညာ၊ ဘာညာတွေပေါ့ . . .



## XIII

နောက်နှစ်ရက်လောက်အကြာမှာပင် ရေးကြီးသုတ်ပျာဖြင့် မိုးလွင်ရောက်လာသည်။

"ကိုဖြိုးခေတ် . . . ဒုက္ခတွေတော့များကုန်ပြီ"

"ဟင်"

ဆိုင်းမဆင့်ဘုံမဆင့်ပြောလိုက်သော မိုးလွင်စကားကြောင့် ဖြိုးခေတ်ပင်မဟုတ်။ မင်းသစ်နှင့် ကျော်စွာတို့လည်း ကြောင်ကုန်သည်။ အခန်းထဲတွင် ဆရာမဝင်သေးသဖြင့် စကားသံတွေ ဆူညံနေပါ၏။

"ဘာတွေ ဒုက္ခများတာလဲ"

ကျော်စွာက ဝင်မေးသည်။

"ဟို . . . ဟိုတစ်နေ့က ကိုဖြိုးခေတ်ပြောလိုက်တဲ့အချက် သိအိုရီလေ . . .



www.burmeseclassic.com

www.burmeseclassic.com

အဲဒါ ကျွန်တော်မြတ်နိုးပွင့်ကို ပေးလိုက်ပြီ"

"အဲဒီတော့ . . ."

"အဲဒီသီအိုရီကို မြတ်နိုးပွင့်က ကျွန်တော်ထုတ်တယ်ဆိုတာ မယုံဘူးတဲ့။ ကျွန်တော်ဘယ်လိုလဲပြောပြော မယုံဘူး။ နောက်ပြီး ဒီသီအိုရီကို ကိုဖြိုးခေတ်ထုတ်ပေးတယ်ဆိုတာ သိနေတယ်"

"ဟင်"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်လည်းကြားကြားချင်း အံ့သြသွားတာ၊ ဘယ်ကသိတာလဲလို့မေးတော့ မပြောဘူး။ ဒါနဲ့ ကျွန်တော်လည်း လိမ်လို့မရမယ့်အတူတူ တိရစ္ဆာန်ရည်းစားစကားကအစ ကိုဖြိုးခေတ် ဆီကရတာလို့ ဖွင့်ပြောလိုက်တယ်ဗျာ။ အဲမှာတင် ဒုက္ခများကုန်တာ"

"ဘယ်လို . . ."

ဒီအကြောင်းကို မသိသောမင်းသစ်က ဝင်မေးသည်။ ဖြိုးခေတ် မင်းသစ်ကိုလက်လှမ်းတို့ရင်း နောက်မှပြောပြမယ်ဟူသော အမူအရာဖြင့် လက်ကာပြလိုက်ပါ၏။ ပြီး ဆက်ပြောဟူသော သဘောဖြင့် မိုးလွင်ကို အချက်ပေးသည်။

"သူက အရင်ကတည်းက ဗေဒင်ဆိုတာကို ယုံတာမဟုတ်ဘူးလေ၊ ဗေဒင်ဆရာကိုလည်း အထင်မကြီးဘူး။ အခု သူအထင်မကြီးတဲ့ ဗေဒင်ဆရာက သူ့အထင်ကြီးတာတွေလုပ်ပြလိုက်တော့ ပထမတော်တော် အံ့သြသွားတယ်။ နောက် ဒေါသထွက်သွားတာလား၊ မခံချင်ဖြစ်သွားတာလားမသိဘူး၊ တောက်တစ်ချက်ခေါက်ပြီး ထွက်သွားတာပဲ။ ကျွန်တော်လည်း ဒီလောက်နဲ့ပြီးသွားမယ်ထင်တာ။ ဒါပေမယ့် ဒီနေ့မနက်ကြား ရတဲ့သတင်းက တော်တော်ဆိုးတယ်"

"ဘယ်လို . . . ကြားရလို့လဲ"

"ဒီနေ့မနက် ကန်တင်းတွေမှာ ကိုဖြိုးခေတ်ကိုလိုက်ရှာနေတယ်တဲ့"



"ဟော . . ."

"ဘာလုပ်ဖို့လဲ"

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး။ တော်သေးတာပေါ့ ကိုဖြိုးခေတ်စာသင်ခန်းထဲ ရောက်နေလို့"

မိုးလွင်မှာ စိုးရိမ်တကြီး ပြောနေသလောက် ဖြိုးခေတ်ကတော့ အေးအေးသက်သာပင်။ ပြီးတစ်စုံတစ်ရာကို စဉ်းစား၍ . . .

"ငါပြောထားတဲ့ကိစ္စတွေ အဆင်ပြေလား"

ပထမ စဉ်းစားသွားသည်။ ပြီးမှ တစ်ခုခုကို သတိရလိုက်သလို ဝမ်းသာအားရဖြင့် . . .

"ဟာ . . . အဆင်ပြေတယ်အစ်ကို။ ကျွန်တော်စုံစမ်းပြီးသွားပြီ။ ကိုဖြိုးခေတ်ထင်ထားတာတွေ အားလုံးကွက်တိပဲ၊ အခု အစ်ကိုတို့ တစ်ဖွဲ့လုံး ခေါင်းစားနေတဲ့ကိစ္စက မြတ်နိုးပွင့်နောက်က တစ်ယောက်နဲ့ ဆိုင်တယ်။ အဲဒီတစ်ယောက်ကလည်း ကိုဖြိုးခေတ်ထင်ထားတဲ့တစ်ယောက်ပဲ၊ မြတ်နိုးပွင့်ကတော့ နာမည်ခံပေါ့"

ဖြိုးခေတ်ကျေနပ်စွာပြုံးမိသွားလေသည်။ ဒါဆို ယခုမြတ်နိုးပွင့်သူ့အားလိုက်ရှာနေသည့်ကိစ္စကရော နောက်ကတစ်ယောက်နဲ့သက်ဆိုင်နေမည်လား။

အတွေးတစ်ခုနှင့်အတူ ဖြိုးခေတ်ဝုန်းခနဲ မတ်တတ်ထရပ်လိုက်သည်။ ပြီးတော့ . . .

"မိုးလွင် . . . မင်းမြတ်နိုးပွင့်ကိုတွေ့ရင် ပြောလိုက်။ ငါဂျစ်ပစီမှာရှိနေတယ်လို့"

အခန်းထဲမှ ခြေထောက်သုံးစုံထွက်သွားသံက တဖြောက်ဖြောက် မည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

# XIV

သိပ်အကြာကြီး မစောင့်လိုက်ရပါ။ ပြင်းထန်သော မုန်တိုင်းတစ်ခုကို မွေ့ပိုက်ထားသော မိန်းကလေးတစ်ယောက် သူတို့သုံးယောက်ရှေ့ကို ရောက်လာသည်။

"ဖြိုးခေတ် . . . ဆိုတာလား"

သုံးယောက်အလယ်တွင်ထိုင်နေသောသူ့ကို သေချာကြည့်၍ မေးသည်။

"ဟုတ်တယ်"

"ကျွန်မ မြတ်နိုးပွင့်ပါ"

"ကြားဖူးပါတယ်"

မြတ်နိုးပွင့်က သူ့ကို သေချာကြည့်သည်။ ဖြိုးခေတ် ဒီမိန်းကလေးကို တစ်နေရာမှာ မြင်ဖူးသည်။ ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့တူနေသည်ဟု ထင်မိပါ၏။



ရှင်က ဗေဒင်ဟောတာနော်"

စားပွဲပေါ်ဖြန့်ခင်းထားသော မိုးပြာရောင်ပိတ်စပေါ်မှ တဲရော့ကဒ်များကို တစ်ချက်ကြည့်၍ မေးသည်ကြောင့် . . .

"ပြောလို့ရပါတယ်၊ မြန်မာလို လွယ်လွယ်ပြောရင်တော့ ဗေဒင်ပေါ့"

"ကျွန်မ ဗေဒင်ကိုမယုံဘူး . . ."

စိတ်ထဲတွင် ထင့်ခနဲတော့ဖြစ်သွားသည်။ တိုက်ပွဲစပြီလားကျော်စွာနှင့်မင်းသစ်က သူ့ကိုကြည့်သည်။

"ရပါတယ် . . . ဒါက ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ယုံကြည်မှုပဲဘယ်သူမှလည်း အတင်းမယုံခိုင်းပါဘူး။ မည်သူမဆို လွတ်လပ်စွာ မယုံကြည်နိုင်ခွင့်ရှိပါတယ်"

"ကျွန်မ ဗေဒင်ဆရာတွေကိုလည်း အထင်မကြီးဘူး"

"အဟင်း . . . ဗေဒင်ကိုမယုံမှတော့ ဗေဒင်ဆရာကို အထင်မကြီးတာ မဆန်းပါဘူး"

"အထူးသဖြင့် အခုလို ပန်းချီကားလိုလို၊ ဖဲရွက်လိုလို၊ စာရွက်တွေနဲ့ ဒီစာရွက်တွေကြည့်ပြီးဟောတဲ့ဗေဒင်ဆရာဆို ပိုလို့တောင်အထင်မကြီးဘူး"

"ဘာ . . ."

ဖြိုးခေတ်သည်းခံနိုင်စွမ်း လျော့သွားသည်။ ဒီမိန်းကလေး၏စကားတို့က အတိုင်းအတာတစ်ခုထက် ကျော်လွန်သွားခဲ့ပါပြီ။ ဖြိုးခေတ်ဆက်လက်သည်းမခံနိုင်တော့၊ လူကိုစော်ကားသည်ထက် သူအရမ်းမြတ်နိုးသော ပညာတစ်ခုအပေါ် အစော်ကားခံလိုက်ရခြင်း။

"မင်း ဘာအကြောင်းပြချက်နဲ့ အခုလိုပြောရတာလဲ"

"ကျွန်မတွေ့ဖူးတဲ့ ဗေဒင်ဆရာတွေအကုန်လုံး တစ်ယောက်မှ မမှန်ခဲ့ဖူးဘူး"

ဖြိုးခေတ် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါက မင်းပညာစမ်းဖူးတဲ့ လူတွေထဲကမဟုတ်ဘူးလေ"

"ဒါပေမယ့် သိပ်မကွာဘူးလို့ ကျွန်မထင်တယ်"

ဖြိုးခေတ် ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်ပါသည်။ စိတ်ထဲမှာလည်း တော်တော်ရဲရင့်သည့်မိန်းကလေးဟု တွေးထင်မိသည်။

"ဒါဆို မင်းအခု ငါ့ဆီလာတာက . . ."

"အဟင်း . . . ဒီပညာအပေါ် ကျွန်မအထင်ကြီးကြည့်ချင်တယ်"

"ဟား . . . ရပါတယ် ငါတို့ တစ်ပွဲလောက်စမ်းကြတာပေါ့"

တိုက်ပွဲတစ်ခုက မဖိတ်ခေါ်ပါဘဲ စစ်ကြေညာသံကို ကြားလိုက်ရသည်။ နှစ်ဦးစလုံး၏ မျက်နှာပေါ်မှာက ကိုယ်သန်ရာသန်ရာ ယုံကြည်မှုအပေါ်တွေမှာ အားကိုးမှုအပြည့်။

"ဒီအတိုင်းကြီးဆိုရင်တော့ ကျွန်မတို့ပွဲက နည်းနည်းပျင်းစရာကောင်းလိမ့်မယ်နဲ့တူတယ်"

"မင်းက ဘာထပ်ထည့်ချင်လို့လဲ"

"လောင်းကြေးလေးတစ်ခုလောက် ထည့်ရအောင်"

ဖြိုးခေတ်နှင့်မြတ်နိုးပွင့်တို့ အကြည့်ချင်းတစ်ချက် ဆုံသွားသည်။ သူတို့မျက်ဝန်းတွေပေါ်မှာ ရဲရင့်မှုတွေအပြည့်၊ နားထဲတွင်လည်း တစ်ခါက သီရိပြောခဲ့ဖူးသော စကားများကို ပြန်အမှတ်ရမိသည်။

"သူကတစ်မျိုး၊ ဗေဒင်ဆရာတွေကို အလောင်းအစားလုပ်ပြီးစမ်းတာ။ မှားရင်တော့ အရှက်ခွဲတော့တာပဲ"

သီရိစကားသံသဲ့သဲ့တို့ကို ပြန်လည်ကြားယောင်ရင်း ဖြိုးခေတ်ပြုံးမိသည်။ ယခုတော့ သူတကယ်ရင်ဆိုင်နေရပါပြီ။

"မင်းကြိုက်တဲ့လောင်းကြေးကို ပြောကြည့်လိုက်"

" OK . . . ကျွန်မပြောကြည့်မယ်၊ ရှင်ဟောတဲ့စကားမှားသွားခဲ့ရင် ကျွန်တော်ဗေဒင်ရှူးပါဆိုတဲ့ ဆိုင်းဘုတ်ကိုဘေးချပြီး ကျောင်းရှေ့မှာ တစ်နာရီတိတိထိုင်နေရမယ်။ ဗေဒင်လာမေးတဲ့လူရှိရင် ဟောပေး



ရမယ်"

ဖြိုးခေတ် ကြက်သီးတစ်ချက် ဖျင်းခနဲထသွားသည်။ မျက်လုံးအရောင်တွေပင် မာနရောင်တောက်သွားလားမသိ။

"ငါမှန်ခဲ့ရင်ရော . . ."

"ဒါကတော့ ကျွန်မလောင်းကြေးနဲ့ ညီမျှတဲ့ကြေးတစ်ခု ရှင်ပြောပေါ့"

ဖြိုးခေတ် ခေတ္တငြိမ်သွားသည်။ ပြီးတော့ . . .

"ငါမှားခဲ့ရင် ကျွန်မဗေဒင်ကို ယုံပါပြီဆိုတဲ့ဆိုင်းဘုတ် လည်ပင်းမှာဆွဲပြီး ကျောင်းရှေ့မှာ တစ်နာရီတိတိ မင်းရပ်နေရမယ် ဘယ်လိုလဲ"

မြတ်နိုးပွင့် မျက်နှာတစ်ချက်ရဲသွားတာ သူတွေ့လိုက်သည်။ ပြီး သူ့ကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်သည်။ သူကတော့ အေးအေးသက်သာပင် ဆေးလိပ်တစ်လိပ်ကိုမီးညှိ၍ သောက်နေပါ၏။ တအောင့်ကြာတော့မှ

"ကျွန်မလက်ခံပါတယ်"

"OK . . . ဒါဆို ငါတို့ပြိုင်ပွဲလေးစလိုက်ရအောင်"

ချက်ချင်းပင် ဖြိုးခေတ်တဲရှေ့ထုပ်ကို ကောက်ကိုင်ကာ လေးငါးခါဖျက်သည်။ ပြီး တရှိုက်မက်မက်နမ်းသည်။ စိတ်ထဲမှလည်း တဲရှေ့မန္တာန်ကိုအာရုံထည့် ရွတ်ဆိုပြီးသည့်အခါမှာတော့ ဖြိုးခေတ်ဘက်က အဆင့်သင့်ဖြစ်သွားပါပြီ။ နောက်တဲရှေ့ထုပ်ကို အခင်းပေါ်ပြန်ချလိုက်ပြီး . . .

"မင်း လက်ဝါးဖြန့်ပါ"

ချက်ချင်းပင် ဖြန့်ပေးသည်။

ဖြိုးခေတ် ရေမွှေးဆွတ်ပေးလိုက်ပါ၏။ ပြီး သူ့လက်ကိုလည်း သူပြန်ဆွတ်သည်။ နောက်တော့ . . .

"ချိုးပါ"

လက်ဖဝါးဥဉလေး၏ ခိုင်းစေမှုကြောင့် တဲရှေ့ကနှစ်ပုံကွဲသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီးသည့်နောက်မှာပင် ဖြိုးခေတ်အသံက တည်ငြိမ်စွာထွက်လာပါ၏။

"မင်း ဘာသိချင်လဲ"

သူ့စကားကို မြတ်နိုးပွင့်က ခေါင်းတချက်ညိတ်ပြီး သူ့ကိုသေချာကြည့်သည်။ ပြီးတော့ . . .

"ဒီနေ့ည (၁း၁၅) မှာ ချန်ပီယံလိဂ်ဗိုလ်ပွဲ၊ မန်ယူနဲ့ဘာစီလိုနာကန်ဖို့ရှိတယ်။ အဲဒီနှစ်သင်းထဲက ချန်ပီယံဘယ်သူဖြစ်မလဲ"

မေးခွန်းလေးက လှသည်။ ကန်မှာက ဗိုလ်လုပွဲ သရေဆိုတာမရှိ။ ဖြိုးခေတ်ရေရေရာရာပြုံးဖြစ်သွားပါ၏။ မိန်းကလေးတန်မဲ့ ဘောလုံးပွဲကိုဦးတည်သည့်မေးခွန်းရှင်မြတ်နိုးပွင့်ကိုလည်း ဖြိုးခေတ်ချီးကျူးမိသွားသည်။

နောက်တော့ ဖြိုးခေတ်တဲရော့ဆီသို့အာရုံကို ပြန်ယူလိုက်ရင်း ပထမတစ်ရွက်လှန်ရိုက်ချလိုက်သည်။ ပါးစပ်မှလည်း . . .

"ဒါက . . . ဘာစီလိုနာအတွက်"

မြတ်နိုးပွင့် မင်းသစ်နှင့်၊ ကျော်စွာတို့၏ မျက်လုံးတွေက ထိုကဒ်ပေါ်မှာ ဆုံသွားကြပါ၏။

ကောင်းကင်နတ်ဘုရားမှ ဘာစီလိုနာအသင်းအတွက် လက်ဆောင်ထည့်ပေးလိုက်သည့်ကဒ်ကား . . .

ကဒ်နံပါတ် ဆယ့်ခုနစ်

## XVII
## THE STAR

မြန်မာလို **ရှစ်ကြယ်**ဆိုသောကဒ်

ဖြိုးခေတ် စိတ်ထဲမှ ပြုံးမိသွားသည်။ ပြီးတော့ နောက်တစ်ကဒ်



"ဒါက . . . မန်ယူအတွက် . . ."

ပထမကဒ်အောက်မှာယှဉ်ရိုက်လိုက်သော မန်ယူအသင်းအတွက် ကဒ်က . . .

## XV
## THE DEVIL

ကဒ်နံပါတ် (၁၅) မြန်မာလို **တစ္ဆေ**ဆိုသောကဒ်၊

ဖြိုးခေတ် ကျေကျေနပ်နပ်ပြုံးမိသွားသည်။ သရဲနီနှင့်တစ္ဆေပြိုင်ပွဲတစ်ရပ်က အနိုင်၊ အရှုံး၊ အဖြူအမည်း သေချာသဲကွဲသွားခဲ့ပါပြီ။

ပြီးနောက် လေးနက်သောမျက်လုံးအစုံဖြင့် မြတ်နိုးပွင့်အား ရင်ဆိုင်ကြည့်လိုက်ရင်း . . .

"မန်ယူ အသင်းနိုင်မယ်"

သူမကလည်း သူ့ကို သေချာပြန်ကြည့်သည်။

"သေချာပြီလား"

"ဒီနေ့ည (၃)နာရီထိုးရင် ဘယ်သူဘာဆိုတာ သဲကွဲပါပြီ"

သူ့စကားကြောင့် မြတ်နိုးပွင့် မထိတရိပြုံးသည်။ နောက် ခေါင်းတချက်ညိတ်လိုက်ရင်း . . .

"ကောင်းပြီလေ၊ ရှင့်စကားမှန်ပါစေလို့ ကျွန်မဆုတောင်းပေးပါတယ်"

ပြောပြီး မြတ်နိုးပွင့်မှာ ထိုင်ခုံမှ ထထွက်သွားလေတော့သည်။

ကျန်ရစ်ခဲ့သော သူ့ကိုသုံးယောက်မှာတော့ . . .

• • •

"ဟော့ကောင် . . . မင်းသစ် မနက်ဖြန်အတွက် ဆိုင်းဘုတ်ထောင်ဖို့ ကဒ်ထူစက္ကူတစ်ရွက်ရယ်၊ ဆော့ပင်တစ်ချောင်းရယ် ရှာထား



www.burmeseclassic.com

www.burmeseclassic.com

စမ်းပါ"

သူ့စကားကြောင့် မင်းသစ်က ကြောင်တောင်တောင်ဖြင့် သူ့ကို ကြည့်သည်။

"ဘာလုပ်ဖို့လဲ . . . မြတ်နိုးပွင့်အတွက်လား . . ."

"မဟုတ်ဘူး . . . ငါ့အတွက် . . ."

"ဟေ . . ."

မင်းသစ်နှင့် ကျော်စွာနှစ်ယောက်စလုံး အံ့သြသွားလေသည်။ ပြီးနားမလည်သလို နှစ်ယောက်စလုံး သူ့ကိုဝိုင်းကြည့်သည်။

"ဟော့ကောင် ဘာကြောင်တာလဲ . . ."

ကျော်စွာက နားမလည်စွာလှမ်းပြောသည်။

"ငါကြောင်တာမဟုတ်ဘူး၊ အတည်ပြောနေတာ။ အခု မြတ်နိုးပွင့်ကို ငါပြောလိုက်တာ အမှားကြီး။ အမှန်ကဒ်သဘောတရားအရ မန်ယူရှုံးနေတယ် ဘာစီအနိုင်"

"ဟင်"

"အဲဒါ ဘာလို့ မင်းအမှားပြောလိုက်တာလဲ"

နှစ်ယောက်စလုံး ယောင်တောင်တောင်တွေဖြစ်ကုန်ကြသည်။ တော်တော်လည်း အံ့သြသွားကြပါ၏။ ကဒ်ထဲမှာ မန်ယူ ရှုံးနေရက်သားနှင့် နိုင်မည်ဟုပြောလိုက်သော ဖြိုးခေတ်စကားက စိတ်ဝင်စားဖို့ကောင်းနေသည်။ ဘာကိစ္စ လွဲပြောလိုက်ရသနည်း။

"ဟော့ကောင် . . . မင်းဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ဘူး၊ ငါတမင်ပြောလိုက်တာ"

"ဟေ . . ."

အံ့သြသွားရပြန်ပါသည်။ 'ဘာလဲဟ' ဟူသော အကြည့်တွေလည်း တဒိုင်းဒိုင်းခုန်ဝင်လာသည်။

"ဟာ . . . အဲဒါဆို မင်းဘာလိုင်းကြီး အရှုံးပေးလိုက်တာပေါ့"

ကျော်စွာ့အမေးကြောင့် ဖြိုးခေတ်အနည်းငယ်ပြုံးလိုက်သည်။



ပြီးတော့ လွယ်အိတ်ထဲမှစာရွက်လွတ်တစ်ရွက်ကိုထုတ်ကာ အောက်ပါ စကားလုံးအချို့ကို ရေးပါ၏။

မန်ယူ – ဘာစီလိုနာ (✓)

"မင်းတို့ဆီမှာ စာအိတ်တစ်အိတ်လောက်ပါလား"

သူ့အမေးကြောင့် နှစ်ကောင်သား နားမလည်စွာဖြင့်ပင် လွယ်အိတ်ထဲသို့ ဟိုရှာ၊ ဒီရှာကြည့်သည်။ နောက် မင်းသစ်က သူ့လွယ်အိတ်ထဲမှ ခပ်နွမ်းနွမ်းစာအိတ်တစ်အိတ်ကို ထုတ်ပေးသည်။

ဖြိုးခေတ်ယူကာ ရေးထားသောစာကိုထည့်၍ စာအိတ်ကို ပိတ်လိုက်ပါ၏။ ပြီးတော့ ခပ်တည်တည်ပင် ကောင်တာသို့သွားကာ ပိုင်ရှင်ကိုတစ်စုံတစ်ရာပြော၍ ပေးထားခဲ့လိုက်သည်။ မူလထိုင်ခုံဆီပြန်ရောက်လာတော့ ကျော်စွာက . . .

"ဟော့ကောင် . . . မင်းဘာတွေလုပ်နေတာလဲ။ ငါတို့ကိုလည်း ရှင်းပြဦးလေ"

"အေးလေကွာ . . . ဘာ့အတွက်ကြောင့် မင်းဘာလိုင်းကြီး အရှုံးပေးလိုက်တာလဲ"

ဖြိုးခေတ်ရှေ့မှစားပွဲပေါ်ကို တံတောင်ထောက်တင်လိုက်ရင်း–

"ဘာလိုင်းကြီးအရှုံးပေးတာတော့ ဘယ်ဟုတ်မလဲကွာ။ အကြောင်းရှိတာပေါ့"

"ဘာအကြောင်းလဲ"

"ဥပမာကွာ . . . လူတစ်ယောက်ဆီက အဖိုးတန်ပစ္စည်းတစ်ခုခုကိုမင်းတောင်းယူချင်တယ်ဆိုပါစို့၊ မင်းဘယ်လိုနည်းနဲ့ တောင်းမလဲ။ အထက်စီးကနေပြီးတော့ ငါ့ကိုပေးစမ်းကွာလို့တောင်းမလား။ ဒါမှမဟုတ် အောက်ကလျှိုဝင်ပြီးတော့ အရှုံးပေးထားတဲ့ပုံစံနဲ့ တောင်းမလား။ အဲဒီနှစ်ခုမှာ ဘယ်ဟာက ရည်ရွယ်ချက်အောင်မြင်ဖို့ အဆင်ပြေမယ်



www.burmeseclassic.com

www.burmeseclassic.com

ထင်လဲ"

ကျော်စွာနှင့်မင်းသစ်က ပြန်မဖြေ။ မေးခွန်းနှင့်ယခုဖြိုးခေတ်လုပ်သောကိစ္စ ဆက်စပ်ကြည့်နေပုံရသည်။ ဖြိုးခေတ်ကပင် ဆက်ပြောပါ၏။

"ပထမနည်းနဲ့ တောင်းမယ်ဆိုရင်တော့ မဖြစ်မနေ မင်းကိုပေးရမယ်ဆိုရင်တောင် ပိုင်ရှင်အနေနဲ့ ပေးချင်မှာမဟုတ်ဘူး။ အေး . . . ဒုတိယနည်းအတိုင်း တောင်းမယ်ဆိုရင်တော့ ပိုင်ရှင်ပေးချင်စိတ်မရှိတောင် မင်းရဲ့ ခခယယတောင်းပုံကြောင့် စိတ်ပြောင်းပြီး ပေးချင်စိတ်ဖြစ်ရင်ဖြစ်လာမှာပဲ . . ."

ကျော်စွာရော၊ မင်းသစ်ရော တွေဝေသွားသည်။ ဖြိုးခေတ်ဘာကိုရည်ရွယ်ပြီး ပြောနေတယ်ဆိုတာကို စဉ်းစားသွားကြခြင်း ဖြစ်နိုင်သည်။ စဉ်းစားမရလို့ထင်သည်။ တအောင့်ကြာတော့ မင်းသစ်က . . .

"ဖြိုးခေတ် . . . မင်းဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ။ လိုချင်တာတစ်ခုရဖို့အတွက် တစ်စုံတစ်ယောက်ကို မင်းအရှုံးပေးလိုက်တဲ့သဘောလား"

"အမှန်အကန်ပဲ"

မင်းသစ်နှင့်ကျော်စွာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။

"မင်း ဘယ်သူ့ဆီက ဘာကိုလိုချင်လို့လဲ"

ဖြိုးခေတ် သေသွားသောဆေးလိပ်ကို မီးညှိဖွာလိုက်ရင်းမှ အဆေးတစ်နေရာသို့ လှမ်းမျှော်ကြည့်လိုက်ရင်း . . .

"ကောင်မလေးတစ်ယောက်ဆီက အဖိုးတန်ဆုံးအရာတစ်ခုပေါ့"

"မြတ်နိုးပွင့်ဆီကလား . . ."

"မဟုတ်ဘူး . . . မြတ်နိုးပွင့်နောက်ကတစ်ယောက်"

* * *



တီဗွီတစ်လုံးရှေ့တွင် မိန်းကလေးနှစ်ယောက် ညကြီးသန်းခေါင်ကျော် ဘောလုံးပွဲကြည့်နေသည်။ သူတို့နှစ်ဦးသည် အရင်ထဲက ဘောလုံးပွဲကို စိတ်ဝင်စားကြသူများအဟုတ်၊ ဒါပေမယ့် တစ်စုံတစ်ရာသော အလောင်းအစားတစ်ခုကြောင့် စိတ်ဝင်တစားကြည့်နေကြခြင်းဖြစ်သည်။

ထိုနှစ်ဦးထံမှတစ်ယောက်မှာ သာမန်ဘောလုံးပွဲတစ်ပွဲလောက်သာ အာရုံထား၍ ကြည့်နေခြင်းဖြစ်သော်လည်း နောက်တစ်ယောက်မှာတော့ ရင်တုန်ဒူးတုန်ကို ဖြစ်နေသည်။

ဘာကြောင့်မှန်းတော့မသိ။

ဒါပေမဲ့ ဘောလုံးပွဲပြီးသွားသည့်အခါတွင်တော့ ရင်တုန်ဒူးတုန်ဖြစ်နေသောမိန်းကလေးမှာ လုံးဝရွှင်လန်းတက်ကြွသွား၍ သာမန်သဘောမျှသာကြည့်နေသော မိန်းကလေးမှာတော့ . . .

မထင်ရှားစိတ်ဓာတ်အကြီးအကျယ်ကျ၍ စမ်းသပ်မှုတစ်စုံတစ်ရာမှာ မိုင်း (–) ပြသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# XV

နိုင်သူများပျော်၍၊ ရှုံးသူများမှိုင်နေကြသော လမ်းမထက်မှာ ဖြိုးခေတ်တို့သုံးယောက်လည်း တိတ်ဆိတ်နေကြသည်။ ညသန်းခေါင်ကျော်ဆိုပေမယ့် အဆောင်လမ်းမတစ်ခုလုံးမှာ လူပြည့်နေ၏။

"မနက်ဖြန်တော့ လန်းပြီဟေ့ကောင်ရေ၊ ငါအရင်ကတည်းက ထင်သားပဲ မန်ယူရှုံးမယ်ဆိုတာ 'ဒိုလေး'လူပ်တောင်မလှုပ်နိုင်ဘူး"

"အေးကွာ . . . ဒီပွဲက 'မက်ဆီ' ပွဲလို့ ပြောလို့ရတယ်"

ဘေးမှဖြတ်သွားသော သူတို့အရွယ်လူငယ်နှစ်ယောက်၏ စကားကြောင့် လှည့်ကြည့်ဖြစ်သည်။ တချို့ကလည်း . . .

"ရှိုစုမဲ့စုလေးတော့ ကုန်ပါပြီကွာ။ မန်ယူယုံမိတာ စကက်လန်တာပဲ။ သွားပြီ . . . လက်စွပ်တော့ ပြန်ရွေးနိုင်မှာမဟုတ်တော့ဘူး"



စသော၊စသောစကားတွေကြောင့် သူတို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသည်။ ကျော်စွာနှင့် မင်းသစ်က 'ငကြောင်' ဟူသောသဘောဖြင့် သူ့ကိုခပ်စူးစူးကြည့်ပါ၏။

"ဟီး"

ဖြိုးခေတ် ရှက်ရယ်ရယ်ပြလိုက်သည်။ သို့သော် ဟိုနှစ်ကောင်က သူလိုလိုက်မရယ်ပါ။ ခပ်တည်တည်ဖြင့် ဟိုဘက်လှည့်သွားပါ၏။

အကြောင်းစုံရှင်းပြထားသော်လည်း ကျော်စွာနှင့်မင်းသစ်က လက်မခံကြ။ အခုအရှုံးပေးလိုက်သည့်ကိစ္စကိုလည်း သက်သက်ကြောင်တာဟု စွပ်စွဲသည်။

"မင်းကိစ္စကို ငါတို့လက်ခံပါတယ်၊ ငါတို့အရင်ကတည်းက သဘောတူပြီးသားပဲ။ ဒါပေမယ့် အခုလို အရှုံးပေးလိုက်တာကြီးက မဖြစ်သင့်ဘူး"

"အေးလေကွာ . . . ဟိုကမင်းကို အထင်သေးသွားရင် ဘယ်လိုလုပ်မလဲ"

ကျော်စွာနှင့်မင်းသစ်တို့၏ မခံချိမခံသာစကားတို့ကို ပြန်ကြားယောင်မိသည်။

မတတ်နိုင်ပါ၊ အမှန်တရားဆိုတာ ပျောက်ကွယ်ရိုးထုံးစံမရှိသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ကိုးတောင်ကျားဖြစ်နေပါစေ
မင်းလည်ဆံတစ်မွေးမြင်ရင်
အလိုလို ဦးကျိုးပြီးသားပါ
ခြသေ့်မလေးရယ်၊



## XVI

ကဗျာဆန်ဆန် မနက်ခင်းမျှော့မဟုတ်ပါ။

ကျောင်းအဝင်မုခ်ဦး၏ ဘေးနားခပ်ကျကျတွင် လူတစ်ယောက် ထိုင်နေသည်။ ကျောင်းသူကျောင်းသားများက ရယ်ချင်ပက်ကျိ မျက်နှာကိုယ်စီဖြင့် ထိုသူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြပါ၏။ တချို့က လည်း ရှေ့မှာတင် 'ဟီး' ခနဲရယ်သွားသည်။ တချို့တလေ ကျောင်းသား တွေကျပြန်တော့လည်း . . .

"ဆရာကြီးက ပြောင်းလာတာထင်တယ်ကွ။ လူပုံကတော့ ခပ်ဖြောင့်ဖြောင့်ပဲ"

"အေး . . . idea မဆိုးဘူးနော်။ ကြော်ငြာပုံလေးလုပ်တယ်။ ဟီး . . . ကျွန်တော်ဗေဒင်ရှူးပါတဲ့ . . . ဟီး . . . ဟီး"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့လူများရှိသကဲ့သို့ တချို့ကျောင်းသူတွေကျပြန်တော့လည်း . . .

"ဟယ် . . . သနားစရာဟယ်။ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ ချောင်သွားတာ။ ဗေဒင်ကို တအားလိုက်စားတယ်နဲ့တူတယ်"

"ဗေဒင်ကို ရူးသွားအောင် လိုက်စားလိုက်တယ်ဆိုတော့ နည်းနည်းနောနောဝါသနာမဟုတ်ဘူးနော်။ ရုပ်လေးကသနားကမားနဲ့ သမြောလိုက်တာ။ ကျွတ် . . . ကျွတ် . . . ကျွတ်"

ဖြိုးခေတ်မျက်နှာတစ်ပြင်လုံး ရဲတွတ်နေသည်၊ နာရီကိုကြည့်မိတော့ တစ်နာရီပြည့်ဖို့ နာရီဝက်ကျော်ကျော်လိုသေးသည်။

ဖျာတစ်ချပ်ခင်း၍ ထိုဖျာပေါ်၌ စားပွဲခုံတစ်လုံးတင်ထားသည်၊ စားပွဲပေါ်တွင် "ကျွန်တော် ဗေဒင်ရူးပါ" ဆိုသော စာတန်းကို ကဒ်ထူစက္ကူတစ်ခုပေါ်တွင်ရေးကာ ထောင်ထားပါ၏။ ကျော်စွာနှင့် မင်းသစ်တို့၏ အကျအနပြင်ဆင်ပေးထားမှုပင်။

ကျောင်းနာမည်ကြီးဖြိုးခေတ်တစ်ယောက် အခုလိုဖြစ်သွားမှုမှာ ကျောင်းထဲ၌ ပြောစရာသတင်းတစ်ပုဒ် ဖြစ်နေပါ၏။ ဖြိုးခေတ်မှာတော့ ခေါင်းကိုငုံ့ထားရင်းနှင့်ပဲ မြတ်နိုးပွင့်အလာကို စောင့်နေသည်။ သဘာဝကျကျရှုံးနိမ့်မှုတစ်ခုကို အောင်နိုင်သူတစ်ယောက်အနေဖြင့် လာရောက်ချိုးမြှောက်သင့်သည် မဟုတ်ပါလား။

ယခု သူထိုင်ရာနေရာသည် ကျောင်းအဝင်အဝဖြစ်ရာ မည်သူမဆို သူ့ကိုမြင်မှာသေချာသည်။ ဒါဆို သူမရော သူ့ကို မြင်ရမှာလား။ ပြီး သူ၏ရှုံးနိမ့်မှုအတွက် ဟားတိုက်လှောင်ပြောင်နေမှာလား။ ကျေကျေနပ်နပ် ပြုံးနေမှာလား။

သူငယ်ချင်း အပေါင်းအသင်းများနှင့် ရယ်ပွဲဖွဲ့နေမှာလား။ မြတ်နိုးပွင့်သည်လည်း တစ်နေရာမှနေ၍ သူ့ကို လှောင်ပြောင်နေနိုင်သည်။ အထင်သေးရှုတ်ချနိုင်သည်။

ဒါတွေကို ဖြိုးခေတ်ခေါင်းထဲတွင်ထည့်မထား။ ဖြိုးခေတ်



ရှုံးသွားသည်ဟူသောပုံရိပ်တစ်ခု သူမအာရုံထဲထည့်ပေးနိုင်လျှင် သူကျေနပ်ပါသည်။ ကောင်မလေးတစ်ယောက်အတွက် ဖြိုးခေတ်ပေးဆပ်မှုသည် အရှက်၊ သိက္ခာ၊ မာန စသည့်ထိခိုက်မှုတွေဖြင့် ကြီးကျယ်ကောင်းကြီးကျယ်မည်။ သို့ပေမယ့် ဒါတွေကို မည်သူမှ သိမည်မဟုတ်၊ အားလုံး၏အမြင်မှာ ဖြိုးခေတ်ကရှုံးနိမ့်သူ။

"ငါပြောမယ့်စကားတစ်ခွန်းက ဘယ်လောက်လေးနက်တယ်ဆိုတာ တစ်ချိန်မှာမင်းပြန်သိခွင့်ရရင် ကျေနပ်ပါပြီကောင်မလေးရယ်"

ဖြိုးခေတ် စိတ်ထဲမှပြောရင်း နာရီကိုတစ်ချက်ကြည့်မိသည်။ တစ်နာရီပြည့်ဖို့ (၁၅) မိနစ်သာလိုတော့သည်။ ယခုအချိန်အထိ မြတ်နိုးပွင့်ရောက်မလာသေး။

မြင်သူတကာကတော့ သူ့ကို ကြောင်ဟူသောအမြင်ဖြင့် ရယ်သွားနေမြဲ။ ထိုအချိန်မှာပင် လင်းခနဲ ဖြစ်သွားသော အရောင်တစ်ခုကြောင့် ဖြိုးခေတ်ကပျာကရာ ခေါင်းမော့ကြည့်လိုက်တော့ . . .

ရှေ့တည့်တည့်မှ ကင်မရာတစ်လုံးဖြင့် အကျအနရိုက်နေသော ကျော်စွာ ဘေးမှမင်းသစ်။

"ဟေ့ကောင်တွေ ဘာလုပ်တာလဲ"

အလန့်တကြားအော်လိုက်သော သူ့အသံကြောင့် မင်းသစ်က ရယ်ကျဲကျဲမျက်နှာပေးဖြင့် . . .

"ဟီး . . . အမှတ်တရပေါ့ကွာ"

"ဘာ . . ."

ပြောလည်း ရမည်မဟုတ်တော့ပါ။ ခဏချင်းပင် သူ့ပုံရိပ်တွေ ကင်မရာတွင်းသို့ ဝင်ရောက်သွားလေပြီ။ ပြောင်ချော်ချော် ပြောင်စပ်စပ် မျက်နှာပေးတွေဖြင့် ရှုထောင့်အမျိုးမျိုးမှရိုက်ကာ အားရပါးရလှောင်ပြောင်ရင်း ထွက်သွားကြပါ၏။

ကျန်ရစ်ခဲ့သောသူ့မှာတော့ လက်ကျန်အချိန်တို့ကို တမျှော်မျှော် တခေါ်ခေါ် စောင့်စားရင်းဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

စက္ကန့်လက်တံတစ်ချက်က သူ့စိတ်ထဲတွင် တစ်ကမ္ဘာလောက်ကြာသည် ထင်မိသည်။ တော်သေးသည် ဗေဒင်မေးမည့်သူမလာလို့ မဟုတ်ရင် လွယ်မည်မထင်။

လာမမေးကြတာလည်းမပြောနှင့် 'ကျွန်တော်ဗေဒင်ရူးပါ' ဟု သောဆိုင်းဘုတ်နဲ့တင် လေသွားလောက်နိုင်သည်။ အရင်ဖောက်သည်တွေတော့ ပျက်ပါပြီဟုလည်း ရင်ထဲမှ ဆွေးဆွေးမြည့်မြည့် ခံစားမိသည်။

ဩော် . . . ကောင်မလေးရယ်
မင်းကို ပြောမယ့် စကားတစ်ခွန်းအတွက်နဲ့
ကိုယ့်ရဲ့ အသက်ရှင်ရပ်တည်မှုတောင်
ဝေဝါးသွားခဲ့ပါပြီ။

ကိုယ်အများကြီး ပေးဆပ်ထားတယ်နော်၊
ရလဒ်က သုညတော့မဖြစ်တန်ကောင်းပါဘူး။



# XVII

"ရှင်ရှုံးသွားပြီနော်"

မြတ်နိုးပွင့်မဟုတ်ပါ။ သူ့ရှေ့ရောက်လာသူက ရွှေပါလင်း။

ကျောင်းရှေ့တွင်လည်းမဟုတ်တော့။ တစ်နာရီပြည့်ပြီးခဲ့သဖြင့် ဂျစ်ပစီထဲသို့ ပြန်ရောက်နေပါပြီ။

သိမ့်ခနဲ သူ့ရင် တစ်ချက်နွေးသွားသည်။ ခပ်အေးအေးတည်နေသော မျက်နှာအနေအထားအရတော့ သူ့အားလာရောက်လှောင်ပြောင်ခြင်းမဖြစ်နိုင်ပါ။

မျက်နှာလေးက လင်းပြပြမှုန်ရီနေပါ၏။ ဒါပေမယ့် ကြည့်ကောင်းလှသည်။ ဖြူးခေတ် ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း . . .

"ကိုယ်မရှုံးပါဘူး"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

ကြောင်တောင်တောင်ဖြင့် သူ့ကိုမော့ကြည့်သည်။

"ဟုတ်တယ် . . . ကိုယ်မရှုံးဘူး၊ ရှုံးချင်ယောင် ဆောင်လိုက်တာ"

နားရှုပ်သွားသည် ထင်သည်။ မျက်နှာလှလှလေးစိမ်းသွားစဉ်

"မင်း . . . တစ်ခုခုကို လိုချင်ရင်၊ တစ်ခုခုကို ပေးဆပ်ရမယ်ဆိုတဲ့စကားကြားဖူးလား"

ခေါင်းညိတ်ပြသည်။

"ကိုယ်လည်း အဲလိုပဲ . . . တစ်ခုခုကိုလိုချင်လို့ အရှုံးပေးလိုက်တာ။ ဒါပေမယ့် ကိုယ်အရှုံးပေးတာကို မင်းညီမမြတ်နိုးပွင့် တွေ့မသွားဘူး"

"ဘယ်လို"

ဒီတစ်ခါတော့ မျက်လုံးပင်ဝိုင်းသွားပါသည်။ တအံ့တသြဖြစ်သွားသော ရူပါလင်းပုံစံကြောင့် ဖြိုးခေတ်တစ်ချက်ရယ်လိုက်ရင်း . . .

"ဘာလဲ . . . မြတ်နိုးပွင့်ကို မင်းညီမလို့ပြောလိုက်လို့ အံ့ဩသွားတာလား"

"ရှင် . . . ရှင် . . . ဘယ်လို . . . "

"ကိုယ် အကုန်သိနေတယ်"

"ရှင် . . ."

"ဟုတ်တယ် . . . ကိုယ်အားလုံးကို သိနေတယ်"

သူ့စကားကြောင့် သူမမျက်နှာ တည်သွားသည်။ ပြီး မယုံသလို သူ့ကိုပြန်ကြည့်ရင်း . . .

"မဖြစ်နိုင်ဘူး"

ဖြိုးခေတ် စကားကိုခဏရပ်လိုက်သည်။ ပြီးတော့ ကိုယ်ကို နောက်သို့မှီချလိုက်ကာ . . .

"ကောင်းပြီလေ . . . မင်းမယုံရင် ခဏနားထောင်ကြည့်ပါ။ မှားရင် ထောက်ပေးပေါ့"



ထို့နောက်တော့ စကားဝိုင်းမှာ လေးနက်မှုအသွင် ဆောင်သွားလေသည်။

"မင်းရယ်၊ သီရိနဲ့ သက်ထားရယ်၊ ကိုယ့်ကို သွားကြားထိုးတဲ့ ပဟေဠိမဖြေနိုင်လို့ ခေါ်မေးတုံးက မြတ်နိုးပွင့်ကို သူငယ်ချင်းလို့မိတ်ဆက်ပေးခဲ့တယ်နော်။ ဒါပေမယ့် မကြာခင်မှာပဲ မင်းနဲ့မြတ်နိုးပွင့်နဲ့ညီအစ်မဆိုတာကိုယ်သိခဲ့တယ်။ မင်းရဲ့ရည်ရွယ်ချက်က ဗေဒင်ကိုမယုံဘူး။ ဒါကြောင့် ပထမဆုံး ကိုယ့်ကိုလာစမ်းတယ်။ ဒါပေမယ့် (၆)လကြာမှဖွင့်မယ်ဆိုတဲ့ ကတိတစ်ခုကြောင့် မင်းစိတ်ထဲမှာ ကိုယ်ပြောလိုက်တဲ့ စကားမှန်မမှန် သိချင်စိတ်တွေ ပြင်းပြလာတယ်။ စာအိတ်ကို ဖွင့်ကြည့်ချင်ပေမယ့်လည်း ကတိပေးထားတဲ့အတွက် ဖွင့်ကြည့်လို့မရဘူး။ ဒီမှာတင် မင်းလိုပဲ ဗေဒင်မယုံတဲ့ မင်းညီမမြတ်နိုးပွင့်ကို အကူအညီတောင်းပြီး ကိုယ့်ကိုတစ်မျိုးစမ်းတယ်။ ပထမ သွားကြားထိုးတဲ့ပဟေဠိ၊ နောက် အချစ်သီအိုရီ . . .

မင်းတို့တွေးထားတာက မြတ်နိုးပွင့်ကိုလိုက်နေတဲ့ ငနဲတွေကို အချစ်သီအိုရီထုတ်ပေးပါလို့ ပြောလိုက်ခြင်းအားဖြင့် ကိုယ့်ဆီထိပ်တိုက်တိုးလာမယ်လို့ ထင်ထားတယ်။ အဲဒီငနဲတွေ ကိုယ့်ကိုလာမေးကြမယ်လို့ထင်ထားတယ်။ ပြီးတော့မှ အချစ်သီအိုရီထုတ်ပေးတဲ့ကိုယ့်ကို အထင်မကြီးဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အခုလို စိန်ခေါ်ပြီးစမ်းမယ်ပေါ့"

ရူပါလင်း အသံတိတ်နေသည်။ ပြီး တအံ့တသြဖြင့် သူ့ကို ကြည့်နေပါ၏။

"ဒါပေမယ့် မင်းတို့ထင်သလို ဖြစ်မလာဘူး။ ကိုယ့်ဆီကို အဲဒီငနဲတွေရောက်မလာဘဲ မိုးလွင်ဆိုတဲ့ ကောင်လေးရောက်လာတယ်။ မိုးလွင်ကိုမင်းသိထားတာက မြတ်နိုးပွင့်ကို စိတ်ဝင်စားနေတဲ့ လူတစ်ယောက်လို့ပဲ သိထားတာ။ မိုးလွင်ဆီက အချစ်သီအိုရီရတော့ မင်းတို့ရဲ့ရည်ရွယ်ချက်အတိုင်း ကိုယ့်ကိုအခုလို စိန်ခေါ်ပြီးစမ်းတယ် . . . ဟုတ်လား"

ရူပါလင်း မဖြေနိုင်ပါ။ အဝေးတစ်နေရာကို ငေးနေသည်။

"ကိုယ် ဒီကိစ္စတွေအားလုံးကို မိုးလွင်ဆီကသိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖြိုးခေတ် စကားကိုခဏရပ်သည်။ ပြီးတော့ ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်သည်။

"မင်းမဆိုးပါဘူး၊ အကွက်စေ့ပါတယ်။ ဒါပေမယ့် မင်းတစ်ကွက်လွတ်သွားတယ်။ အဲဒါကဘာလဲဆိုတော့ ကိုယ်နဲ့မိုးလွင်နဲ့ အရင်ထဲက ပတ်သက်မှုရှိတယ်ဆိုတဲ့ အချက်ရယ်၊ မိုးလွင်နဲ့မြတ်နိုးပွင့်နဲ့က ငယ်ငယ်ကတည်းက အိမ်နီးနားချင်းဖြစ်တဲ့အပြင် မြတ်နိုးပွင့်မိဘတွေနဲ့ပါ ရင်းရင်းနှီးနှီးရှိတယ်ဆိုတဲ့ အချက်ရယ်ပဲ။ အဲဒီလွတ်သွားတဲ့ တစ်ကွက်နဲ့တင် ကိုယ်အားလုံးကို သိခဲ့တာ။ ဒါတွေ မင်းမသိတာလည်းမဆန်းပါဘူး။ မင်းကဒီနှစ်မှ ပုသိမ်ကနေ ရန်ကုန်ပြောင်းလာတာကိုး"

စကားဝိုင်းမှာ တစ်ဖက်သတ်ဆန်စွာ ပြီးဆုံးသွားလေသည်။

'ဘယ်လိုလဲ' ဟူသောအကြည့်ဖြင့် ဖြိုးခေတ် သူမကိုလှမ်းကြည့်လိုက်သည်။ သူ့အကြည့်အဓိပ္ပာယ်ကို သဘောပေါက်သည်ထင်သည်။ ရူပါလင်း၏ မျက်လုံးအရောင်ပြောင်းသွားသည်။ ပြီးတော့ မထိတရိအပြုံးတစ်ခုကို နှုတ်ခမ်းတစ်စုံဖြင့် ပုံဖော်လိုက်ရင်း . . .

"ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ ရှင်ရှုံးတာက ရှုံးတာပဲမလား"

ရင်တစ်ချက် လှိုက်ခနဲဆောင့်ခုန်သွားသည်။ သူမျှော်လင့်နေသောစကားပါ။ ဒီအကြောင်းအရာတွေအားလုံး၏အနှစ်ချုပ်က ဒီစကား

"ကိုယ်ပြောပြီးသွားပြီလေ . . . တစ်ခုခုကိုလိုချင်လို့ တစ်ခုခုကို ပေးဆပ်လိုက်တာ။ အရှုံးဆိုတဲ့ နောက်ကွယ်ကအရာကိုလိုချင်လို့ တမင်အရှုံးပေးလိုက်တာ"

"အဟွန်း . . . ယုံရမှာလား"

ဖြိုးခေတ် ပြုံးမိသွားလေသည်။

"ဟုတ်ပြီ . . . ဒီကိစ္စက မင်းတို့ပိုနားလည်ပါတယ်၊ ကိုယ်ပြောပြမယ်။ ဥပမာ လူနှစ်ယောက်က မင်းကိုချစ်ရေးဆိုပြီဆိုပါစို့ကွာ။ တစ်ယောက်ကမင်းကို အထက်စီးကနေပြီး 'ငါ့ကို ပြန်ချစ်ရမယ်' လို့



[illegible]။ နောက်တစ်ယောက်က မင်းရှေ့မှာအရာရာအရှုံးပေးပြီးသားပုံစံနဲ့ 'ကိုယ်မင်းကို အရမ်းချစ်ပါတယ်' လို့ပြောရင် အဲဒီနှစ်ယောက်ထဲက ဘယ်သူ့ကို မင်းစဉ်းမလဲ"

ချက်ချင်းပင် ရူပါပြန်ဖြေသည်။

"ဒုတိယ တစ်ယောက်ကို စဉ်းစားမှာပေါ့"

"အခုလည်း ဒီအတိုင်းပဲလေ . . . ကိုယ် တဲရော့ကိုအရမ်းယုံတယ်နော်။ လုံးဝရှုံးသွပ်တယ်။ ဒါပေမယ့် မင်းကို ကိုယ်တမင်အရှုံးပေးလိုက်တာ . . ."

"ရှင်"

အကြည့်ချင်းဆုံးသွားသည်၊ နှစ်ဦးလုံး၏ဘယ်ဘက်ရင်အုံ့တစ်နေရာမှာ ငွေ့ငွေ့လေးနွေးသွားကြပါ၏။ တဆတ်ဆတ်ခုန်နေသော ရင်ခုန်သံစည်းချက်ကြားမှာပင် ဖြိုးခေတ်ဆုံးဖြတ်ချက် ချလိုက်သည်။ တစ်ခါတည်း ပြောတော့မည်။

ထို့နောက် ပန်းနုရောင်သွေးလွှတ်ကြောတို့ဖြင့် ရှက်ဖြာနေသော ပါးပြင်မို့မို့ကို တရိုက်မက်မက်ကြည့်လိုက်မိရင်း နှုတ်မှ . . .

"ဘာဖြစ်လို့ အရှုံးပေးလိုက်ရသလဲဆိုတော့ . . . ကိုယ်မင်းကို . . ."

"ခဏလေး"

"ဟင် . . ."

သူ၏စကားမှာ တုံးတိကြီးရပ်သွားလေသည်။ ဘာမဆိုင် ညာမဆိုင်ထတားလိုက်သော ရူပါ့ကိုလည်း ကြောင်တောင်တောင် ကြည့်မိသွားသည်။ Mood အပြည့်လွှတ်ထားသော ခံစားမှုတွေမှာလည်း တစ်ဝက်တစ်ပျက် (Half - feel) ကြီးဖြင့် . . .

"ကျွန်မနဲ့မြတ်နိုးပွင့်နဲ့က ညီအစ်မလေ။ ကျွန်မတို့နှစ်ယောက် ကဝါသနာလည်းတူတယ်၊ စရိုက်လည်းတူတယ်၊ အကြိုက်လည်းတူတယ်၊ စိတ်ကူးလည်းတူတယ်၊ သူဒါဆို ကျွန်မလည်းဒါပဲ။ [illegible]စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

စားရင် ကျွန်မလည်းစိတ်ဝင်စားတယ်။ ရှင်းရှင်းပြောရရင် အကုန်အတူတူပဲရှင်"

"အဲ . . . အဲတော့ . . ."

"ဒါပါပဲ . . . ကျွန်မသွားလိုက်ပါဦးမယ်"

"အင်"

ဖြိုးခေတ် ဘာမှန်းညာမှန်း မသိသေးခင်မှာပင် ရှုပါလင်းက ဘာမှန်းညာမှန်းမသိ ဘာညာအထာတွေဖြင့် ထွက်သွားပါတော့သည်။

ဖြိုးခေတ်တစ်ယောက် ယောင်တောင်တောင်ဖြင့်ပင် ကျန်နေခိုက်

"ဟေ့ကောင် . . . ဖြိုးခေတ်၊ မင်းကို ပါမောက္ခခေါ်နေတယ်။ ရုံးခန်းကို ခဏလာခဲ့ပါဦးတဲ့"

ဖြိုးခေတ် မျက်လုံးပြူးသွားသည်။ အခုကိစ္စပင် ဘာဆက်လုပ်လို့လုပ်ရမှန်းမသိ။ ဘာထပ်ဖြစ်ရပြန်ပါသနည်း။

"ဟေ့ကောင် . . . ဘာရှော့လဲ . . ."

"ငါတို့လည်း မသိဘူး"

မင်းသစ်က ပြောသည်။ ကျော်စွာက . . .

"ငါ့အထင်တော့ . . . မင်းကျောင်းဝမှာ ဗေဒင်ထိုင်ဟောတဲ့ကိစ္စနဲ့ ပတ်သက်နေမယ်ထင်တယ်"

ကျော်စွာ့စကားက ဟုတ်လောက်သည်။ ဖြိုးခေတ်ရင်ခုန်သံတွေ ပင်မြန်သွားရပါ၏။ ဘာတွေ ခေါင်းစားခံရဦးမည်နည်း။

မတတ်နိုင်။ ခေါ်နေသည်ဆိုမှတော့ ရောက်အောင်သွားရပေဦးတော့မည်လေ။

ဟိုရောက်တော့ . . .

"မင်းကိုခေါ်ရတဲ့အကြောင်းက ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ အခု အားကစားရာသီကို ရောက်နေပြီဆိုတော့ . . . ငါတို့ ကျောင်းမှာလည်း အားကစားပွဲတွေစတော့မယ်။ အဲဒီတော့ တို့မေဂျာမှာ မနှစ်ကလိုပဲ မင်းဘောလုံးဝင်ကန်ပေးဖို့ ခေါ်ပြောတာ"



သူ့အထင်နှင့် တက်တက်စင်လွဲသွားရသော်လည်း ဖြိုးခေတ်ရင်ထဲမှ အလုံးကြီးကျသွားရပါသည်။

"ဟုတ်ကဲ့ . . . ဆရာ . . . ကျွန်တော် ဝင်ကန်မှာပါ။ မနှစ်က ကွာတားရောက်မှ ကျွန်တော်မကန်တော့တာလဲ ခြေထောက်ရိုးအက်သွားလို့ဆိုတာ ဆရာသိပါတယ်။ အခုကောင်းသွားပါပြီ။ စိတ်ချပါ"

"အေး . . . အေး . . . ဒါဆိုလည်း ဟုတ်ပြီ။ မနက်ဖြန် ထရိန်နင်းစဆင်းမယ်။ ဒီမှာ ငါတို့သချာမေဂျာအတွက် ဘောလုံးကန်မယ့်လူစာရင်း"

ဆရာကြီးပေးသောစာရွက်ကို ဖြိုးခေတ်စိတ်ဝင်တစား ယူကြည့်လိုက်သည်။ မနှစ်က ကန်ထားဖူးသော လူဟောင်းများ အတော်များများပြန်ပါ၍ အသစ်ကတော့ အနည်းငယ်သာ ထပ်ထည့်ထားသည်။

ထိုအသစ်ထဲတွင် မိုးလွင်ဆိုသောနာမည်က ထိပ်ဆုံးမှ ပါဝင်နေသည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

## XVIII

"မင်းဟာကြီးကလည်းကွာ၊ ကောင်းခန်းရောက်မှ မီးပျက်သွားသလိုပဲ . . . နားထောင်ရတဲ့လူတွေတောင် Half - Feel ကြီး"

"အေးကွာ . . . ငါလည်း ဘယ်လိုဖြစ်သွားမှန်းကိုမသိဘူး၊ ပြောခါနီးဆဲဆဲမှာ အနှောင့်အယှက်ဝင်သွားတာ။ နောက်ပြီး ရှုပါလင်းပြောသွားတဲ့စကားက ဘာအဓိပ္ပာယ်တွေလဲမသိဘူး၊ တော်တော်စားတယ်"

ဖြိုးခေတ်စကားအဆုံး သုံးယောက်စလုံး တွေဝေသွားမိကြသည်။ အဓိပ္ပာယ်တစ်ခုခုကို မြှုပ်ထားပေလိမ့်မည်။ ဘာကိုမြှုပ်ထားတာနည်း။ လောလောဆယ်တော့ သူ့တို့စဉ်းစား၍မရ။

တောင်တောင်အီအီ တွေးတောနေကြရင်းမှ ကျော်စွာက . . .

"ဒါနဲ့ ဟိုကောင်မိုးလွင် အဆင်ပြေသွားပြီလား"



"မသိဘူး . . . ပြေတော့ပြေနိုင်လောက်ပါပြီ။ ကောင်မလေးက အရင်ကတည်းက ဒီကောင့်အပေါ် သံယောဇဉ်ရှိပုံရပါတယ်"

ဒီလိုနှင့်ဟိုအကြောင်း ဒီအကြောင်းပြောကြရင်း စကားဝိုင်းက မေဂျာဘောလုံးပွဲဆီ ဦးတည်သွားသည်။

"ငါတို့သင်္ချာမှာ မိုးလွင်ပါတယ်နော်"

မင်းသစ်က မေးသည်။

"ပါတယ်"

"အင်း . . . ဘာလိုလိုနဲ့ ဘောလုံးပွဲတွေတောင်နီးလာပြီ။ ငါတို့ ပထမဆုံး တွေ့မယ့်အသင်းက ဘယ်အသင်းလဲ"

"Botany"

• • •

နောက်တစ်နေ့မှာပင် ရေးကြီးသုတ်ပြာဖြင့် မိုးလွင်ရောက်လာသည်။

သူ့ပုံစံမှာ တစ်စုံတစ်ခုအတွက် စိတ်ဓာတ်အကြီးအကျယ် ကျနေသည့်ပုံစံ . . .

"အစ်ကိုရာ ကျွန်တော်တော့ တိုင်ပတ်ပြီ"

"ဘယ်နှပတ်ရှိသွားပြီလဲ"

"ဗျာ . . ."

ကျော်စွာက ဆီးနောက်သည်။

ကျော်စွာ့နောက်ပြောင်မှုကို မိုးလွင်မရယ်နိုင်၊ မချိတင်ကဲ ပြုံးရင်း . . .

"မနောက်ပါနဲ့ဗျာ . . . ကျွန်တော်အတည်ပြောတာပါ။ ကျွန်တော်ဘာဆက်လုပ်လို့ လုပ်ရမှန်းကိုမသိတော့ဘူး"

မျက်နှာပျက်ပျက်နှင့် ပြောနေသော မိုးလွင်ကိုကြည့်၍ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လာလို့လဲ"

"ကျွန်တော့်ကို ထပ်စားပြန်ပြီအစ်ကို"

"ဟော . . ."

"မြတ်နိုးပွင့် ကျွန်တော့်ကို ထပ်စားလိုက်ပြန်ပြီ"

မြတ်နိုးပွင့်ဆိုသည်နှင့် ဖြိုးခေတ်မျက်နှာ တည်သွားရပါသည်။ ကျော်စွာနှင့်မင်းသစ်လည်း စိတ်ဝင်စားသွားကြသည်။ မြတ်နိုးပွင့်သည် ရုပ်ပါလင်းနှင့်ပတ်သက်နေသော ညီမတစ်ယောက်ပင် မဟုတ်ပါလား။

"ပြောပါဦး . . . ဘာတွေ အာရုံထပ်နှောက်လိုက်လို့လဲ"

ထိုအခါမှ မပြော့မဖြစ်ပုံစံနှင့် မိုးလွင်က ရင်ဖွင့်သည်။

"ဒီလိုအစ်ကို . . . ကျွန်တော်မနေ့က မြတ်နိုးပွင့်ကို အဖြေတောင်းလိုက်တယ်"

"ရခဲ့လား"

အကုန်လုံး စိတ်ဝင်စားသွားကြသည်။ သို့သော် မိုးလွင်က ခေါင်းကို မသက်မသာခါရမ်းရင်း . . .

"မရဘူး အစ်ကို . . . မရတဲ့အပြင် ကျွန်တော့်ကိုပါ ထပ်စားလိုက်သေးတယ် . . . တူတူပုန်းတမ်းကစားမယ်တဲ့"

"ဟော . . ."

"ခွီး"

ဖြိုးခေတ်အံ့သြသွားသလောက် ကျော်စွာနှင့် မင်းသစ်ကတော့ မိုးလွင်စကားကို 'ခွီး' ဆိုသောရယ်သံတွေဖြင့် အားပေးသည်။ တွေးတွေးဆဆဖြစ်သွားသော နားမလည်သလို ဖြိုးခေတ်ဟန်ပန်ကြောင့် . . .

"တူတူပုန်းတမ်းကစားသလို သူ့ကို ရှာလို့တွေ့မှ ကျွန်တော့်ကို အဖြေပေးမယ်တဲ့"

"ဟော . . . အဆန်းပါလား"

"ဟုတ်တယ်အစ်ကို . . . အဲဒါကြောင့် ကျွန်တော်လည်း စိတ်ညစ်နေတာ"



"ဘာစိတ်ညစ်စရာရှိလဲကွာ . . . တူတူပုန်းတမ်းကစားတာများ ကစားလိုက်ပေါ့ဘာဖြစ်လဲ။ ငယ်မူငယ်သွေးတောင် ပြန်ပေါ်သေး"

ဖြိုးခေတ်စကားကြောင့် . . .

"အာ . . . မဟုတ်ဘူးအစ်ကို . . . အစ်ကိုပြောသလောက် မလွယ်ဘူး"

"သူပြောတဲ့ အရည်အချင်းသုံးရပ်နဲ့ညီမှ သူ့ကိုရှာလို့တွေ့မှာတဲ့။ မဟုတ်ရင် တွေ့အောင်ရှာနိုင်မှာ မဟုတ်ဘူးတဲ့"

"အရည်အချင်းသုံးရပ် . . ."

ဖြိုးခေတ် သံယောင်လိုက်မိသွားသည်။ တော်တော်လည်း စိတ်ဝင်စားသွားပါ၏။ မင်းသစ်နှင့်ကျော်စွာလည်း သူ့အတိုင်း . . .

"ဘယ်လို အရည်အချင်းတွေလဲ"

မင်းသစ်က မေးသည်။

"ပထမတစ်ခုက သီချင်းတော်တော်များများ နားထောင်ဖူးရမယ်တဲ့။ ဒုတိယတစ်ခုက သချ်ာကျွမ်းရမယ်။ တတိယတစ်ခုက တဲရှေ့ကျွမ်းကျင်ရမယ်တဲ့"

"ဟော . . ."

တဲရှေ့ဆိုသောစကားကြောင့် ဖြိုးခေတ်အံ့သြသွားသည်။ ဘာကိစ္စတဲရှေ့က ပါလာရပြန်သနည်း။

"ဘယ်လိုဖြစ်ပြီး တဲရှေ့ကပါလာတာလဲ"

ဖြိုးခေတ် နားမလည်နိုင်စွာမေးတော့ . . .

"မသိဘူးအစ်ကို၊ သူ့ကိုရှာရမယ့် အချိန်ကိုကြားရင် အစ်ကိုပိုတောင်စိတ်ညစ်သွားဦးမယ်"

"ဘယ်အချိန်ရှာရမိုလို့လဲ"

"လာမယ့် အပတ် တနင်္လာနေ့။ ကျွန်တော်တို့သချ်ာနဲ့ Botany ဘာလုံးပွဲရှိတယ်လေ"

"အေး . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဘောလုံးကန်နေတဲ့မနက် ကိုးနာရီကနေ ဆယ်နာရီဆယ့်ငါး မိနစ်အတွင်းရှာရမှာ။ အဲဒါ ကျွန်တော်ဘယ်လိုရှာမလဲ။ အဲဒီအချိန်ဆို ကျွန်တော်တို့ကွင်းထဲရောက်နေပြီ"

မိုးလွင်စကားက စဉ်းစားစရာတွေ ပွတ်သိပ်သွားသည်။ သူတို့ သုံးယောက်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသွား၏။ တစ်ခုတော့ ထူးခြားနေပြီ၊ ကွင်းထဲတွင် ဘောလုံးကန်ရမည့်လူက အပြင်မှာပုန်းနေသည့်လူကို ဘယ်လိုရှာရမည်နည်း။

ဘယ်လိုမှ ဆက်စပ်လို့မရသော ကိစ္စတစ်ခုပင်။

နောက်ပြီး အရည်အချင်းသုံးခုထဲမှ နောက်ဆုံးတစ်ခုက မိုးလွင်နှင့်ဘာမှမဆိုင်၊ တဲရှော့ကျွမ်းကျင်ရမည်ဟူသော အချက်ကစဉ်းစားစရာတစ်ခုပင် . . .

"မင်း တဲရှော့ကြည့်တတ်လား"

"ဟာ . . . ပေါက်ပေါက်ရှာရှာ အစ်ကိုရာ၊ ကျွန်တော် တဲရှော့ဆိုတာကြားပဲ ကြားဖူးတာ။ ဘယ်လိုလုပ်ကြည့်တတ်မှာလဲ"

"ဒါဆို ဘာကိစ္စ တဲရှော့ကျွမ်းကျင်ရမယ်ဆိုတဲ့ အချက်က ပါလာရတာလဲ"

သူ့စကားကို မိုးလွင်ပြန်မဖြေတော့။ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်း တစ်ဖက်လှည့်သွားသည်။ ပြီးတော့ . . .

"တဲရှော့ကြည့်တတ်တယ်ပဲထားဦး . . . ဘောလုံးကွင်းထဲရောက်နေမယ့် ကျွန်တော်က သူ့ကို ဘယ်လိုလုပ်ရှာတွေ့မှာလဲ။ ပရိသတ်ထဲ ထိုင်နေတယ်ဆိုရင်တောင် ကွင်းထဲက လှမ်းကြည့်လို့မြင်မှာမဟုတ်ဘူး။ ဒါသက်သက်ပညာပြတာဗျ"

မိုးလွင်၏ပေါက်ကွဲမှုသံစဉ်တွေက တစ်စထက်တစ်စ ပြင်းထန်လာသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မိုးလွင်ပြောပုံအရတော့ စဉ်းစားစရာမလို ပညာပေးခြင်းသက်သက်သာ။

ဒါပေမယ့် ထိုအထဲတွင် သူတို့စဉ်းစားလို့မရသည့် မြှုပ်ကွက်



တစ်ခုတစ်ရာရှိနေမည်လားမပြောတတ်။ သေချာစဉ်းစားကြည့်ရပေဦးမည်။

ထို့ကြောင့် . . .

"စိတ်မပျက်ပါနဲ့ကွာ၊ ဘောလုံးကန်ဖို့က ငါးရက်တောင်လိုပါသေးတယ်။ ဒီကြားထဲမှာ သေချာစဉ်းစားကြည့်ကြတာပေါ့။ တို့မမြင်သေးတဲ့ အဖြေတစ်ခုတလေတော့ ရှိနေမှာပါ"

နောက်ဆုံးမှာတော့ ဖြိုးခေတ် နှစ်သိမ့်မှုတစ်ခုနဲ့ပင် မိုးလွင်မှာ တခဏတာ ကျေနပ်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# XIX

တစ်ရက်ပြီးတစ်ရက် အချိန်တွေက ကုန်လွန်လာသည်။ မိုးလွင်ကိစ္စသည်လည်း တွေးရလွန်းသဖြင့် ခေါင်းမွေးတွေပင် ကျွတ်ချင်သလိုဖြစ်လာပြီ။ ဒါပေမယ့် နီးစပ်လောက်သည့်အဖြေမရသေး။

ယခုလည်း အခန်းထဲတွင်ထိုင်၍ တောင်တောင်အီအီစဉ်းစားနေရင်းမှ . . .

"ဖြိုးခေတ် . . . ဖုန်းလာနေတယ်"

အဆောင်ပိုင်ရှင် ဒေါ်တုတ်ကြီး၏အသံကြောင့် ဖြိုးခေတ်ကပျာကရာခုတင်ပေါ်မှထ၍ အိမ်ရှေ့ခန်းသို့ပြေးရသည်။ နောက် ဒေါ်တုတ်ကြီးလက်ထဲမှ ဖုန်းကိုယူလိုက်ကာ . . .



"ဟယ်လို . . . ဖြိုးခေတ်ပါ"

"ဖြိုးခေတ်လား . . . ရူပါ"

"ဟင်"

ဖြိုးခေတ် ကြောင်သွားသည်။ တစ်ခါမှ မဆက်ဖူးသောရူပါ သူ့ဆီဖုန်းဆက်သည်ကား . . .

"ဒီနေ့ ဘာနေ့လဲသိလား"

"သိတာပေါ့ တနင်္ဂနွေနေ့လေ"

"မနက်ဖြန်ကရော . . ."

"တနင်္လာပေါ့ . . ."

ဘာတွေမှန်းမသိ၊ ထိုဘာတွေမှန်းမသိဘဲနှင့်ကို ဖြိုးခေတ်လိုက်ဖြေမိနေသည်။

"ဒါဆို မနက်ဖြန် ရှင်တို့ဘောလုံးကန်ရတော့မှာပေါ့"

"ဟုတ်ပါတယ် . . . ဒါနဲ့မင်း အခုဘယ်ကဆက်နေတာလဲ။ မင်းအသံက မောနေသလိုကြီး"

"ဟုတ်တယ် . . . ကျွန်မ ထရိန်နင်ဆင်းရင်း ဆက်နေတာ"

"ထရိန်နင်"

"ဟုတ်တယ်လေ . . . ကျွန်မတို့မေဂျာအတွက် ဘော်လီဘောလေ့ကျင့်နေတာ"

ဖြိုးခေတ် အံ့သြသွားရသည်။ ရူပါလင်းလို မိန်းကလေးမျိုးက ဘော်လီဘောပုတ်သည်ဆိုတော့ . . .

"ဘာလဲ . . . အံ့သြသွားလို့လား"

"အင် . . . အံ့သြသွားသလိုပဲ"

သူမဘက်မှ ခပ်ဟဟရယ်သံကိုကြားရသည်။ နောက် သူတို့နှစ်ဦးကြားမှာ ခဏတိတ်ဆိတ်သွားကြပါ၏။

"အကြောင်းရှိလို့လား . . ."

သူ လေသံတိုးတိုးဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ရှိတယ်ဆိုပါတော့။ ဒါပေမယ့် ကျွန်မကိစ္စတော့ မဟုတ်ဘူး၊ ကျွန်မညီမမြတ်နိုးပွင့်ကိစ္စ။ သူကလည်း ရှင့်ကိုပြောခိုင်းတာ မဟုတ်ဘူး၊ မိုးလွင်ကို ပြောခိုင်းတာ"

ဖြိုးခေတ် အံ့သြသွားသည်။ မိုးလွင်ကိုပြောဖို့ကိစ္စက ဘာကြောင့် သူ့ဆီဖုန်းဆက်ရသနည်း။

"မြတ်နိုးက အခု နေမကောင်းဖြစ်နေတယ်၊ ဖုန်းမပြောနိုင်ဘူး။ ကျွန်မကလည်း မိုးလွင်ဖုန်းနံပါတ်ကိုမသိလို့ ရှင့်ဆီဆက်လိုက်တာ။ မိုးလွင်ကိုတွေ့ရင် ပြောလိုက်စမ်းပါရှင်၊ မြတ်နိုးပွင့်ကပြောတယ် မနက်ဖြန် တူတူပုန်းတမ်းကစားရင် ဘောလုံးကွင်းထဲက စရှာပါလို့"

ရုပ်ပါ့စကားတွေက သူ့နားထဲသို့ မသင်္ကာမှုတွေနှင့် ပေါင်းဆင်းသွားသည်။ မဖြစ်နိုင်ပါ။ ငယ်ငယ်ကတည်းက ပေါင်းသင်းလာသော သူငယ်ချင်းတစ်ယောက်ဖြစ်သည့်အပြင် အိမ်နီးချင်းတစ်ယောက်ဖြစ်နေသော မိုးလွင်ဖုန်းနံပါတ်ကို မြတ်နိုးပွင့်ရှိနေလျက်နှင့် ရုပါမသိဘူးဆိုတာ မဖြစ်နိုင်။

ဒါဆို မိုးလွင်ကိုအကြောင်းပြုပြီး ရုပါလင်း သူ့ဆီဖုန်းဆက်သည့်ကိစ္စက . . . ။ ဖြိုးခေတ်ခေါင်းထဲတွင် ရေးရေးလေးတော့ ပေါ်သွားသည်။ ဒါကြောင့် . . .

"ဟုတ်ပါပြီ . . . ကိုယ်ပြောလိုက်ပါ့မယ်။ ဒါပေမယ့် ကိုယ် မရှင်းတာလေးတစ်ခုရှိတယ်"

"ဘာများလဲ . . ."

"မြတ်နိုးပွင့်နဲ့မင်းနဲ့က ညီအစ်မနော်"

"ဟုတ်ပါတယ်"

"စိတ်ချင်းဆက်နေတာလို့ မင်းပြောတယ်နော်"

"အင်း . . ."

"ဝါသနာလည်းတူတယ်၊ စရိုက်လည်းတူတယ်၊ အကြိုက်လည်းတူတယ်၊ စိတ်ကူးလည်း တူတယ်နော်"



"အင်း . . . ဘာဖြစ်လို့လဲ"

ဖြိုးခေတ် ပြုံးလိုက်သည်၊ သူ့အပြုံးကိုတော့ တစ်ဖက်မှရုပါလင်း မြင်မည်မဟုတ်ပါ။

"မဖြစ်ပါဘူး၊ မင်း လူလည်ကျပုံလေးက ချစ်စရာကောင်းလို့"

"ဘယ်လို . . ."

တအံ့တသြ ပါးစပ်မှထွက်သွားသော စကားသံမရှေးမနှောင်း မှာပင် သူမဘက်မှငြိမ်သက်သွားတော့သည်။

"စိတ်ချပါ . . . ကိုယ်တွေ့အောင်ရှာမှာပါ"

"ဟင် . . . ရှင့်ကိုဘယ်သူက ရှာခိုင်းလို့လဲ"

ရက်သံဝဲဝဲဖြင့် အလိမ်ပေါ်သွားသလို မပွင့်တပွင့်ထွက်လာသော သူမအသံကြောင့် ဖြိုးခေတ် ရယ်ချင်စိတ်ကိုထိန်းလိုက်ရင်း . . .

"အဟင်း . . . မဟုတ်ပါဘူး၊ မိုးလွင်ကို ဝိုင်းကူရှာပေးမယ်လို့ ပြောတာပါ။ ဘာဖြစ်သွားတာလဲ မင်းအသံက အလိမ်ပေါ်သွားတဲ့ အသံကြီး"

"ဘာအလိမ်ပေါ်သွားတာလဲ . . . ဘာအလိမ်မှမပေါ်ဘူး"

"ဩော် . . . မပေါ်ဘူးလား"

"ရှင်နော်"

"အဟွန်း . . . မပေါ်သေးဘူးဆိုလည်းပြီးတာပဲ"

"မပေါ်ဘူး . . . မပေါ်ဘူး . . . ဘာမှမပေါ်ဘူး တော်ပြီ . . . မိုးလွင်ကို ပြောလိုက်၊ မနက်ဖြန်ဘောလုံးကန်ရင် နားကိုဂရုစိုက်ပါလို့"

"ကိုယ့်ကိုလား "

"မဟုတ်ဘူး မိုးလွင်ကို . . ."

"ဩော် . . . အင်း . . . အင်း . . . ကိုယ်သေချာဂရုစိုက်ပါ့ မယ်၊ စိတ်မပူနဲ့"

"ဗွပ်"

ဒီတစ်ခါ ဖုန်းချသံလေးက ဆက်ဖူးသမျှဖုန်းတွေထဲတွင် အချို



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဟုထင်မိသည်။ ဖြိုးခေတ်အားလုံးကို ရေရေရာရာ သဘောပေါက်သွားပါပြီ။ စိတ်ချင်းဆက်နေသော ညီအစ်မနှစ်ယောက်၏ တူတူပုန်းတမ်းကစားပွဲကို သူကိုယ်တိုင် ဝင်ကစားရတော့မှာလား။

တစ်ခုတော့ရှိသည်။ သူနှင့်မိုးလွင်နဲ့ကတော့ စိတ်ချင်းဆက်မနေပါ။ ဒါပေမယ့် သူတို့ချစ်သူနှစ်ယောက်ကတော့ . . .

ဖြိုးခေတ်ဖုန်းမချသေးဘဲ . . . နောက်ထပ် ဂဏန်းအချို့ကို ကောက်နှိပ်လိုက်သည်။

ချက်ချင်းပင် ဝင်သွားပါ၏၊ ပြီးတော့ . . .

"ဟယ်လို . . ."

"မိုးလွင်လား . . . ငါ . . . ဖြိုးခေတ်"

"ဟာ . . . အစ်ကိုပြော၊ အခုပဲ ကျွန်တော်အစ်ကို့ဆီ ဖုန်းဆက်မလို့ တိုက်ဆိုင်လိုက်တာ စိတ်ချင်းဆက်နေလားမသိဘူး"

မိုးလွင်စကားကြောင့် ဖြိုးခေတ်စိတ်ထဲမှ ဆဲရေးဖြစ်သည်။

"မင်း မနက်ဖြန်တူတူပုန်းတမ်း ကစားရတော့မှာနော်"

"အင်း . . . ဟုတ်တယ်၊ အဲဒီကိစ္စပဲ ကျွန်တော်အစ်ကို့ဆီ ဖုန်းဆက်"

"ငါ အဖြေရပြီ"

"ဗျာ . . ."

ဖြိုးခေတ် ဖုန်းချပစ်လိုက်လေသည်။

ဒါပေမယ့် သိပ်မကြာသော အချိန်အတွင်းမှာပင် မိုးလွင်သူ့ဆီ ရောက်လာတော့မယ်ဆိုတာ အလိုလိုသိနေပါ၏။

ပြီးတော့ . . .

• • •

ထင်သည့်အတိုင်းပင် သိပ်မကြာလိုက် မိုးလွင်ရောက်လာသည်။



[illegible]မှာလည်း သီချင်းခွေတစ်ထုပ်ကြီးနှင့် . . .

"ဟော့ကောင် . . . ဒီအခွေတွေက ဘာလုပ်ဖို့လဲ"

"ပထမဆုံး အရည်အချင်းလေဗျာ၊ သီချင်းများများ နားထောင်ဖူးရမယ်ဆိုလို့ အစ်ကိုနားထောင်ရအောင်ယူလာတာ"

မိုးလွင်စကားကြောင့် သူသက်ပြင်းချမိသည်။ သူကိုယ်တိုင် ပါဝင်ပတ်သက်ရမည့် ပြိုင်ပွဲတစ်ခုတွင် ဒီအရည်အချင်းတွေလည်း လိုအပ်သည်မဟုတ်ပါလား။

"အစ်ကို . . . အဖြေရပြီဆိုတာ တကယ်လား"

ဘေးနားဝင်ထိုင်ရင်း အားတက်သရောမေးသော မိုးလွင်အမေးကို ဖြိုးခေတ်ခေါင်းညိတ်အဖြေပေးလိုက်သည်။

နောက်မြတ်နိုးပွင့်နှင့်ရူပါလင်းတို့၏ အကွက်အလှည့်အပြောင်းများကို သူစဉ်းစားတွေးခေါ်မိသော အချက်အလက်တွေနှင့် ပူးပေါင်းရှင်းပြလိုက်ပြီးသည့် နောက်မှာတော့ . . .

"ဟာ . . . ဒါဆို အစ်ကိုလည်း တူတူပုန်းတမ်းကစားရတော့မှာပေါ့"

"အဲလိုပဲ ပြောရမှာပေါ့ကွာ"

"ဝမ်းသာလိုက်တာ အစ်ကိုရာ . . . မဟုတ်ရင် ကျွန်တော်တစ်ယောက်တည်း ဘာလုပ်လို့လုပ်ရမှန်း သိမှာမဟုတ်ဘူး။ အခု အစ်ကိုပါလာတော့ အားရှိတာပေါ့"

သူမဖြေမိတော့ပါ။ မိုးလွင်ခုတင်ပေါ်တင်ပေးထားသော အခွေတစ်ထပ်ကြီးကိုသာ စိတ်လက်မသာမယာ ကြည့်မိသည်။

"ပထမ အရည်အချင်းကတော့ တော်တော်စုံနေပြီအစ်ကို၊ ကျွန်တော် အခုလက်ရှိထွက်ထားတဲ့ အခွေတွေရော၊ အရင်တုန်းက ထွက်ထားတဲ့အခွေတွေရော တော်တော်များများ နားထောင်ပြီးသွားပြီ။ ဒုတိယနဲ့တတိယအတွက်ကတော့ အစ်ကို့ကိုပဲ အားကိုးရမှာပဲ . . . ဟီး"

အားတက်သရောပြောနေသော မိုးလွင်စကားကို သူတွေးတွေး



www.burmeseclassic.com

www.burmeseclassic.com

ဆဆ နားထောင်မိသည်။ ပြီးတော့ ခေါင်းအုံးပေါ်တင်ထားသော သူ၏ အချစ်တော် ကောင်းကင်နတ်ဘုရား၏လက်ထောက်တမန် တဲရှော ကဒ်ထုပ်လေးအား . . .

အားကိုးလွန်းစွာ တစ်ချက်ကြည့်လိုက်မိရင်း . . .

"ကောင်မလေးရယ် . . . မင်းရဲ့မယုံကြည်မှုတစ်ခုအတွက်နဲ့ ကိုယ့်ကိုဘယ်လောက်ထိ စမ်းသပ်နေဦးမှာလဲ"

* * *



# XX

"ဟေး . . ."

ပရိသတ်အားပေးမှုအောက်မှာ နစ်သင်းစလုံးက သွက်သွက် ခါအောင် လန်းနေသည်။

ဘောလုံးကွင်းထဲက စရာဆိုသည့်အတိုင်း ဖြိုးခေတ်ဘောလုံး ကွင်းထဲဆင်းကတည်းက နေရာအနှံ့ရှာနေသည်။ ဘောလုံးကွင်းအနှံ့ ပွဲကြည့်စင်အနှံ့ မျက်လုံးတို့က တောင်မြောက်ပြေးနေ၏။ သို့သော် ဘယ်မှာတွေ့မည်နည်း၊ ရှုပါလင်း ဒီလောက်မညံ့ဘူးဆိုတာ ဖြိုးခေတ် သိသည်။

ပထမဆုံးပွဲမို့ အရေးကြီးလူစာရင်းပဲ ပွဲထုတ်ထားရာ မိုးလွင် ဝင်မကန်ရသေး။ ဒါပေမယ့် အရံခုံမှမိုးလွင်က ကွင်းထဲတွင်ကန်နေသူ တွေထက် စိတ်လှုပ်ရှားနေသည်။ ဘောလုံးပွဲကိုကြည့်၍ စိတ်လှုပ်ရှား နေခြင်းတော့မဟုတ်။ သူစိတ်လှုပ်ရှားနေသည်ကား တူတူပုန်းတမ်း ကျော့်စွာနှင့်မင်းသစ်သည်လည်း သူပြောထားသည့်အတိုင်း ပရိသတ် ထဲတွင် လိုက်ရှာနေမှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုန်းသည့် လူတွေက ပုန်းနေပါပြီ။ ဒါပေမယ့် ရှာသည့်လူတွေအတွက်ကတော့ မလှုပ်သာမလွန့်သာ။ ဘောလုံးဝင်မကန်လို့လည်း မရ၊ ကွင်းထဲမှထွက်လို့လည်းမရ၊ တစ်ဖက်တွင် စိတ်ရောက်နေသည့်အတွက် ဘောလုံးကန်ရာမှာလည်း အယောင်ယောင်အမှားမှား။

ဒီလိုနှင့်ပထမပိုင်းမှာ မလှမပ ပြီးဆုံးသွားခဲ့သည်။

Botany ဘယ်မှနှစ်ဂိုး၊ သူတို့သချ်ာမှ သွင်းဂိုးမရှိသေး၊ ဂိုးသွင်းသည့်သူက မနှစ်ကဂိုးသွင်းအများဆုံးဆုရထားသည့် 'ကုလား' ဆိုသည့်ကောင်။

အရုံခုံမှ အသင်းသားတွေရော၊ ဆရာတွေပါ မျက်စိမျက်နှာပျက်နေသည်။ နည်းပြက မနှစ်ကခြေစွမ်းထက်ခဲ့သောသူ့ကို ဘယ်လိုဖြစ်သနည်းဟုလာဆူပါ၏။ ဒါပေမယ့် သူမတတ်နိုင်ပါ၊ သူ့မှာအလွန်ကြီးလေးသော Preasure တစ်ရပ်၏ ဖိနှိပ်ခြင်းဒဏ်ကို အပြင်းအထန်ခံနေရလေသည်။

မတွေ့လို့မဖြစ်ပါ၊ တွေ့အောင်တော့ရှာရပေမည်။

နားနေချိန်တွင် ကျော်စွာနှင့်မင်းသစ်က သူတို့နားရောက်လာကာ . . .

"ဟေ့ကောင် . . . ဖြိုးခေတ်နဲ့မိုးလွင်၊ မင်းတို့နားတွေဘာဖြစ်သွားသေးလဲ"

"ဘာဖြစ်ရမှာလဲကွ . . . ဘောလုံးကန်တာ နားနဲ့မှမဆိုင်တာ"

ဖြိုးခေတ် ခပ်ဆတ်ဆတ်ပိတ်အော်လိုက်သည်။ ဒီတော့မှ ခပ်ဖြီးဖြီးဖြင့် . . .

"မသိဘူးလေ မင်းတို့နှစ်ယောက်ကို နားဂရုစိုက်ပါလို့ မှာသွားလို့ ဘာများဖြစ်နေပြီလဲ လာမေးကြည့်တာ"

ဖြိုးခေတ် ခေါင်းရမ်းလိုက်သည်။

"ဘယ်လိုလဲ တွေ့လား . . ."

"ဟင့်အင်း"



နှစ်ယောက်စလုံး လက်ခါပြသည်။ လက်ခါပြသော ကျော်စွာနှင့်မင်းသစ်ကိုကြည့်၍ မိုးလွင်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် . . .

"အစ်ကို . . . ကျွန်တော်တို့အတွက် အချိန်လေးဆယ့်ငါးမိနစ်ပဲ ကျန်တော့တယ်နော်"

ဖြိုးခေတ် ခေါင်းညိတ်မိပါသည်။

"မပူပါနဲ့ . . . ဒုတိယပိုင်းမှာတော့ တစ်ခုခုထူးခြားမှာပါ"

ထိုအချိန်မှာပင် . . .

"အနိုင်ဂိုးကို သွင်းသွားတာကိုကိုပါ၊ အိမ်ရောက်ရင် ပန်းကုံးစွပ်ကာ ကြိုရမှာ . . . ဒီပွဲမှာ ဆုံးဖြတ်ပေးတာ ကိုကိုပါ . . ."

ပွဲကြည့်စင်ဆီမှထွက်လာသော 'မေခလာ'၏ "ဂိုးသွင်းကောင်းတဲ့ကိုကို"

သီချင်းကြောင့် ဖြိုးခေတ်က အားဖြစ်မိသည်။

"သီချင်းက အားတက်စရာတော့ ကောင်းသားကွနော်"

"အေး . . ."

ထို့နောက်မှာတော့ . . .

ဒုတိယပိုင်း စပါပြီ။ ဒုတိယပိုင်းတွင်တော့ သူတို့ကစားပုံမဆိုးပါ။ (၁၀) မိနစ်အသာမှာပင် ကွင်းလယ်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ မကြာပါ သူတို့ ချေပဂိုးစရပါ၏။

"ဂိုး . . . ဂိုး . . . ဂိုး . . . သွင်းကောင်းတယ်၊ ဂိုးသွင်းကောင်းတဲ့ တို့ကိုကိုပါ . . ."

မေခလာ၏ ဂိုးသွင်းကောင်းတဲ့ကိုကိုကလည်း တစ်ကိုယ်တော်ကို ဟဲနေသည်။ အချိန်တွေကလည်း တဖြည်းဖြည်း ကုန်လာသည်။ ပွဲကစားချိန်မိနစ် (၃၀)ပင် ကျော်လာပါ၏။ ထိုအချိန်မှာပင် Botany ၏ 'ကုလား'က နောက်တစ်ဂိုး ထပ်သွင်းသွားသည်။

"တိုက်စစ်မှူး . . . လက်ရွေးစင် တိုက်စစ်မှူး၊ ရှေ့တန်းမှာ ရဲဝံ့စွာ နိုင်ငံဂုဏ်ထမ်းရွက်တာ ဂိုး . . . ဂိုး . . . ဂိုး . . . ဂိုးဂိုးဂိုး"



www.burmeseclassic.com

www.burmeseclassic.com

ဖြိုးခေတ်နည်းနည်းတော့ တင်းလာပေပြီ။ ဒုတိယပိုင်း စကတည်းက ဖွင့်နေသောသီချင်းတစ်ပုဒ်မှာ မိနစ် (၃၀) ကျော်လာပါပြီ။ မပြောင်းသေး သူတို့အတွက်မှာလည်း ရှာရန်အချိန် (၁၅)မိနစ်သာ ကျန်တော့သည်။

ထိုအချိန်မှာပင် ဖြိုးခေတ်နားထဲသို့ ရှုပ်ပါ့စကားသံအချို့ဝင်လာ၏ ။

'နားကို ဂရုစိုက်ပါ' ဆိုသာစကားနှင့် 'သီချင်းများများနားထောင်ဖူးရမယ်' ဆိုတဲ့စကား။

ယခုဖွင့်နေသော သီချင်းက 'ဂိုးသွင်းကောင်းတဲ့ကိုကို' ဖြိုးခေတ်အတွေးတစ်စကို ဆွဲထုတ်မိသွားသည်။ ဟုတ်များဟုတ်နေမလား၊ အချိန်မကျန်တော့ . . .

ချက်ချင်းပင် ဖြိုးခေတ် ဟိုဘက်အသင်းမှ တိုက်စစ်မှူး 'ကုလား' ဆီ ပြေးသွားလိုက်သည်။ ထို့နောက် . . .

"ဂိုးသွင်းကောင်းတဲ့ကိုကိုဆိုတာ ခင်ဗျားလား . . ."

တစ်ဖက်မှ ကြောင်သွားသည်။ သို့သော် ချက်ချင်းပင်သဘောပေါက်သွားကာ . . .

"သြော် . . . ငါ့ဆီက စာယူမယ်ဆိုတာမင်းကိုး . . ."

ဟုဆိုရင်း စာရွက်သေးသေးလေးတစ်ရွက်ကို ထုတ်ပေးပါ၏။ ဖြိုးခေတ်လည်း ကွင်းထဲမှာပင် ဖြန့်ဖတ်လိုက်သည်။ ရေးထားသည်ကား အောက်ပါအတိုင်းသာ . . .

**"မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ်မျဉ်းတစ်ကြောင်းက**
**ဖြတ်လျှင် လိုက်ဖက်ထောင့်တွေတူညီကြတယ်"**

"ဘာလဲဟ"

ဖြိုးခေတ် အံ့သြသွားသည်။ သူ့ဟာက သင်္ချာသီအိုရီကြီး . .


ထိုအချိန်မှာပင် ပွဲကြည့်စင်ဆီမှ ထူးခြားမှုတစ်ခုကိုဖြိုးခေတ် သတိပြုမိသည်။ ထိုဟာက သူတို့သင်္ချာဘက်ခြမ်းမှ ပရိသတ်များထက်



အောက်ခုံသုံးတန်းတွင် အလယ်တစ်တန်းကို ချန်ထား၍ အပြင်နှစ်တန်းက အကျႌအဖြူတွေကို ဝတ်ထားသည်။

ထိုအဖြူမျဉ်းပြိုင်နှစ်ကြောင်းအလယ်မှ အနီရောင်အကျႌဝတ်ထားသော လူတန်းတစ်တန်းက ဖြတ်မျဉ်းတစ်ကြောင်းလို ဖြတ်ချထားသည်။

ပုံကအောက်ပါအတိုင်းသာ




ဖြိုးခေတ် လက်ထဲမှစာရွက်ကို ပြန်ကြည့်လိုက်သည်။ သေချာသည် ဒါအစမှပြောင်းလိုက်သောအနေအထားတစ်ခုပင် ဖြစ်ရမည်။ ပထမပိုင်းနှင့် ဒီမတိုင်ခင်တစ်ချိန်လုံး ပွဲကြည့်စင်မှာဒါမျိုးထူးခြားမှုမတွေ့။

မိုးလွင်ကို လှမ်းကြည့်မိတော့ မျက်စိပျက်မျက်နှာပျက်ဖြင့် နာရီထောင်ပြသည်။ အချိန်မရှိတော့ဘူးဆိုသည့်သဘော။

ဖြိုးခေတ်ဘာမှစဉ်းစားမနေတော့ ချက်ချင်းပင်သူ့ရှေ့မှဘောလုံးဆွဲသွားသူအား ခပ်ကြမ်းကြမ်းဝင်ဖျက်လိုက်သည်။ တော်တော်လေးကြမ်းပါ၏။

ပွဲတစ်ခုလုံး ဆူညံပွက်လောရိုက်သွားသည်။ တစ်ဖက်လူ မှောက်သွားသည်။ ဖြိုးခေတ်လည်း အနီကဒ်ကိုကျောခိုင်းရင်း ထွက်သွားသည်။ နောက် ပွဲကြည့်စင်မှ လိုက်ဖက်ထောင့်တွေကို စိတ်ထဲမှနာမည်ပေးရင်း မိုးလွင်ကိုခေါ်ကာ လစ်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦး၏ခြေလှမ်းတွေက အပြေးတစ်ပိုင်းဖြင့် ပွဲကြည့်စင်ဆီသို့ . . .

ပြီးစိတ်ထဲမှာတွဲထားသော (CD) အတွဲမှ ပထမလူကို မေးလိုက်သည်။

"အစ်ကို . . . လိုက်ဖက်ထောင့်လား"

"ဟင် . . . မ . . . မဟုတ်ဘူး . . ."

ပြူးကြောင်ကြောင်ဖြင့် ငြင်းသောလူ၏ပုံစံကို ကြည့်၍ ဖြိုးခေတ် ယုံလိုက်သည်။ ထို့နောက် (AB) အတွဲ

"လိုက်ဖက်ထောင့်လား"

"ဟုတ်ပါတယ် . . ."

"ဘယ်လောက်ဒီဂရီလဲ"

" 10˚ ပါ"

နောက်တစ်ယောက်ကျတော့ . . .

" 6˚ပါ"

ဖြိုးခေတ် ထို 10˚နှင့် 6˚ကိုယူ၍ တဲရှော့နှင့်တွဲလိုက်သည်။

## X (THE WHEEL OF FORTUNE)
## ကံကြမ္မာ လှည်းဘီး
## နှင့်
## VI (THE LOVERS)
## ချစ်သူနှစ်ဦး

တွဲ၍ အဓိပ္ပာယ်ယူလိုက်လျှင် 'ရှေ့ဆက်မည့်ကံကြမ္မာက ချစ်သူတွေဖြစ်ဖို့ ရာခိုင်နှုန်းများနေသည်'ဟုပဲ ဖြိုးခေတ် ကိုယ်လိုရာဆွဲတွေးလိုက်သည်။

ထိုနောက် ဖြိုးခေတ်တစ်ချက် ငြိမ်သွားရကာ . . .



"Lucky seven ကိုသွားရအောင်"

"ဘာလဲ . . . အစ်ကို တစ်ဆယ်နဲ့ခြောက်ကိုပေါင်းပြီး ဆယ့်ခြောက်ကို ခုနစ်ဖြစ်အောင် တစ်နဲ့ခြောက်နဲ့ ပြန်ပေါင်းလိုက်တာလား"

"အေး . . ."

အချိန်မှာ ငါးမိနစ်ပင် မကျန်တော့ . . .

ဖြိုးခေတ်တို့နှစ်ယောက် ကန်တင်းတန်းဆီမှ Lucky seven ဆိုသောဆိုင်ဆီသို့ ပြေးကြပါသည်။ လမ်းမှာတင်အချိန်က ပြည့်သွားသည်။ သို့သော် သူဂရုမစိုက်ပါ။ အကြောင်းကား ညကတည်းကပင် ဖြိုးခေတ်သူ့နာရီကို ငါးမိနစ်မြန်ထားသည် မဟုတ်ပါလား။

အချိန်တို့ ကွက်တိရောက်သွားသည်။ သူတို့သုံးယောက် Lucky seven ထဲ အရောက်၊ နာရီကလည်းအပြည့်။

ဖြိုးခေတ် မောသွားရပါသည်။ အကြောင်းကား Lucky seven ထဲမှာ သူတို့ရှာသော လူမတွေ့ခြင်းပင်။

"အန်တီ . . . ဒီဆိုင်ကို ကောင်မလေးနှစ်ယောက် မလာဘူးလား"

မိုးလွင်က မေးလည်းမေး၊ လက်မှလည်းကောင်မလေး နှစ်ယောက်စလုံး၏ ပုံပန်းသဏ္ဍာန်တွေကို လုပ်ပြနေသည်။

"အေး . . . ခုနကတော့ လာတယ်ကွဲ့။ ဒါပေမယ့် ဘောလုံးဝတ်စုံဝတ်ထားတဲ့သူတွေလာရင် သူတို့ဆီညွှန်လိုက်ပါဆိုပြီး သွားထိုင်နေကြတယ်"

"ဘယ်နားမှာလဲ"

"ဟိုမှာလေ . . ."

"လက်ညှိုးညွှန်ပြရာဆီသို့ နှစ်ယောက်စလုံး၏အကြည့်များ အပြိုင်ပြေးထွက်သွားပြီးသည့်အချိန်မှာတော့ . . .

ဖြိုးခေတ်စိတ်ဓာတ်တို့ ဖုတ်ခနဲ ကြွေကျသွားခဲ့ပါပြီ။

ရုပ်ပါလင်းမဟုတ်ပါ၊ မြတ်နိုးပွင့်။



www.burmeseclassic.com

www.burmeseclassic.com

မိုးလွင်တစ်ယောက် ထခုန်မိမတတ် ဝမ်းသာသွားသလောက် ဖြိုးခေတ်မှာတော့ . . .

မိုးလွင် အားရဝမ်းသာပင် မြတ်နိုးပွင့်ဆီ ပြေးသွားသည်။

သူ့မှာတော့ ရပ်တဲ့လို့မရနိုင်လောက်အောင် ချိနဲ့သွားသောခြေထောက်တွေ၏အလိုကိုလိုက်မိရင်း နီးစပ်ရာခုံတစ်လုံးဆီသို့ အရုပ်ကြိုးပြတ် ထိုင်ချမိလိုက်သည့်အခိုက်မှာ . . .

"ဟော့ကောင်လေး . . . ဘာလုပ်နေတာလဲ . . . ဟိုမှာနင့်ကို တစ်ယောက်စောင့်နေတယ်လေ"

"ဗျာ . . ."

ဆိုင်ရှင်အဒေါ်ကြီး၏စကားကြောင့် ဖြိုးခေတ်ခေါင်းလည်သွားသည်။ ပြီး ချက်ချင်းပင် ညွှန်ပြရာဆီကြည့်မိလိုက်တော့ . . .

မြောက်ခနဲ တက်သွားသောနှလုံးခုန်သံက ဆွဲချလို့ရမည် မထင်တော့ပါ။ ဟုတ်သည်။ မြတ်နိုးပွင့်ထိုင်နေရာခုံတန်းနှင့် ဆန့်ကျင်ဘက်အရပ်မှာ တစ်ယောက်တည်းထိုင်နေသော ရူပါလင်း။

အပျော်လှိုင်းတို့က လေဆင်နှာမောင်းတစ်ခုလို တစ်ရစ်ချင်းမြင့်တက်သွားပြီးသည့် နောက်မှာတော့ . . .

သူ၏ခြေလှမ်းတို့သည် ကမ္ဘာကိုသိမ်းပိုက်မည့် စစ်သူကြီးတစ်ယောက်လို ခြေတစ်ချက်နင်းတိုင်း ခမ်းနားနေပေတော့သည်။



# XXI

"ရူပါ၊ မင်းကို ကိုယ်ချစ်တယ်"

သူ့စကားကြောင့် ရူပါထွေထွေထူးထူး ပြောင်းလဲမသွားပါ။ သို့သော် မျက်လုံးချင်းတော့ တော်တော်ကြာကြာဆုံသွားသည်။ ထိုစဉ်မှာပင် နှင်းဆီဖူးလွှာနှစ်ချပ် ထိခိုက်ပွတ်ရှသွားသယောင် နှုတ်ခမ်းနှစ်လွှာက . . .

"ရှင့်ဆီမှာ တဲရှေ့ပါတယ်မလား"

အနည်းငယ်တော့ ထူအမ်းသွားသည်။

"ပါ . . . ပါတယ်"

"ပါရင် ကျွန်မကိုကြည့်ပေးပါလား . . . ကျွန်မ ကံကြမ္မာတစ်ခုကို သိချင်လို့"



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သူနှင့်ပတ်သက်နေပြီလား

"ရပါတယ်"

ဖြိုးခေတ် ရူပါအေးတွင်ဝင်ထိုင်ကာ တဲရှေ့ကို စိတ်ရှည်လက်ရှည်ဖျက်လိုက်သည်။ ပြီးတစ်ချက်နမ်းကာ လက်ထဲမှာပင် ကိုင်ထားလိုက်၍ . . .

"ဘာသိချင်တာလဲ"

"ဒီနေ့ညနေ ရူပါတို့ Physics နဲ့ Law ဘောလီဘောပြိုင်ပွဲရှိတယ်။ ကွင်းဖွင့်ပွဲ။ အဲဒါ ရူပါတို့အသင်း နိုင်မနိုင်"

ခေါင်းညိတ်လိုက်မိသည်လား မသေချာပါ။ ဒါပေမယ့် သူတစ်ခွန်းတည်းသောစကားကို ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ဆိုလိုက်သည်။

"ချိုးပါ"

တဲရှေ့နှစ်ဆယ့်နှစ်ချပ်က ရှီးရှီးလေး သင်းကွဲသွားပါ၏။

အပေါ်ဆုံးကဒ်အား လှန်ကြည့်ရန် လက်လှမ်းလိုက်မိစဉ်မှာပင် . . .

"နေဦး . . ."

လက်က လေထဲတွင်တန့်သွားသည်။ ထိုစဉ် ရူပါလင်းက စာရွက်လွတ်တစ်ရွက်နှင့် စာအိတ်တစ်အိတ်အား သူ့ကိုထုတ်ပေးရင်း

"ကျွန်မ အခုချက်ချင်း အဖြေကိုမသိချင်သေးဘူး။ ညနေ ကျွန်မတို့ ဘော်လီဘောပွဲပြီးမှသိချင်တယ်"

အနည်းငယ် အံ့ဩသွားသည်။ ပြီး ပါးစပ်မှလည်း . . .

"အဆန်းပါလား၊ အကြောင်းရှိလား"

"ရှိတယ် . . . အဲဒါ ရှင့်အတွက်အဖြေလေ"

"ဟင်"

ဖြိုးခေတ် နှလုံးခုန်သံတို့ တိခနဲ ရပ်သွားသည်။ အသက်ရှူသံတွေလည်း တိုးတိတ်သွားပါ၏။

"ဟုတ်တယ် . . . အဲဒါ တစ်ခါတည်း ရှင့်ကိုအဖြေပေးလိုက်



"ကိုယ်မရှင်းဘူး . . ."

"ရှင်းရှင်းလေးပါ။ အခုစာရွက်ထဲမှာ ရှင်ရေးမယ့်အဖြေနဲ့ ကျွန်မတို့ ဘော်လီဘောပွဲရလဒ် ထပ်တူကျနေရင် ရှင်လိုချင်တဲ့ အဖြေပေါ့။ အကယ်၍ မှားသွားမယ်ဆိုရင်တော့ အဟင်း . . . စိတ်မကောင်းဘူးပဲ ပြောရမှာပဲ"

သူပါးပါးလျလျ ပြုံးဖြစ်သွားသည်။ ပြီးတော့ . . .

"ဒီလိုလုပ်လိုက်ခြင်းအားဖြင့် ရလဒ်နှစ်မျိုးစလုံးက ရှိသင့်တဲ့တန်ဖိုးထက် အများကြီးနိမ့်ကျသွားတယ် မထင်မိဘူးလား"

သူ့စကားကြောင့် ရူပါမျက်နှာ အနည်းငယ်တည်သွားသည်။

"တဲရှေ့ကရှင့်ဘဝဆို၊ ဘဝလိုတန်ဖိုးထားတဲ့ တဲရှေ့နဲ့ဆုံးဖြတ်တဲ့ကိစ္စတစ်ခုကို ပေါ့တိမ်တယ်လို့ ရှင်ကယူဆသလား"

ဖြိုးခေတ်မဖြေမိတော့ပါ။ ထင်ထားသည်ထက် ရူပါလင်းက စကားပရိယာယ်ကြွယ်ဝလေသည်။ ဖြိုးခေတ် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း . . .

"ကောင်းပြီလေ . . . မင်းဘက်က ထက်သန်နေမှတော့ ကိုယ်မငြင်းတော့ပါဘူး"

ချက်ချင်းပင် ဖြိုးခေတ်တဲရှေ့ကို လှန်ကြည့်လိုက်သည်။

ပေါ်လာသည့်ကဒ်ကား

## XIX
## THE SUN

ကဒ်နံပါတ်၊ (၁၉) နေသူရိန်ဆိုသောကဒ်။

လှည့်ကြည့်စရာမလိုပါ။ နှစ်ဆယ့်နှစ်ကဒ်ထဲတွင် အကောင်းဆုံးကဒ်ဟု ပြော၍ရသည်။ ရူပါလင်းကတော့ စကားတည်သွားမကြည့်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ တစ်ဖက်သို့လှည့်နေပါသည်။

ဖြိုးခေတ် ချက်ချင်းပင် ရူပါလင်းပေးသော စာရွက်လွတ်ပေါ်မှာ ဤသို့ရေးလိုက်ပါ၏။

**Physics**

နောက် စာအိတ်ထဲသို့ သေချာထည့်ကာ ပိတ်လိုက်ပြီး . . .

"ရပြီရူပါ . . . နိုင်တဲ့အသင်းနာမည်ကို ဒီထဲမှာရေးထားတယ်။ ဒီစာအိတ်ကို မင်းယူထားမလား"

"ဟင့်အင်း . . . ရှင်နဲ့ကျွန်မနဲ့ ပထမအကြိမ် ကြည့်တုန်းကလိုပဲ ရှင်နဲ့ကျွန်မ မဟုတ်တဲ့ ကြားထဲကတစ်ယောက်ကိုပေးထားမယ်"

ဖြိုးခေတ်ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ သိပ်ကြာကြာမရှာလိုက်ရပါ။ မျက်လုံးက မိုးလွင်ဆီမှာဆုံးသွားသည်။

"ကောင်းပြီ . . . ဒီစာအိတ်ကို မိုးလွင်ဆီပေးထားလိုက်မယ်။ ပြိုင်ပွဲပြီးရင် မိုးလွင်ဆီလာယူလိုက်ပေါ့။ မိုးလွင် ဒီ Lucky seven မှာပဲရှိနေမှာပါ"

ရူပါမငြင်းပါ။ သက်သောင့်သက်သာပင် ခေါင်းညိတ်ပြသည်။ ထို့ကြောင့် ဖြိုးခေတ် ရူပါရှေ့မှာပင် စာအိတ်ကိုကိုင်ကာ မိုးလွင်ဆီလျှောက်သွားလိုက်ပါ၏။

ခပ်ဝေးဝေးကတည်းက မိုးလွင်အခြေအနေကောင်းနေပြီဆိုတာ သဘောပေါက်သည်။ အနီးနားရောက်သွားတော့ ကိုယ်စီကိုယ်စီ ကိုယ်ရှိန်သပ်ကာ သူ့ကို ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်နေပါ၏။

"မိုးလွင် . . . ဒီစာကို ခဏယူထားစမ်းပါ။ ဘယ်သူ့မှမပေးနဲ့၊ အရေးကြီးတယ်။ ညနေ ဘောလီဘောပွဲပြီးရင် မင်းဆီက ရူပါလင်းလာယူလိမ့်မယ်။ ဒီ Lucky seven မှာပဲ စောင့်နေလိုက်နော်"

"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့"



ဘုမသိဘမသိ မိုးလွင်လက်ထဲသို့ စာအိတ်ကိုထိုးထည့်ပေးလိုက်ကာ သူလှည့်ထွက်လာခဲ့တော့ . . .

မူလနေရာတွင် ရူပါလင်း ရှိမနေတော့ပြီ။

သူ့ကိုပဲ ရင်မဆိုင်ရဲတော့လို့လား ရှက်သွားတာလားမသိ။

ဒီလိုနှင့်ပဲ တဆတ်ဆတ်ခုန်နေသော ရင်တို့ကို မနိုင့်တနိုင်ထိန်းကာ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXII

ဂျစ်ပစီပြန်ရောက်တော့ ကျောင်းသူတစ်အုပ်က သူ့ကိုစောင့်ကြို နေသည်။ ဘောလုံးကန်ဝတ်စုံနှင့်ဝင်လာသောသူ့ကို သချာမှလူအချို့က မကြည်ကြည့် ကြည့်ကုန်ပါ၏။

မတတ်နိုင်ပါ။ ဘောလုံးပွဲရှုံးသွားခြင်းသည် သူ့အတွက်ကြောင့်ဟု မှတ်ယူချင်လည်းမှတ်ယူစေတော့။ သူ ရင်သိပ်ခုန်စရာမရှိပေ။ အဓိကက ညနေဘော်လီဘောပွဲတွင် Physics မှ နိုင်ရေး။

"ကိုဖြိုးခေတ် . . . ကျွန်မတို့ တဲရော့ကြည့်ချင်လို့"

ရင်းနှီးဖူးသောလူတွေတော့မဟုတ်။ ဒါပေမယ့် မျက်မှန်းတန်းမိသလောက်တော့ ရှိသည်။ အားလုံးပေါင်း လူက(၇)ယောက်၊ (၇)ယောက်စလုံး ကြည့်မည်ဆိုလျှင်တော့ ဖြိုးခေတ်လှိုက်ခနဲရင်ဆောင့်ခုန်သွားသည်။



"(၇)ယောက်စလုံးကြည့်မှာလား"

"မဟုတ်ဘူး (၇)ယောက်ပေါင်းကြည့်မှာ . . ."

ဖြိုးခေတ်နားရှုပ်သွားသည်။ ထို့ကြောင့် . . .

"မဟုတ်ဘူး . . . တဲရော့က တစ်ခါကြည့်မှ တစ်ယောက်ပဲကြည့်လို့ရတာလေ။ အများကြီး ကြည့်လို့မရဘူး"

"ဟုတ်တယ်လေ၊ ကျွန်မတို့လည်း (၇)ယောက်စလုံးစာပေါင်းပြီး တစ်ယောက်ပဲကြည့်မှာ"

"ဟင် . . ."

ဖြိုးခေတ် အသံပင်ဝင်သွားရပါသည်။ အာခေါင်းလန်းဖို့တော့မမြင်တော့။ မတတ်နိုင်၊ ရသလောက်နဲ့ပင် ကျေနပ်ရပေတော့မည်။

ဖြိုးခေတ် ခဏချင်းပင် အလုပ်နှင့်ပတ်သက်သမျှကို ခင်းကျင်းလိုက်သည်။ ပြီးတော့ နှစ်ခါ၊ သုံးခါ ဖျက်လိုက်ရင်း . . .

"ဘာသိချင်လို့လဲ"

"ညနေ ဘော်လီဘောကွင်းဖွင့်ပွဲမှာ ကျွန်မတို့အသင်း အရင်ကစားရမှာ။ အဲဒါ နိုင်မနိုင် . . ."

ဖျင်းခနဲ သီးသွားသော ကြက်သီးတို့နှင့်အတူ . . .

"ဘာ . . . ဘာမေဂျာလဲ . . ."

"Law"

ထောင်နေသော ကြက်သီးမွေးတို့ ဖုတ်ခနဲလဲသွားသည်။ ရင်ထဲမှာလည်း စိတ်မကောင်းဖြစ်သွားရပါ၏။ တိုက်ဆိုင်လွန်းသွားသော ကံကြမ္မာကြီးကိုလည်း အသနားခံပေးချင်မိသည်။ သို့သော် ရမည်မထင်တော့ပါ။

ကဒ်ကို လှန်ကြည့်ဖို့ပင် လိုမည်မထင်တော့ . . .

ရှုပါတို့ အသင်းနိုင်မည်ဆိုကတည်းက ထိုအသင်းက အလိုလိုရှုံးဖို့သေချာနေပြီလေ။ ဒါပေမယ့် အလုပ်သဘောအရတော့ တာဝန်ကျေပေးရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

"ချိုးပါ . . ."

မကြာလိုက်။ ချက်ချင်းပင် နှစ်ပုံကွဲသွားသည်။ စိတ်လက်မပါစွာနှင့်ပင် ကဒ်ကိုယူကြည့်လိုက်ပါ၏။

## XIII
## DEATH

နံပါတ် (၁၃)၊ သေမင်းဆိုသောကဒ်။

ဖြိုးခေတ်ကဒ်ကိုဝှက်၍ မမြင်အောင် ပြန်မှောက်ချလိုက်သည်။ ပြီးတော့ မျှော်လင့်ချက် အရောင် ဝင်းဝင်းလက်နေသော Law သူများကို အပြုံးဖြင့် တစ်ချက်ကြည့်လိုက်ရင်း . . .

"ကျွန်တော် အခုချက်ချင်း အဖြေကို မပြောလိုက်ချင်ဘူးဗျာ"

သူ့စကားကြောင့် (၇)ယောက်စလုံး နားမလည်သည့်ဟန်တွေ ထင်ကုန်သည်။

"ဒီလိုပါ . . . ကျွန်တော့်စကားတစ်ခွန်းလောက်နဲ့ ခင်ဗျားတို့ စိတ်ထဲမှာ Feel မဖြစ်သွားစေချင်ဘူး။ ဆိုလိုတာက ဒီလိုပါ။ ကျွန်တော် ခင်ဗျားတို့အသင်းနိုင်မယ်လို့ ပြောလိုက်ရင် ခင်ဗျားတို့တကယ့်ပြိုင်ပွဲမှာ ပေါ့လျော့သွားမှာ စိုးရိမ်သလို၊ ရှုံးမယ်လို့ ပြောလိုက်ပြန်ရင်လည်း စိတ်ဓာတ်အားလျော့သွားမှာစိုးတယ်"

ထိုစဉ်မှာပင် ဆိုင်တွင်းသို့ မိုးလွင်ဝင်လာသည့်အတွက် ဖြိုးခေတ် အကြံတစ်ခုရလိုက်သည်။

"ဒီတော့ ဒီလိုလုပ်ပါ။ ကျွန်တော် ခင်ဗျားတို့ရဲ့ရလဒ်ကို စာရွက်တစ်ရွက်မှာရေးပြီး သူ့ကိုပေးထားမယ်။ ညနေပွဲပြီးရင် သူ့ဆီက တောင်းယူလိုက်"

မိုးလွင်ကို လက်ညှိုးထိုးပြပြီးပြောတော့ ပထမသူတို့ လက်မခံချင်ဖြစ်သွားသည်။ (မိုးလွင်ကြောင့်မဟုတ်ပါ) သူတို့ကိုယ်တိုင်ကိုက ရလဒ်ကို တစ်ထိုင်တည်းသိချင်နေပါ၏။ ဖြိုးခေတ်စကားကလည်း လက်ခံချင်စရာ ကောင်းနေသည်။ နှစ်ခါသုံးခါပြောမှပင် အင်တင်တင်ဖြင့် လက်ခံသွားကြပါ၏။

ဖြိုးခေတ် အသင်းတစ်သင်းနာမည်အား စာရွက်တွင်ရေးကာ စာအိတ်ထဲသို့ထည့်လိုက်ရင်း သူတို့ရှေ့မှာပင် မိုးလွင်လက်သို့ အပ်လိုက်သည်။ ပြီးတော့ . . .

"ဒီထဲမှာ ကျွန်တော် ရှုံးမယ့်အသင်းနာမည်ကိုရေးထားတယ်။ ဒီစာအိတ်ကို ညနေဘော်လီဘောပွဲပြီးရင် သူ့ဆီက လာယူလိုက်နော်"

ဒီတော့မှ ကျေနပ်သလို အမူအရာဖြင့် (၇)ယောက်စလုံးထထွက်သွားတော့ . . .

"ဟော့ . . . ဟော့ . . . နေဦးလေ"

သမင်လည်ပြန် လှည့်ကြည့်ကြသည်။

"ဘာလဲ . . ."

"တဲရော့ ဟောခ"

မတတ်နိုင်။

အလုပ်သည်၊ အလုပ်ပဲမဟုတ်ပါလား . . .





www.burmeseclassic.com

www.burmeseclassic.com

## XXIII

ကွင်းဖွင့်ပွဲမို့ ထင်သည်။ အားပေးသူတော်တော်များနေပါ၏။ ပရိသတ်တွေလည်း ကိုယ်အားပေးမည့်အသင်းဘက်မှာ ကြိတ်ကြိတ်တိုးနေသည်။ ယှဉ်ပြိုင်နေသည့် အသင်းနှစ်သင်းက . . .

Physics နှင့် Law

မင်းသစ်၊ ကျော်စွာ၊ မိုးလွင်တို့၏အသံမှာ ဟုန်းဟုန်းထနေသလို သက်ထား၊ မြတ်နိုးပွင့်တို့၏အသံမှာလည်း ဆူဆူညံနေသည်။ သီရိကတော့ ရူပါလင်းနှင့်အတူ ကွင်းထဲတွင်လက်စွမ်းပြနေပါ၏။ ဖြိုးခေတ်တစ်ယောက်မှာသာ ရင်တထိတ်ထိတ်။ အကယ်၍ လွဲချော်သွားခဲ့လျှင်ဟူသော စိတ်ဓာတ်ကတစ်ခါမှ မပေါ်ဖူးဘဲ ထူးထူးခြားခြားပေါ်နေသည်။



ဪ . . . ဘဝနှင့်ရင်းထားသော အလောင်းအစားတစ်ခုပင် မဟုတ်ပါလား . . .

လိပ်ပြာလေးတစ်ကောင်လို သက်ဝင်နေသော ရူပါလင်းကတော့ သူ့အဖြစ်ကို သိအံ့မထင်။ ကွင်းထဲမှာသာ အစွမ်းကုန်မြူးတူးနေသည်။ ချစ်သူကိုယ်တိုင်ကစားသောပွဲကို ချစ်တဲ့သူကိုယ်တိုင် အားပေးရသည်မှာ ကြည်နူးစရာတော့အကောင်းသား။ သို့ပေမယ့် ဖြိုးခေတ်လောလောဆယ် မကြည်နူးနိုင်သေး။ အကြောင်းကား . . .

ပထမပွဲတွင် Physics က (၂၀) မှတ် (၂၁)မှတ်နဲ့ ရှုံးသွားလေသည်။ ဖြိုးခေတ်ရင်မောရပြီ။

ဒုတိယပွဲပြန်စတော့ တဆတ်ဆတ်ခုန်နေသော ရင်ခုန်သံတို့က ထိန်းချုပ်မရတော့ . . .

ကွင်းပြင်မှာ အားပေးသံတွေက တဝေါဝေါ ဖြစ်နေသော်လည်း သူ့ရင်ထဲမှာတော့ တထိတ်ထိတ်နှင့် အားပေးသူမဲ့နေသည်။

ရိုက်လိုက်၊ ဆယ်လိုက်၊ ထောင်လိုက်၊ ပုတ်လိုက်ဖြင့် ပွဲတစ်ပွဲ၏ သက်တမ်းသည်ကား . . .

ဒီတစ်ခါတော့ ကံကြမ္မာက သူ့ကိုမျက်နှာသာပေးသွားပါပြီ။

Physics က (၂၁)မှတ် (၁၈)မှတ်နဲ့ နိုင်သွားသည်။ အမှတ်နှင့်ဆုံးဖြတ်လျှင် Physics ကနိုင်မည်ဖြစ်သော်လည်း ဒိုင်တွေက ဆက်ကစားခိုင်း၍ တတိယပွဲ ဆက်ကစားရပြန်ပါ၏။

ဒီတစ်ပွဲက နောက်ဆုံး အဆုံးအဖြတ်ပေးမည့်ပွဲ။ နှစ်သင်းစလုံးနည်းနည်းလေးမှ အတိမ်းစောင်းခံလို့မရ။ နှစ်ဖက်ကစားသမားများလည်း ပင်ပန်းနေကြပါပြီ။ သို့သော် နှစ်သင်းစလုံး လက်ရည်မကျသေး၊ ချွေးသီးတို့ဖြင့်တွဲခိုနေသော ရူပါမျက်နှာလေးက ပိုလို့ပင်ကြည့်ကောင်းနေသေးသည်ဟုထင်မိသည်။

ဖြိုးခေတ်ကြည့်နေရင်းမှပင် မိုက်နာသလိုလို၊ ဝမ်းဗိုက်သလိုလို၊ ဆီးသွားချင်သလိုလို ဖြစ်လာသည်။ စိတ်လှုပ်ရှားလွန်းနေသည်



www.burmeseclassic.com

www.burmeseclassic.com

အတွက် ခြေမကိုင်မိ၊ လက်မကိုင်မိ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ်မှာပင် တဖြည်းဖြည်းဖြင့် တက်လာသောအမှတ်တွေက . . .

(၁၉)မှတ် (၂၀)မှတ်

(၂၀)မှတ် (၂၀)မှတ်

တင်းခနဲဖြစ်သွားသောစိတ်တို့နှင့်အတူ သူ ဝုန်းခနဲထရပ်မိသွားပါသည်။ ဖြိုးခေတ် စိတ်ချသွားလေပြီ၊ ဆက်ကြည့်စရာလိုမည်မထင်တော့ . . .

အမှတ်တူကို ဘောလုံးရသည့်အသင်းက Physics၊ ဘောလုံးစရိုက်မည့်သူက သူ၏ချစ်လှစွာသော လိပ်ပြာလေးရူပါလင်း သူ လုံးဝယုံကြည်လိုက်သည်။ အရာအားလုံးက လှပစွာတခမ်းတနား ပြီးဆုံးသွားပေတော့မည်။ ရူပါ့ကိုလည်း ယုံသလို၊ သူ့ကိုယ်သူလည်းယုံသည်။

ပြီးတော့ အသက်လောက်တန်ဖိုးထားခင်တွယ်သော တဲရော့။ တဲရော့ကြောင့်ပင် သူနှင့်ရူပါလင်းဆုံတွေ့၍ ယခုလို တဲရော့ကြောင့်ပင် ချစ်သူတွေဖြစ်ပေတော့မည်။

ယခုအချိန်လောက်ဆို တတိယပွဲစကတည်းက Lucky Seven ထွက်သွားသော မိုးလွင်သည်လည်း တမျှော်မျှော်ဖြစ်နေမှာ သေချာ၏။

ဖြိုးခေတ် အားရပါးရ တစ်ချက်ရယ်လိုက်ပါသည်။

သူ့ရင်ထဲက ကြည်နူးမှုကို ထိန်းကွပ်ထားသော ရင်ခုန်စည်းချက်လှလှလေးတွေနှင့် သက်ဝင်လျက် . . .

ပြီးတော့ ဂျစ်ပစီသို့ သတင်းကောင်းကိုစောင့်ကြိုရန် တစ်လှမ်းချင်း . . .

• • •

ဂျစ်ပစီရောက်ပြီး မကြာလိုက် ကြားချင်သော သတင်းသဲ့သဲ့က အတင်းကိုဝင်လာသည်။



Physics နိုင်သွားသည်တဲ့ . . .

ပျော်ရွှင်မှုထက် ကြည်နူးမှုသာသွားသောမျက်ဝန်းတွေမှာ ရင်ခုန်ရိပ်တို့ ဖိတ်စင်လျက်။

ယခုလောက်ဆိုလျှင် ရူပါလင်း မိုးလွင်နဲ့တွေ့နေပြီလား။

မနက်က ရေးထားပေးသည့်စာအိတ်ကို ဖောက်ကြည့်နေပြီလား . . .

သူမရော ရင်ခုန်နေမည်လား . . .

သို့လော . . . သို့လော . . . စိတ်ကူးတွေက နှလုံးသားကို တအိအိ ပွတ်တိုက်နေပါသည်။ မကြာခင် ရူပါလင်း သူ့ဆီရောက်လာပေတော့မည်။

ပြီးတော့ . . .

သူတို့နှစ်ယောက်၏ နှလုံးသားရင်းနှီးမှုကို နာမည်တပ်ပေးမည့် စကားတစ်ခွန်း . . .

"ဟား"

ဖြိုးခေတ် အားရပါးရ အချစ်ရနံ့သင်းသောလေကို တစ်ဝကြီး ရှူရှိုက်လိုက်မိသည့်အခါတွင်မတော့ . . .

ဒီနေ့ညနေသည် သူ့အတွက် လေတိုက်တိုင်း ကဗျာလွတ်ကနေမှာ သေချာပါတော့သည်။

(4:30)

ကျောင်းသူ ကျောင်းသားတွေ အလျှိုလျှို ပြန်ကုန်ကြသည်။ ဒါပေမယ့် သူ့ထံသို့ ရူပါလင်းရောက်မလာသေး၊ ကိစ္စမရှိ၊ သူစောင့်နိုင်သည်။

ဒါမျိုးကိစ္စတွေတွင် မိန်းကလေးများ အရှက်အကြောက်ကြီးတတ်တာ သူသိထားသည် မဟုတ်ပါလား . . .



www.burmeseclassic.com

www.burmeseclassic.com

(5:00)

ကျောင်းမှ ဆရာ ဆရာမတွေ၊ ဝန်ထမ်းကြီးပို့ယာဉ်တွေနှင့် ပြန်ကုန်သည်။ ကျောင်းထဲတွင် အချိန်တစ်ခု၏ပုံမှန်အတိုင်း လူမရှိသလောက် ရှားကုန်ပါပြီ။ သူထိုင်နေရာ ဂျစ်ပစီတွင်လည်း လူတစ်ယောက်မှမရှိတော့ . . .

(5:30)

ဝမ်းနည်းရမည်လား၊ ကြေကွဲရမည်လား၊ ဒေါသထွက်ရမည်လား၊ စိုးရိမ်ရမည်လား။ သေချာရန် ထိုင်နေရာမှ လွတ်အိတ်ကောက်ဆွဲကာ ထလိုက်သည်။

(6:00)

ဂျိမ်းခန့် ပိတ်သွားသော ကျောင်းဝင်းတံခါးကြီးနဲ့အတူ တစ်ကျောင်းလုံး အသက်မဲ့နေသော လမ်းတွေ၊ အခန်းတွေ၏ အားရပါးရဟားတိုက်လှောင်ပြောင်မှုအဆုံးမှာတော့ . . .

မေဒင်ရှုးသော ကောင်လေးတစ်ယောက်ကို မေဒင်မုန်းသော ကောင်မလေးတစ်ယောက်က လုလုပပ အနိုင်ပိုင်းသွားခဲ့ပါပြီ။



# XXIV

နောက်တစ်နေ့မှာပင် အော်ကြီးဟစ်ကျယ်ဖြင့် အဆောင်သို့ မိုးလွင်ရောက်လာတော့သည်။ ခပ်ရိရိဆွေးနေသော နှလုံးသားကို သက်သာရာ သက်သာစေကြောင်း ဝမ်းလျားမှောက်ကာ နှစ်သိမ့်နေမိုက် . . .

"ဟာ . . . ကိုဖြိုးခေတ်၊ ဘယ်လိုဖြစ်တာလဲ။ ဝမ်းလျားမှောက်လျက်ကြီး။ အပြင်မှာ ကောင်မလေးနဲ့သွားမလန်းဘူးလား"

ဖြိုးခေတ် ပြန်ဖြေချင်စိတ်မရှိပါ။ ခေါင်းတစ်ချက် ထောင်ကြည့်၍ ပြန်လှဲနေလိုက်သည်။ အရာရာကိုသဘောပေါက်သော မင်းသစ်က မိုးလွင်ကို ခပ်ဝေးဝေးဆွဲခေါ်သွားသည်။ ပြီးတော့ တီးတိုးစကားပြောသံ သဲ့သဲ့ကို သူကြားနေရသည်။

တအောင့်ကြာတော့ မိုးလွင်၏ခံပြင်းသံကျယ်ကျယ်က ထွက်လာပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . အဓိပ္ပာယ်မရှိလိုက်တာ။ တမင်ချိုးသွားတဲ့ လုပ်ပေါက်ကြီး"

"အေးကွာ ဘလိုင်းကြီးနင်းသွားလို့ ငါတို့လည်း ခံပြင်းနေတာ"

မင်းသစ်ကလည်း သူ့ခံစားချက်ကို ဝင်ပြောလေသည်။

"မဆိုင်လိုက်တာဗျာ . . . သူ့စကားအတိုင်းပဲ ပြီးသွားတဲ့ဥစ္စာ။ အမှန်ဆို ကိုဖြိုးခေတ်ဆီသူလာရမှာပေါ့။ စာထဲမှာရေးထားတဲ့ အဖြေကလည်း မှန်တယ်မလား"

ဖြိုးခေတ် မသက်မသာဖြင့်ပဲ ခေါင်းညိတ်ပြရသည်။

"ဒါဆို ရှင်းရှင်းလေးဗျ . . . ဒီမိန်းမသက်သက်ကျောသွားတာ။ ကျွန်တော်ကတော့မသိဘူး။ ကိုဖြိုးခေတ်တို့ အဆင်ပြေလောက်ပြီ ထင်နေတာ"

"ငါလည်း မတွေးတတ်အောင်ပါပဲကွာ"

ဖြိုးခေတ် ခပ်ညည်းညည်းပြောသည်။

"အခု အစ်ကိုဘာလုပ်ချင်လဲ . . . သူ့ဆီမျက်နှာချင်းဆိုင်သွားရှင်းချင်လား။ ကျွန်တော့်ကားပါတယ် . . . လိုက်ပို့ပေးမယ်"

ခပ်ရှင့်ရှင့် ပြောလိုက်သောမိုးလွင်စကားကြောင့် ရင်ထဲမှာနည်းနည်းတော့ အားရသွားသည်။ ဒါပေမယ့် . . .

ဖြိုးခေတ် ခပ်လေးလေးခေါင်းရမ်းမိပါသည်။ ပြီး ကျရှုံးသူတွေဖြစ်တတ်သော ခပ်ဝါးဝါးမျက်နှာဖြင့် အဝေးတစ်နေရာကို တစ်မျှော်တခေါ်ငေးရင်း . . .

"ထားလိုက်ပါတော့ကွာ . . . သူကိုယ်တိုင်ကိုက မပတ်သက်ချင်လို့ရှောင်သွားတာပဲ ရှိပါစေတော့"

မင်းသစ်၏ သက်ပြင်းချသံကို ကြားရသည်။ ကျော်စွာ၏ တောက်ခတ်သံကလည်း တဆက်တည်းထွက်လာသည်။

ဇာတ်လမ်းကြို့သိနေသော ဇာတ်လမ်းတစ်ပုဒ်ကို ဆက်ကလည်း အဓိပ္ပာယ်ရှိမည်မထင်တော့ပါ။ ဇာတ်ဆောင်တွေသည်လည်း မော်ဝင်



မည်မထင်တော့ . . .

လောကကြီးက တစ်ဖက်သတ်ဆန်စွာ ဆုံးဖြတ်ပေးခဲ့ပါပြီ။

"ဟူး . . . အေးဗျာ၊ ကိုဖြိုးခေတ်စာအိတ်ထဲကအဖြေနဲ့ပြိုင်ပွဲရလဒ်လည်း တူနေတယ်။ ပွဲပြီးတော့ ကျွန်တော့်ဆီကလည်း စာအိတ်လာတောင်းသွားတယ်။ ဒါကို . . . ဘာဖြစ် . . . ဖြစ်"

တစ်သွားသော မိုးလွင်စကားတွေနဲ့အတူ အကုန်လုံး ကြောင်တောင်တောင်ဖြင့် မိုးလွင်ဆီ အကြည့်ရောက်ကုန်သည်။

"ဟာ . . . သွားပြီနဲ့တူတယ်"

တစ်စုံတစ်ခုကို သတိရလိုက်သလို တအံ့တဩ ရေရွတ်လိုက်သော မိုးလွင်စကားသံက နောက်ဆက်တွဲအဖြစ် . . .

"ဒုက္ခပဲ မှားကုန်ပြီလားမသိဘူး"

"ဟေ . . ."

"ဟော့ကောင် . . . ဘာလဲ"

အလျင်စလို မေးခွန်းတွေ ဆက်တိုက်ထွက်ကုန်သည်။ ဖြိုးခေတ်မှာလည်း ဘာကိုနားလည်လို့နားလည်ရမှန်းမသိ။ ရင်တွေတော့ မတရားခုန်နေသည်။

"ကိုဖြိုးခေတ် အဲဒီနေ့က ကျွန်တော့်ကို စာအိတ်နှစ်အိတ်ပေးတာနော်။ Lucky Seven မှာတစ်အိတ်နဲ့၊ ဂျစ်ပစီမှာ တစ်အိတ်။ စာအိတ်ချင်းလည်း ပုံစံတူ . . . ဟာ . . . မှားသွားပြီလား မသိဘူး"

"ဘာ"

မိုးလွင်စကားအဆုံး ဖြိုးခေတ် ထခုန်မိသွားသည်။

"ဘာ . . . ဘာပြောတယ်"

"ဟုတ်တယ် . . . ကျွန်တော် မှားပေးမိပြီနဲ့တူတယ်"

မိုးကြိုးတစ်စင်း အနားမှာကပ်ပစ်လိုက်သလို ဖြိုးခေတ်နားထဲ ပူထူသွားသည်။ တစ်ကိုယ်လုံးလည်း နှလုံးသွေးတို့ ဆူပွက်သွားပါ၏။ မိုးလွင်စကားအတိုင်းသာ မှန်ခဲ့လို့ကတော့ သွားလေပြီ။ အကြီး



www.burmeseclassic.com

www.burmeseclassic.com

အကျယ်ကို မှားလေပြီ။

နိုင်တဲ့အသင်းကိုပဲရေးခဲ့မယ်လို့ဆိုသောစာအိတ်နှင့် ရှုံးတဲ့အသင်းကိုပဲရေးခဲ့မယ်ဆိုသော စာအိတ်နှစ်ခုသာ မှားသွားခဲ့ပါလျှင် . .

ဖြိုးခေတ် ဆက်မတွေးရဲတော့ပါ။ ရူပါလင်းလက်ထဲသာ ရှုံးတဲ့အသင်းစာရွက်ရောက်သွားပါက နိုင်တဲ့အသင်းကိုရေးပေးထားသည်ဟု တထစ်ချမှတ်ယူပေတော့မည်။

"ရပြီ . . . ရူပါ၊ နိုင်တဲ့အသင်းနာမည်ကို ဒီထဲမှာရေးထားတယ်" ဟူသော သူပြောခဲ့သည့်စကားသံတို့ နားထဲတွင် ပဲ့တင်သွားသည့်အချိန်မှာတော့ . . .

"ကျန် . . . ကျန်တဲ့စာအိတ်ရော . . ."

"မရှိတော့ဘူးအစ်ကို . . . မနေ့ကလာမယ်ဆိုလို့ ကျွန်တော်အမှိုက်ပုံးထဲပစ်ထည့်ခဲ့ပြီ"

"ဟာ . . ."

သူ့ခန္ဓာကိုယ်က အီကွေတာတစ်ဖက်စွန်းထိ လွင့်စင်သွားသည်။ မျှော်လင့်ချက်ဟူသော အရောင်ပျပျလေးပင်မကျန်တော့ . . .

"ဘယ်အမှိုက်ပုံးလဲ"

မင်းသစ်က အလျှင်စလို ဝင်မေးသည်။

Lucky Seven က အမှိုက်ပုံး။

မိုးလွင်အဖြေစကားဆုံးတော့ မင်းသစ်က သူ့ကိုကြည့်သည်။

"ဟော့ကောင် . . . ဖြိုးခေတ် ကြားထဲမှာ တစ်ရက်ပဲခြားသေးတယ်"

သူ့မှာ ရွေးချယ်စရာလမ်းမရှိတော့ပါ။ တန်း၌ချိတ်ထားသော အင်္ကျီကိုကပျာကယာ လက်လှမ်းလိုက်ရင်း . . .

"သွားမယ်ကွာ . . ."

• • •



ကားပေါ်မှဆင်းဆင်းချင်းပင် ဖြိုးခေတ်ဆိုင်ထဲ ပြေးဝင်သွားသည်။ ဆိုင်ထဲရောက်တော့ သူ့မျက်လုံးတွေက နေရာအနှံ့ပြေးသွားသည်။ အမှိုက်ပုံးနှင့်တူတာ မတွေ့။ ဖြိုးခေတ် ချက်ချင်းပင် ကောင်တာဆီ ခပ်သွက်သွက်လျှောက်သွားလိုက်ပါသည်။ ကောင်တာရှေ့ရောက်တော့ . . .

"အန် . . . အန်တီ အမှိုက်ပုံးရော . . ."

ကြောင်တောင်တောင်ဖြင့် ဆိုင်ရှင်က သူ့ကိုကြည့်သည်။

"အမှိုက်ပုံး ရောလို့ . . ."

နောက်မှပြေးလိုက်လာကြသော လူများကိုကြည့်၍ ထပ်ကြောင်သွားသည်ထင်သည်။ မျက်လုံးပြူးဖြင့်သာ ကြည့်နေ၏။

"အမှိုက်ပုံး . . . အမှိုက်ပုံး . . . ဘယ်ရောက်သွားပြီလဲ"

မိုးလွင်က အလျှင်စလိုထပ်မေးသည်။ ဒီတော့မှ နားလည်ရခက်သော အကြည့်တွေဖြင့် သူတို့ကိုဝေ့ကြည့်ကာ . . .

"အမှိုက်ပုံးက ဆိုင်ကကောင်လေးသွားသွန်နေတယ်"

"ဗျာ . . ."

ဆိုင်ထဲမှ လေးယောက်စလုံးပြန်ပြေးထွက်ခဲ့သည်။ သူတို့ဦးတည်ရာက အမှိုက်သွန်ရန် သတ်မှတ်ထားသောနယ်မြေသို့ . . .

လမ်းတစ်ဝက်မှာတင် အမှိုက်ပုံးထမ်းလာသော ကောင်လေးနှင့်တွေ့ရာ . . .

"ညီ . . . ညီလေး အမှိုက်တွေရော . . ."

စိုးရိမ်တကြီးမေးလိုက်သော ဖြိုးခေတ်ပုံစံကြောင့် ကောင်လေးက သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်သည်။ ကျောင်းစည်းကမ်းထိန်းသိမ်းရေးကလားဟု တွေးနေပုံရပါ၏။

"အမှိုက်တွေက သွန်ပစ်ခဲ့ပြီလေ"

"ဘယ် . . . ဘယ်နားမှာလဲ . . ."

"ဟိုနားမှာ . . ."



www.burmeseclassic.com

www.burmeseclassic.com

"လာ . . .လာပါကွာ . . . မင်းသွန်ခဲ့တဲ့နေရာကို လိုက်ပြပေးစမ်းပါ . . . အရေးကြီးလို့ပါ"

ပြောလည်းပြော လက်ကလည်း ကောင်လေးအကျႌစကို ဆွဲလာသဖြင့် ယက်ကန်ယက်ကန်ဖြင့် ပါလာသည်။

"ဒီနေရာပဲ . . ."

သူတို့လေးယောက်စလုံး၏ ပစ္စုပ္ပန်မှာ အမှိုက်ပုံးထဲ ခေါင်းစိုက်ဆင်းသွားပါ၏။ ဘာကိုမှသတိမရတော့ . . .

လမ်းပြကောင်လေးသည် ဘယ်အချိန် ပြန်သွားမှန်းပင်မသိ။ တစ်ရှူးတွေ၊ ပလတ်စတစ်အိတ်တွေ၊ စက္ကူတွေ၊ နေကြာစေ့ခွံတွေထပ်နေသောအမှိုက်ပုံက သတိဖွယ်ကင်းသော်လည်း သူတို့သတိနေရသည်။

သူ့ကြောင့်ဟူသော ခံစားချက်နှင့်မိုးလွင်ကလည်း အားကြိုးမာန်တက်ရှာနေပါ၏။ ဒါပေမယ့် တွေ့မလာပါ။ အချိန်တွေသာ ကုန်သွားသည်။ ချွေးတွေပင် အရေပြားပေါ် ဖောက်ထွက်လာပါပြီ။ ဒါပေမယ့် သူတို့လိုရာပန်းတိုင်က လမ်းညွှန်ရာဆိုင်းဘုတ်တွေပါလျှက် ပျောက်နေပါ၏။

တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်မိသည်။ နောက် ပြိုင်တူခေါင်းရမ်းပြကြသည်။ အဓိပ္ပာယ်ကတော့ ပြောဖို့လိုမည်မထင်ပါ။

ဖြိုးခေတ် အော်ငိုချင်စိတ်ပင် ပေါက်သွားရလေသည်။ လေးယောက်စလုံး စိတ်ပျက်လက်ပျက် အမှိုက်ပုံးဘေးမှာတင် ထိုင်ချမိလိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဖြစ်ကြ။ အားလုံး၏စိတ်ထဲမှာက ကိုယ်စီကိုယ်စီ လက်လျှော့မှုတွေနှင့်။

ထိုစဉ်မှာပင် . . .

သူ့ရှေ့သို့ရောက်လာသော ခြေတစ်စုံကြောင့် ဖြိုးခေတ်မော့ကြည့်လိုက်မိစဉ် . . .

"အစ်ကိုတို့ဘာပျောက်လို့ ရှာနေတာလဲ"



အမှိုက်သွန်ပစ်သည့် တရားခံကောင်လေး။ ဖြိုးခေတ် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းရမ်းရင်းဆိုဖြစ်သည်။

"စာအိတ်တစ်အိတ်ပါကွာ"

"ဒီစာအိတ်လား . . ."

မျက်စိရှေ့ရောက်လာသောစာအိတ်ကြောင့် ဖြိုးခေတ် မျက်လုံးတို့ ဝမ်းသာအားရ ပြူးကျယ်သွားကာ . . .

"ဟာ . . . ဟုတ် . . . ဟုတ်တယ်၊ ဒီစာအိတ် . . . ဟုတ်တယ်၊ ဒီစာအိတ်ပဲ"

"ကျွန်တော် အမှိုက်လာသွန်တော့ အမှိုက်ခြင်းထဲမှာတွေ့လို့ လှတယ်ဆိုပြီး ကောက်ထားတာ"

ရှယ်တူဆိုပါက ထကန်တော့မိပေမည်။ ယခုတော့ ကန်တော့လို့မရ။ သို့ပေမယ့် ဖြိုးခေတ် အာဝါးတွေ တသီကြီးပေးလိုက်သည်။

"ဝမ်းသာလိုက်တာကွာ"

စာအိတ်က မူလအတိုင်း အရာမယွင်းသေး။ ဖွင့်ကြည့်တော့ Physics ဆိုသောစာလုံးကြီးက ပြူးပြူးကြီး ထွက်လာပါ၏။ ဟုတ်ပါသည်။ အကျအနကို မှားသွားခြင်းပါ။

ယခုမှ မိုးလွင်၏မျက်နှာလည်း သွေးရောင်လွှမ်းတော့သည်။ မင်းသစ်နှင့်ကျော်စွာတို့၏ မျက်နှာတွေမှာလည်း ဝမ်းသာမှုအပြည့်။

မိုးလွင်က သူ့လက်ထဲမှစာအိတ်ကို ဖျတ်ကနဲ ဆွဲယူကာ . .

"မပူနဲ့တော့အစ်ကို . . . ကျွန်တော် ရုပါလင်းဆီ သွားရှင်းပေးမယ်။ စိတ်အေးအေးသာထားတော့"

သူ့ရင်ထဲမှ အလုံးကြီးတစ်စစီ ကွဲအက်ကြွေမွသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# XXV

ဖြိုးခေတ် ဖုန်းဘေားမှာထိုင်၍ မျက်လုံးက အဆောင်ဝကိုကြည့်နေသည်။ အမိပ္ပာယ်က ဖုန်းရော၊ လူရော မျှော်နေတာပါ။ ဖြိုးခေတ်ပြန်ရောက်ကတည်းက ဖုန်းဘေားတွင်ထိုင်ကာ အပေါက်ဝကိုမျှော်နေခြင်းဖြစ်သည်။

မိုးလွင် ရူပါလင်းဆီ သွားရှင်းပြမည်ဟုဆိုကာ ထွက်သွားပြီးကတည်းက သူ့ရင်မှာ တဒိုင်းဒိုင်း (တအုန်းအုန်း မဖြစ်တာပဲ ကျေးဇူးတင်ရမည်) စိတ်တွေလည်း ယောက်ယက်ခတ်နေသည်။ ဒါပေမယ့် အပေါက်ဝကိုလှမ်းမျှော်ရင်း ဖုန်းကို အနီးကပ်ကြည့်နေရင်းနှင့်ပင် ထိုနေ့တစ်နေ့မှာ ကုန်ဆုံးသွားသည်။

ညရောက်တော့လည်း မိုးလွင် ရူပါလင်းနဲ့ မတွေ့သေးလို့နေမှာပါဟုစိတ်ကို နှစ်သိမ့်ရင်းနှင့် အိပ်ပျော်အောင်ကြိုးစားခဲ့ပါ၏။ မနက်လင်း၍ နေ့သစ်တစ်ခုနိုးထခဲ့သော်လည်း သူကတော့ လုပ်နေကျအလုပ်ကိုသာ စိတ်ရှည်ရှည်ထား၍ လုပ်ခဲ့သည်။



ဒါပေမယ့် ထိုနေ့တစ်နေ့လုံးသည် ဖုန်းသံမမြည်။ လူကိုမတွေ့ညရောက်တော့ ဖြိုးခေတ်မနေနိုင်တော့၊ ချီတုံချတုံဖြစ်နေသော စိတ်တွေကိုလည်း ထွက်ပေါက်ပေးနိုင်ခဲ့၏။

မနက်ဖြန်ရောက်လျှင်တော့ မိုးလွင်ဆီကို သူကိုယ်တိုင်လိုက်သွားတော့မည်။

ပြက္ခဒိန်မှရက်စွဲတစ်ခုကလည်း နီးသထက်နီးကပ်လာပြီဆိုတာ ပြက္ခဒိန်မကြည့်ဘဲနှင့် စိတ်ထဲတွင် အလိုလိုသိနေပါ၏။

အဲဒါက သူနှင့်ရူပါလင်း ပထမဆုံး သဘောတူထားခဲ့သော (၆)လ ဆိုသည့်ရက်စွဲ၊ ဖြိုးခေတ် စိတ်မပါစွာနဲ့ပင် ပြက္ခဒိန်ကို ယူကြည့်လိုက်ပါ၏။

အမှတ်ခြစ်ထားသော ရက်စွဲတစ်ခုက သုံးရက်စောစွာ သူ့ကိုပြုံးပြနေသည်။ ဟုတ်သည် (၆)လပြည့်ရန် သုံးရက်ခန့်သာလိုတော့သည် မဟုတ်ပါလား . . .

ထိုနေ့ညက တစ်ညလုံး အိပ်မပျော်ခဲ့ပါ။ ဟိုတွေးသည်တွေးတောင်တောင်အီအီစဉ်းစားရင်းနှင့်ပင် အောက်ထပ်မှ ဘုန်းကြီးတရားသံကိုကြားရသည်။

သြော် . . . အဓိပ္ပာယ်မဲ့သော နေ့ရက်တွေကို တချို့တွေကတော့ အဓိပ္ပာယ်ရှိရှိ တရားဂုဏ်တော်တွေဖြင့် မျက်နှာသစ်နေကြပါပြီ။

သူ့မှာတော့ . . .

ဘယ်အချိန် မှေးခနဲအိပ်ပျော်သွားသည်မသိ။ အိပ်ရာကနိုးတော့အခန်းထဲတွင် ကျော်စွာနှင့်မင်းသစ်ရှိမနေတော့ . . .

စောင့်ဦးမည်ကြံသော်လည်း မနေနိုင်တော့သည့်အတွက် တစ်ယောက်တည်းပဲ မိုးလွင်ဆီသွားရန် ဆုံးဖြတ်ခဲ့သည်။

အဆောင်မှအထွက်တွင် အပြင်မှပြန်လာသော ကျော်စွာနှင့်တန်းတိုးပါ၏။

"မိုးလွင်ဆီသွားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ငါနဲ့အဖော် . . . "

"မသွားပါနဲ့တော့ . . . ဟော့ကောင်၊ ဒီနေ့မနက် ငါတို့လက်ဖက်ရည်ဆိုင်မှာ မိုးလွင်နဲ့တွေ့ပြီးသွားပြီ"

ဒုန်းခနဲ ဆောင့်ခုန်သွားသောရင်တစ်ခုနှင့်အတူ . . .

"ဘာ . . . ဘာပြောသွားလဲ . . . အဆင်ပြေတယ်တဲ့လား"

ကျော်စွာက ခေါင်းရမ်းသည်။

"သူဘယ်လို ရှင်းပြရှင်းပြ လက်မခံတော့ဘူးတဲ့"

"ဟာ . . ."

"အေး . . . မိုးလွင်လည်း တော်တော်စိတ်မကောင်းဖြစ်နေတယ်။ မင်းကိုလည်းမျက်နှာချင်းမဆိုင်ရဲလို့ ငါတို့ချည်းပဲ ခေါ်ပြောပြတာ။ အခု မင်းသစ် ဒီကောင်နဲ့လိုက်သွားတယ်"

ဖြိုးခေတ် ရုတ်တရက်အသိမဲ့သွားလေသည်။ လူကလည်း မလှုပ်မယှက် ငြိမ်သက်နေသော ကျောက်ရုပ်တစ်ခုလို။

ဘာမှန်းမသိသော ဝေဒနာတစ်ခုက သိသိသာသာ တမြေ့မြေ့ တိုက်စားလို့ . . .

ဖြိုးခေတ်တစ်ယောက် ကံကြမ္မာကြီး၏ ရက်စက်မှုအလှည့်အပြောင်းအောက်တွင် ခုခံအားမဲ့စွာ ခေါင်းငုံ့ခံလိုက်ရလေတော့သည်။

တစ်ဖက်တွင်လည်း . . .



## XXVI

"ဓာတ်လမ်းကတော့ အဲဒါပဲ။ မမရှုပါလည်း တော်တော်စိတ်ထိခိုက်နေတယ်။ အရင်ကတည်းက ဖေဒင်ကိုမယုံတော့ ပိုဆိုးတာပေါ့"

မြတ်နိုးပွင့်စကားအဆုံး မင်းသစ်ခေါင်းယမ်းပါသည်။ မိုးလွင်ကတော့ ပျက်ယွင်းနေသောမျက်နှာကို အတတ်နိုင်ဆုံးထိန်းရင်း တစ်နေရာကို ငေးနေပါ၏။

"ဒါဆို အခု ရှုပါလင်းဘယ်လိုဆုံးဖြတ်မှာတဲ့လဲ"

"လူကြီးတွေကိုတော့ အသိမပေးရသေးဘူး။ ဒါပေမယ့် ငြင်းမယ်နဲ့တူပါတယ်"

မင်းသစ်စိတ်အိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မအထင်ပြောရရင်တော့ မမရှုပါလည်း ကိုဖြိုးခေတ်အပေါ်စိတ်ဝင်စားပုံရပါတယ်။ ဒါပေမယ့် အဲဒီဗေဒင်ဆိုတာကြီးခံနေလို့ အခြေအနေတွေ ရှုပ်ထွေးသွားတာ။ လူကြီးတွေစကားကို ချက်ချင်းမငြင်းခဲ့ဖူးဆိုတာလည်း အဲဒီအချက်ပါတယ်။ လူကြီးတွေကိစ္စ မသိခင်ကတည်းက သူ ကိုဖြိုးခေတ်နဲ့ပတ်သက်ပြီး စိတ်ထဲမှာနည်းနည်းတော့ရှိနေလိမ့်မယ်။ အဲဒါကြောင့်မို့လို့လည်း သူသိသိချင်း ကျွန်မဆီဖုန်းဆက်ပြီး အကူအညီတောင်းတာ။ သူ့အမေဖုန်းပြောနေတာကို အခန့်မသင့် သူ့အခန်းထဲက ဖုန်းနဲ့နားထောင်မိရင်း သိသွားတာတဲ့။ သိသိချင်း ကျွန်မဆီ အကူအညီ လှမ်းတောင်းတယ်ဆိုကတည်းက တွေးလို့ရတယ်။ သူ့စိတ်တွေ ကိုဖြိုးခေတ်အပေါ်မှာ ရာခိုင်နှုန်းတော်တော်များများ ရောက်နေလို့ . . . စိတ်မဝင်စားရင် အခုလို စမ်းသပ်ဖို့နေနေသာသာ တစ်ခါတည်းတန်းငြင်းမှာပေါ့"

"စမ်းသပ်တာ . . ."

"ဟုတ်တယ်လေ . . . သူမယုံကြည်တဲ့ ကိစ္စတစ်ခုကို လက်ခံနိုင်လောက်တဲ့စွမ်းအင်ရှိမလားဆိုပြီး စမ်းသပ်ကြည့်တာ။ အခုလိုစမ်းသပ်တာကို လူကြီးတွေလည်းသိတယ်။ ဒါပေမယ့် သုံးခုမှာ နှစ်ခုက အနုတ်ပြသွားတော့ ကိစ္စကပြီးပြီပေါ့"

"သုံးခု . . ."

မင်းသစ်ပါးစပ်မှ ထပ်ထွက်သွားသည်။

"ဟုတ်တယ် . . . သုံးခု၊ . . . (၆)လပြည့်မှ ဖွင့်မယ်ဆိုတဲ့ စာအိတ်ရယ်။ အခုဘော်လီဘောပွဲ အနိုင်အရှုံးရယ်။ နောက်တစ်ခုက ဟိုတစ်ခါ ကျွန်မနဲ့ကိုဖြိုးခေတ် အလောင်းအစားလုပ်ပြီး ကစားခဲ့တဲ့ပွဲကိုမှတ်မိလား"

"မန်ယူနဲ့ ဘာစီလိုနာပွဲလား"

"ဟုတ်တယ် . . . အဲဒီသုံးခုမှာ နောက်ဆုံး ဘော်လီဘောပွဲက သူ့ဆီကို စာအိတ်မှာရောက်သွားတော့ ကိုဖြိုးခေတ်မှားတယ်လို့ယုံကြည်သွားတာပေါ့။ အခု စာအိတ်လွဲသွာတယ်ဆိုလည်း ထားဦး။ ဒုတိယပွဲကတော့ လုံးဝအမှားကြီး။ မန်ယူနိုင်မယ်လို့ ပြောလိုက်တဲ့အတွက် သူကိုယ်တိုင်ကျောင်းရှေ့မှာ . . . "

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . ဖြိုးခေတ်မမှားဘူး"

"ဟင်"

အကျောက်အကန်ထအော်လိုက်သော မင်းသစ်အသံကြောင့် မိုးလွင်နှင့် မြတ်နိုးပွင့် မျက်လုံးပြူးသွားသည်။

"မမှားဘူး . . . ဖြိုးခေတ်မမှားဘူး။ ဟာ . . . ဒုက္ခတွေတော့ ရောက်ကုန်ပြီ။ အဲဒါ သူတမင်တကာ အရှုံးပေးလိုက်တာ"

"ဘယ်လို"

"ဟုတ်တယ် . . . အဲဒီပွဲက သူ့အရုက်၊ သိက္ခာတွေကို တမင်အလျောင်ပြောင်ခံပြီး အရှုံးပေးလိုက်တာ။ ဖြိုးခေတ်မှန်တယ်"

မိုးလွင်နှင့်မြတ်နိုးပွင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်သည်။ ပြီး နားမလည်သလို သူ့အားပြန်ကြည့်ရင်း . . .

"ကျွန်မတို့ နားမလည်ဘူး"

မင်းသစ် စိတ်ရှုပ်ထွေးစွာခေါင်းကုတ်မိသွားသည်။ ထိုစဉ်မှာပင် မင်းသစ်အထိရောက်ဆုံး အကြံတစ်ခုရလိုက်ကာ . . .

"မြတ်နိုးပွင့် . . . နင် ရှုပါလင်းကို အပြင်ခေါ်ခဲ့လို့ရမလား"

"ကိုဖြိုးခေတ်နဲ့ တွေ့ပေးမလို့လား . . ."

ခေါင်းညိတ်ရင်းပြောသည်။

"မဟုတ်ဘူး၊ ကျောင်းထဲက ဂျစ်ပစီဆိုင်ကိုလာခဲ့။ ငါနဲ့မိုးလွင်စောင့်နေမယ် . . ."

မင်းသစ်စကားကြောင့် မြတ်နိုးပွင့်အံ့သြသွားသည်။

"ဘာလုပ်ဖို့"

မင်းသစ် ထရပ်လိုက်ပါသည်။ ပြီးတော့ သက်ပြင်းတစ်ခုကို ခပ်မြန်မြန်မှုတ်ထုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖြိုးခေတ်မမှားခဲ့ဘူးဆိုတာ သက်သေပြချင်လို့."

• • •

"ဂျစ်ပစီ" ဟူသော ဆိုင်ထဲတွင်ဖြစ်သည်။

ခုံဝိုင်းတစ်ဝိုင်းတွင် ကောင်လေးနှစ်ယောက်ထိုင်နေပါ၏။ ထိုကောင်လေးနှစ်ယောက်က မင်းသစ်နှင့်မိုးလွင်။

သူတို့ရှေ့စားပွဲပေါ်မှာ စာအိတ်တစ်အိတ်တင်ထားသည်။

ထိုစာအိတ်က မြတ်နိုးပွင့်၏ စိန်ခေါ်မှုကစားပွဲရလဒ်ကို ပြောင်းပြန်ပြော၍ အမှန်အတိုင်းရေးထားခဲ့သော ဖြိုးခေတ်၏စာအိတ်။

ရှင်းရှင်းပြောရလျှင် မြတ်နိုးပွင့်အား တည်ကြက်ထား၍ ရှုပါလင်း၏ ဖြိုးခေတ်အပေါ် ဒုတိယမြောက်စမ်းသပ်မှုအဖြေ။

မကြာလှသော အချိန်တစ်ခုမှာပင် ဂျစ်ပစီရှေ့သို့ကားတစ်စီးဆိုက်လာသည်။ ကားပေါ်မှ မိန်းကလေးနှစ်ယောက် ဆင်းလာပါ၏။ ပြီးတော့ ကောင်လေးနှစ်ယောက်ထိုင်နေသောဝိုင်းတွင် ဝင်ထိုင်သည်။

ထိုစဉ်မှာပင် မင်းသစ်ကစာအိတ်ကို ရှုပါလင်းရှေ့သို့ထိုးပေးသည်။ ပြီးတော့ အဖြစ်အပျက်အားလုံးတို့အား အတိုချုံး၍ ရှင်းပြလိုက်ပါ၏။ မိုးလွင်ကလည်း သူချွတ်ယွင်းခဲ့သော စာအိတ်နှစ်အိတ်ကို ရှုပါလင်းလက်ခံအောင် ဒုတိယအကြိမ်ထပ်ရှင်းပြသည်။

တအောင့်ကြာတော့ ထိုစကားဝိုင်းမှာ တိတ်ဆိတ်သွားကြလေသည်။

ပြောစရာကုန်သွားတာလား၊ လက်ခံသွားတာလားမသိ၊ သို့ပေမယ့် သေချာမှုတစ်ခုကိုတော့ မျက်မြင်သိရှိရန် ရှုပါလင်းစားပွဲပေါ်မှ စာအိတ်ကို လက်လှမ်းလိုက်ပါသည်။

ပြီးတော့ . . . . .

'ဗြဲ' ခနဲ စာအိတ်ပြဲသွားသည်။ နောက်စာအိတ်ကို ခေါက်ချရာ စာတစ်စောင်ကျလာသည်။

"ဖျောက်" ဟူသော ခပ်ဆတ်ဆတ်လက်သံကြောင့် စာရွက်သားပြန့်သွားသံနှင့်အတူ စာရွက်ထဲမှာကား . . .

မန်ယု – ဘာစီလိုနာ (✔)





www.burmeseclassic.com

www.burmeseclassic.com

# XXVII

အဆောင်လမ်းထဲသို့ ချိုးဝင်လာသောမင်းသစ်ကိုခပ်ဝေးဝေး မြင်ကတည်းက ဖြိုးခေတ်ရင်တွေခုန်နေသည်။

အဆင်ပြေပါ့မလား၊ ရုပ်လင်းလက်ခံပါ့မလား၊ သူယုံကြည်ရာ ရူးသွပ်မှုကိုလည်း ဖြေရှင်းချက်မရှိအောင် အထင်သေးသွားပြီလား၊ သူ့ကိုရော အကြွင်းမဲ့ဟားတိုက်လှောင်ပြောင်နေပြီလား။

သို့လော . . . သို့လော . . . အတွေးတွေဖြင့် လှုပ်ရှားတုန်ရီနေစဉ်မှာပင် မင်းသစ်က သူ့ရှေ့ရောက်လာသည်။

"မင်းသစ် . . ."

သူ့ခေါ်သံကို မင်းသစ်က ခပ်ပါးပါးပြန်ကြည့်သည်။ အနည်းငယ်ပျက်စပြုနေသော မင်းသစ်မျက်နှာနဲ့တင် ဖြိုးခေတ် သဘောပေါက်လိုက်ပါပြီ။ မင်းသစ်ကြိုးစားခဲ့မှုသည်လည်း အချည်းနှီးပဲပေါ့။



မင်းသစ်ကခေါင်းကို ခပ်လေးလေးယမ်းသည်။ ပြီးတော့ မချိတင်ကဲအသံမျိုးဖြင့် . . .

"ငါလည်း တတ်နိုင်သလောက်ကြိုးစားခဲ့တာပဲ။ ဒါပေမယ့် မင်းလိုချင်တဲ့အဖြေမျိုး ငါမရခဲ့ဘူး"

ထို့နောက် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း . . .

"မင်းတို့ သဘောတူထားတဲ့ (၆)လပြည့်တော့မယ်ဆို . . ."

"အေး . . . သန်ဖက်ခါဆိုပြည့်ပြီ"

ဖြိုးခေတ် စိတ်မပါစွာ အဖြေပေးမိသည်။ မင်းသစ်၏အကြည့်တွေ အဝေးတစ်နေရာသို့ ငေးသွားရင်း . . .

"အဲဒီနေ့ရောက်ရင်တော့ . . . အဖြူ အမည်း သဲကွဲပြီထင်တာပဲ"

နောက်တော့ သူတို့နှစ်ယောက်စလုံး စကားမဆိုမိတော့ပါ။

နှစ်ဦးစလုံး တိတ်ဆိတ်စွာ အဆောင်ထဲသို့ ခေါင်းငိုက်စိုက်ဖြင့် ပြန်လည်ဝင်ရောက်လာခဲ့စဉ်မှာပင် . . .

**"ဖြိုးခေတ် . . . ဖုန်းလာနေတယ်"**

"ဟင်"

အဆောင်ထဲမှ အသံတစ်သံ အော်တက်လာသည်။ ဖြိုးခေတ် အံ့သြသွားကာ မင်းသစ်ကိုကြည့်မိသည်။ မင်းသစ်ကလည်း ကြောင်တောင်တောင်ဖြင့် ပြန်ကြည့်သည်။

သူတို့အကြည့်နှစ်ခု ဆုံသွားသော်လည်း အဖြေမထွက်။

"ဖြိုးခေတ် . . . ဖုန်း . . ."

နောက်တစ်ခေါက် အသံထပ်အထွက်မှာတော့ . . .

**"ဖုန်း" ခနဲ နေအောင်ပင် ဖြိုးခေတ်ပြေးရပါတော့၏။**

ကျန်ရစ်ခဲ့သော မင်းသစ်မျက်နှာပြုံးနေမည်လား၊ သူမတွေးမိတော့ပါ။ ဒါပေမယ့် ရုပ်များဖြစ်ခဲ့လျှင်ဟူသောစိတ်ကြောင့် သူ့ရင်တွေတဒိုင်းဒိုင်း ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXVIII

"ဟဲလို . . . ဖြိုးခေတ်ပါ"

"သားလား . . . မေမေ . . ."

"မေမေ"

ဖြိုးခေတ်အသံ အံ့သြမှုကြောင့်တုန်ရီသွားသည်။ နောက်မှ လိုက်ဝင်လာသော မင်းသစ်ကသိချင်ဇောဖြင့် ဘယ်သူလဲဟုမေးငေါ့ပြ ပါ၏။ ဖြိုးခေတ်အသံနိမ့်ကာ 'မေမေ'ဟု ပြောလိုက်တော့မှ သူ့အထင် နှင့်လွဲသွားသလို ခေါင်းကိုယမ်းရင်း အတွင်းသို့ဝင်သွားသည်။

နောက်တော့ သူနှင့်မေမေစကားတွေတော်တော်များများ ပြော ဖြစ်သည်။ ပထမတော့ ထုံးစံအတိုင်း အိမ်ပြန်လာခိုင်းဖို့ဟု ထင်ထား သော်လည်း နောက်ပိုင်းမေမေ၏စကားတွေကြောင့် ဖြိုးခေတ်ရင်တွေ တဆတ်ဆတ်တုန်လာပါသည်။ မေမေပြောသည်ကား သူလုံးဝမထင်မှတ် ထားသောအကြောင်းကိစ္စများ . . .



ဖြိုးခေတ်နားထောင်နေရင်းနှင့် စိတ်တွေလှုပ်ရှားလာကာ ရင် တွေလည်း ခုန်လာသည်။ အံ့သြမှုကြောင့် အသက်ရှူသံတို့ လှိုင်းခတ် လာသလို ရင်ခုန်သံတွေလည်း မြန်လာပါ၏။

အရောင်အမျိုးမျိုးပြေးနေသော မျက်နှာပေါ်မှာလည်း အံ့သြမှု တွေ၊ စိုးထိတ်မှုတွေ၊ ရင်ခုန်မှုတွေအပြည့်။

သူဘယ်လိုမှမထင်၊ ဘယ်လိုမှဆက်စပ်တွေးခေါ်မရသော မဖြစ် နိုင်သည့်ကိစ္စများ။ ယခုတော့ . . .

မထင်ရလောက်အောင် တအံ့တသြရောက်ရှိလာခဲ့ပါပြီ။

ဒါကံကြမ္မာ၏ ဖေးမမှုလား။ မသေချာ။ ဒါပေမယ့် ရေရေရာရာ ကိုမေမေကပြောပြနေသည့် နောက်မှာတော့ . . .

"ဟာ . . . ဒါဆို ဖေဖေလည်းပါတာပေါ့"

"ပါတာပေါ့ . . . မင်းဖေဖေရော၊ သူရော အကုန်လုံးပေါင်းပြီး စမ်းကြတာ။ ဒါပေမယ့် အခုတော့ . . ."

'အခုတော့'ဟုဆို၍ မေမေ့စကားသံ ရပ်သွားသည်။

"အခုတော့ . . . ဘာဖြစ်လဲမေမေ . . ."

"အခုတော့ . . . သားဝါသနာက သူတို့လက်ခံနိုင်လောက် တဲ့တန်းတစ်ခုဝင်သွားပြီလေ။ ဒါကြောင့် မေမေသားကို ပြန်ခေါ်တာ။ မင်းအဖေလည်း အသိအမှတ်ပြုသွားပါပြီ"

ဖြိုးခေတ် အားရပါးရ ပြုံးမိသွားပါသည်။ နောက်တော့ မေမေ နဲ့သူ ပျော်ရွှင်မှုတွေဖြင့်စကားတွေ အပြန်အလှန် ဆက်ပြောဖြစ်ကြသည်။ တအောင့်ကြာတော့ . . .

"အဲဒါဆို သားဘယ်တော့လောက် အိမ်ပြန်လာမလဲ"

"အင်း . . . ဘယ်တော့လောက် အိမ်ပြန်လာမလဲဆိုတော့ သန်ဖက်ခါဆိုရင်ပဲ (၆)လပြည့်ပြီမေမေရော။ အဲတော့ . . . အဟင်း . . . နောက် . . . နောက်အပတ်ထဲလောက် ပြန်လာဖြစ်မယ်ထင်တယ်"

မချိုမချဉ်သူ့စကားကြောင့် မေမေကရယ်သည်။ သူလည်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရယ်ဖြစ်ပါ၏။

"အမယ် . . . သားက အပိုင်တွက်ထားတယ်ပေါ့"

ဖြိုးခေတ် 'ဟီး'ခနဲ တစ်ချက်ရယ်လိုက်ရင်း . . .

"ဖြိုးခေတ်ပဲမေမေရာ ပိုင်ပါတယ်"

"အင်းပါ . . . အင်းပါ . . . ဒါဆိုလည်းပြီးတာပဲ။ သားပြန်လာချင်ရင်ဖုန်းဆက်လိုက် မေမေလာကြိုမယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဒါပဲနော်။ သားဖုန်းချလိုက်တော့မယ်"

"အေး . . . အေး"

ဖြိုးခေတ် ဖုန်းကို 'ဂွပ်'ခနဲနေအောင် ခပ်ဆတ်ဆတ်ချလိုက်သည်။ သူ့ရင်ထဲမှာ ပျော်ရွှင်မှုအရှိန်တွေဖြင့် ဟုန်းဟုန်းထနေပါ၏။

**'ဟေး'ဟုထအော်လျှင် လူသိမည်စိုးသောကြောင့် အပျော်လုံးကြီးကို မနိုင်တနိုင်ဖုံးဖိရင်းနှင့်ပင် အခန်းဆီသို့** ခပ်ကုပ်ကုပ်လျှောက်သွားလိုက်ပါသည်။ အခန်းထဲရောက်တော့ ကျော်စွာက . . .

"ဟော့ကောင် . . . မင်းမားသားကြီးက ဘာတဲ့လဲ"

ဖြိုးခေတ်စိတ်မပါသလို ခေါင်းကိုတစ်ချက်ကုတ်ရင်း . . .

**"ထုံးစံအတိုင်းပဲပေါ့ကွာ . . . အိမ်ပြန်လာဖို့ပြောတာ"**

နောက်တော့ မည်သူ့မျက်နှာကိုမှ ကြည့်မနေတော့ဘဲ ခုတင်ပေါ်သို့ . . .

"ဘုန်း . . ."

'ဘုန်း'ဟူသော အသံကျယ်ကျယ်နှင့်အတူ ဖြိုးခေတ်ပါးစပ်မှ ဆုတစ်ခုကို ခပ်တိုးတိုးတောင်းလိုက်သည်။ ဒါပေမယ့် အသံခြင်း ရောသွားသည့်အတွက် မည်သူမျှတော့ ကြားမည်မထင်ပါ။

"သန့်ဖက်ခါ မြန်မြန်ရောက်ပါစေ . . ."



24 နာရီ

တချို့လူတွေက ဒီအချိန်တွင်းမှာ
ကမ္ဘာကျော်တဲ့အလုပ်တွေ လုပ်ပြနိုင်ခဲ့တယ်။
တချို့အတွက် အတိုးအရင်းမရှိ
ဒီအချိန်ကို မိမိကိုယ်ကို ထုတ်ချေးတယ်။
ဘယ်တော့မှလည်း ပြန်ဆပ်နိုင်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ပြက္ခဒိန်တစ်ရွက်က ဖုတ်ခနဲ ကြွေသွားတယ်
ပြီးတော့ နောက်တစ်နေ့ရဲ့ ဝေလီဝေလင်း အချိန်ပေါ်
တည့်တည့်ကြီးသွားကျတယ်
ဘာပဲပြောပြော နောက်တစ်နေ့ကတော့
လန့်ဖျပ်ပြီး အိပ်ရာနိုးသွားမှာပေါ့ . . .



# XXIX

ဖြိုးခေတ် နိုးနေတာကြာပါပြီ။ အိပ်ရာတော့ မထချင်သေး။ ဒီအတွက်ကြောင့် ရင်ခုန်ဖွယ်အဖြစ်အပျက်တို့ကို ပြန်စဉ်းစားရင်း မှိန်းနေလိုက်သည်။ ဒါပေမယ့် သိပ်မကြာလိုက်ပါ။ ကျော်စွာနှင့်မင်းသစ်တို့ အသံတွေကြောင့် သူ၏ရင်ခုန်ခံစားမှုတို့ မှေးမှိန်သွားရလေသည်။

"ဟော့ကောင် . . . ဖြိုးခေတ်ထတော့ . . . ဘယ်အချိန်ရှိနေပြီလဲ"

ဖြိုးခေတ်မသိချင်ယောင် ဆောင်နေလိုက်သည်။

"ဟော့ကောင် . . . ထတော့လို့ပြောနေတယ်"

ပြောလည်းပြော ခြင်ထောင်ကိုလည်း ဆွဲလှန်လိုက်သည်ကြောင့်

"ဘာဖြစ်နေတာလဲကွာ . . . အစောကြီးရှိသေးတယ်။ ဒီအချိန်ငါထတဲ့အချိန်မှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ဟုတ်မဟုတ်ဟုတ်ကွာ . . . ထတော့။ ပြက္ခဒိန်တွေလည်းပြန်ကြည့်ဦး ဒီနေ့ဘာနေ့လဲလို့"

"ဘာနေ့လဲ . . ."

"(၆)လပြည့်ပြီ"

"ဘာလဲ . . . အဆောင်လခပေးဖို့လား"

"အဆောင်လခက ပြီးခဲ့တဲ့အပတ်ကပေးထားတာ မင်းမတွေ့ဘူးလား"

သူ့စကားကြောင့် မင်းသစ်က ခပ်ဆတ်ဆတ်အော်သည်။ သူ့ခေါင်းခနဲ့တစ်ချက်ရယ်လိုက်ရင်း . . .

"ဒါဆို ဘာလုပ်ဖို့လဲ . . . အပေါင်ဆိုင်က ပစ္စည်းတွေသွားရွေးဖို့လား"

"ဟာကွာ . . ."

မင်းသစ် ဒေါကန်သွားသည်ထင်သည်။ ခြင်ထောင်ကြိုးတွေကို ဆွဲဖြုတ်သည်။

"ဟေ့ကောင် . . . ရှုးချင်ယောင်ဆောင်မနေနဲ့။ ဒီနေ့မင်းနဲ့ရူပါလင်းတို့ စာအိတ်ဖွင့်ရမယ့်နေ့ရောက်ပြီ . . . ထတော့"

"ဒီကောင် အစောကြီးကတည်းကနိုးနေတာ ငါသိတယ်။ ဟေ့ကောင် . . . တမင်ရုပ်ရှင်ရိုက်ပြနေတာ"

ကျော်စွာကလည်း ဝင်ပြောသည်။

"နာရီကိုကြည့်ဦး (၈)နာရီထိုးတော့မယ်။ ရူပါတို့အုပ်စု ရောက်တောင်ရောက်နေပြီလား မသိဘူး"

မင်းသစ်စကားကြောင့် ဖြိုးခေတ် နာရီကောက်ကြည့်လိုက်သည်။ ဟုတ်သည် (၈)နာရီထိုးပေတော့မည်။ ဖြိုးခေတ် ခပ်တည်တည်ဖြင့်ခုတင်ပေါ်ပြန်လှဲချလိုက်ပါသည်။ သူ့ပုံစံကိုကြည့်၍ ကျော်စွာက . . .

"ဟေ့ကောင် . . . ဘာလုပ်တာလဲ"

"နေပါစေတော့ကွာ၊ ငါမသွားတော့ဘူး"



"ဘာ . . ."

မင်းသစ် အသံကျယ်သွားသည်။

"မင်းအဲလို လုပ်လို့ရမလားကွ။ လုပ်တုန်းက လုပ်ပြီးတော့"

"ငါဘာလုပ်လို့လဲ"

"(၆)လပြည့်ရင် ဖွင့်ကြည့်မယ်ဆိုတဲ့ စာအိတ်ကိုမင်းပဲလုပ်ခဲ့တာလေ။ ဒီနေ့ ရက်စွဲကိုတောင်စာအိတ်ပေါ်မှာ ရေးထားခဲ့သေးတယ်မလား"

ဖြိုးခေတ် ပြန်မပြောပါ။ ခပ်တည်တည်ဖြင့်သာ တုံးလုံးလှဲနေသည်။

"ဟေ့ကောင် . . . ပြောနေတယ်"

ဒေါနှင့်မောနှင့်ပြောနေသော မင်းသစ်ပုံစံကြောင့် သူရယ်ချင်လာကာ . . .

"နေစမ်းပါဦးကွာ . . . ငါတောင်ဘာမှမဖြစ်ဘဲ မင်းတို့ကဘာလို့ တက်ကြွနေရတာလဲ"

သူ့စကားကြောင့် နှစ်ယောက်စလုံးအမ်းသွားသည်။ သို့ပေမယ့် ချက်ချင်းပင်မျက်နှာပြင်လိုက်ရင်း . . .

"တက်ကြွနေတာမဟုတ်ဘူးဟေ့ . . . ချိန်းထားပြီးမှ မလာရင် ယောကျ်ားတွေဖြစ်ပြီး ကတိမတည်ဘူးဖြစ်မှာစိုးလို့ မင်းကိုပြောနေတာ"

"ဟုတ်တယ် . . . ဟေ့ကောင် . . . မသွားရင် မင်းက အဓိကသိက္ခာကျမှာ"

"ဘာဖြစ်လို့လဲ . . ."

"မင်းကိုယ်မင်းမယုံလို့ စာအိတ်လာမဖွင့်ရဲတာလို့ ထင်သွားမှာပေါ့"

ကျော်စွာ့စကားက နည်းနည်းတော့ထိသည်။ ဒါပေမယ့် ဒီကောင်တွေကို ဆက်ကလိချင်သဖြင့် ပေအိပ်နေရာ . . .



www.burmeseclassic.com

www.burmeseclassic.com

မင်းသစ်အခန်းထဲမှ ထွက်သွားသည်။ ပြီးတော့ ရေတစ်ပုံးကို ခပ်လာကာ . . .

"ဟော့ကောင် . . . ထမှာလား၊ မထဘူးလား"

ဒီတစ်ခါတော့ သူဆက်မပေရဲတော့ပါ။ ကပျာကရာပင် ထရတော့သည်။ ပြောရတာမဟုတ်။ ဒီကောင့်ပုံစံက အဟုတ်လုပ်မည့်ပုံစံ။ လူက ကိစ္စမရှိပေမယ့် စောင်တွေ၊ ခေါင်းအုံးတွေက ရှော့ရှိသည်။

ဒါနဲ့ပဲ သူရေချိုးခန်းဝင်ရသည်။ ပြီးတော့ သားသားနားနား အဝတ်တစ်စုံ ကောက်လဲသည်။ အဝတ်လဲပြီးတော့ သူ့ပုံစံကိုကြည့်၍ ကျော်စွာက . . .

"မသွားချင်ဘူးသာဆိုတယ် . . . ပုံစံကိုလည်းကြည့်ဦး"

"ဘာဖြစ်လို့လဲ"

"မနာလိုလို့ဟေ့"

သူတို့ရယ်ဖြစ်ကြပါသည်။ ပြီးတော့ မင်းသစ်ကပင် ဦးဆောင်ကာ ကျောင်းသို့ထွက်ခဲ့တော့သည်။

• • •

ဂျစ်ပစီရှေ့ရောက်တော့ . . .

လူပင် အတော်စုံနေပြီပြောလို့ရသည်။ အတော်စုံနေပြီမဟုတ် စုံကိုစုံနေပါပြီ။

ရုပါလင်း၊ သက်ထား၊ သီရိနှင့် မိုးလွင်တို့စုံတွဲ။ ပြီးတော့ သူတို့သုံးယောက်။ ခပ်ဝေးဝေးမျက်လုံးချင်းဆုံမိကတည်းက ခေါင်းငုံ့သွားသော ရုပါလင်းကြောင့် သူ့စိတ်တွေ မချင့်မရဲဖြစ်သွားရကာ ရင်ထဲမှာလည်း လှိုက်မောသွားသည်။

ခုံတွင်ဝင်ထိုင်ကြတော့သည်။ ကြိုတင်စီစဉ်ထားခြင်းမဟုတ်ပါဘဲနှင့် ရုပါလင်းဘေးမှာထိုင်ဖြစ်ပါ၏။ ထိုတစ်ခုံသာလွတ်တော့သည် မဟုတ်ပါလား . . .



သင်းသင်းလေးအေးနေသော ချစ်သူ့ရနံ့က သူ့ရင်ကိုအပြည့် ပြင်းပြင်း ဝင်ဆောင့်နေသည်။ ဖျင်းခနဲ ကြက်သီးထသွားသည့်အတွက် ရုပါလင်းအကြည့်တွေ သူ့ထံရောက်နေပြီဆိုတာ အလိုလိုသိလိုက်ပြီး လှည့်ကြည့်မိတော့ . . .

မမိလိုက်ချေ။ အကြည့်တစ်ခုက လွှတ်လွှတ်ကျွတ်ကျွတ်လွတ်သွားသည်။ ဒါပေမယ့် ရှက်ရဲရဲမျက်နှာလေးကိုတော့ တစောင်းအနေအထားဖြင့် ငေးမိပါ၏။ ထိုစဉ်မှာပင် ကောင်တာမှပိုင်ရှင်က သူတို့ဝိုင်းသို့ စာအိတ်တစ်အိတ်ကို ယူလာသည်။ ထိုစာအိတ်ကို မင်းသစ်ကလှမ်းယူကာ စားပွဲပေါ်တင်လိုက်ရင်း . . .

"ငါတောင်းပန်တယ် ဖြိုးခေတ်"

အဆုံးအစမရှိပြောသော မင်းသစ်စကားကြောင့် သူကြောင်သွားသည်။

"ငါ့ကိုခွင့်လွှတ်ပါကွာ"

ထပ်ထွက်လာပြန်သည်။

"ဟော့ကောင် . . . ဘာဖြစ် . . ."

သူ့စကား မဆုံးလိုက်။ မင်းသစ်က လက်ကာပြသည်။ ပြီးတော့ . . .

"ငါပြောပြတာကို ခဏနားထောင်ပါဦး"

တစ်ဝိုင်းလုံးကို ကြည့်မိတော့လည်း အားလုံးအေးဆေးနေသည်။ ဒီတော့ သူလည်း နားမလည်မှုကိုထိန်းလိုက်ရင်း မင်းသစ်စကားကို အာရုံစိုက်မိပါ၏။

"အဖြစ်အပျက်အားလုံးကို အတိုချုပ်ရရင်တော့ ဒီလိုကွ" ဟု အစပြုကာ . . .

"ဗေဒင်ကိုလက်မခံတဲ့ ရုပါလင်းက ဒီကျောင်းကိုပြောင်းလာတယ်ကွာ။ အဲဒီအချိန်ကျောင်းမှာက တဲရှော့နဲ့ပတ်သက်ပြီး မင်းကနာမည်ကြီးနေတယ်။ အဲဒီသတင်းက ရုပါလင်းနားထဲကိုရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တော့ လက်မခံဘူး။ ထုံးစံအတိုင်း မင်းကိုစမ်းသပ်ချင်တယ်။ တစ်နေ့ မင်းတို့နှစ်ယောက် ကိစ္စတစ်ခုနဲ့ ထိပ်တိုက်တွေ့သွားတယ်။ အဲဒီမှာ စာတ်လမ်းကစတာပဲ"

မင်းသစ်က စကားကိုခဏရပ်၍ သူ့ကိုကြည့်သည်။ ပြီးတော့ ရုပ်ထံသို့ ထပ်ကြည့်ရင်း . . .

"ရုပါလင်းက သူမယုံကြည်တဲ့ ပညာရပ်တစ်ခုကိုလက်မခံနိုင်ဘူး။ ဒီတော့ တဲရှော့နဲ့ပတ်သက်ပြီး မင်းကိုသုံးခုစမ်းတယ်"

"သုံးခု"

ဖြိုးခေတ် သံယောင်လိုက်မိသွားသည်။

"ဟုတ်တယ် . . . သုံးခု၊ ပထမတစ်ခုကတော့ (၆)လပြည့်ရင် ဖွင့်မယ်ဆိုတဲ့ ဟောဒီစာအိတ်ပေါ့ကွာ"

စားပွဲပေါ်မှ စာအိတ်ကို လက်ညှိုးထိုးပြသည်။

"ဒုတိယတစ်ခုကို မပြောခင်မှာ တတိယတစ်ခုကို အရင်ပြောမယ်။ တတိယတစ်ခုက ရုပါလင်းတို့ရဲ့ ဘော်လီဘောပွဲ။ အဲဒီမှာ စာအိတ်ချင်းမှားသွားတဲ့အတွက် ရုပါလင်းဆီ ရှုံးတဲ့အသင်းကိုပေးရမယ့်စာအိတ်ရောက်သွားတယ်။ မိုးလွင်လိုက်ရှင်းပြပေမယ့်လည်း လက်မခံတော့ဘူး။ အကြောင်းရင်းက ရှေ့တစ်ကြိမ်မှာ မှားထားတယ်တဲ့။ အဲဒါက ဒုတိယတစ်ခု။ ဒုတိယတစ်ခုကို ရုပါလင်းက သူကိုယ်တိုင် မစမ်းသပ်ဘဲနဲ့ မြတ်နိုးပွင့်ကိုတည်ကြက်လုပ်ပြီး စမ်းသပ်ခိုင်းတယ်။ မန်ယူနဲ့ ဘာစီလိုနာပွဲပေါ့ကွာ။ ဒါပေမယ့် မြတ်နိုးပွင့်နဲ့ရုပါလင်းတို့ရဲ့ပတ်သက်မှုကို ကြိုသိပြီး မင်းကအမှားပြောလိုက်တယ်။ အဖြေမှန်ကိုကျတော့ စာရေးပြီး ကောင်တာမှာ အပ်ထားတယ်။ ငါခုန တောင်းပန်တာ . . . အဲဒါကို တောင်းပန်တာ . . . ။

မင်းမမှားခဲ့ဘူးဆိုတာ သက်သေပြချင်လို့ ငါရုပါလင်းကို စာအိတ်ထုတ်ပေးလိုက်တယ်ကွာ။ မင်းကို အသိမပေးတဲ့အတွက် ငါ့ကို ခွင့်လွှတ်"



ဖြိုးခေတ် ဘာမှပြန်မပြောပါ။ စားပွဲပေါ်တွင် ရှိနေသောစာအိတ်ကိုသာ အကြောင်းမဲ့ငေးနေပါသည်။

"အခုတော့ ဒုတိယတစ်ခုရော၊ တတိယတစ်ခုပါ မင်းမှန်တယ်ဆိုတာ ရုပါလင်းလက်ခံသွားပါပြီ။ ကျန်တဲ့ပထမတစ်ခုကိုတော့ . . ."

အားလုံး၏ အကြည့်တွေက မင်းသစ်ဆီရောက်သွားသည်။ မင်းသစ်က စားပွဲပေါ်ကစာအိတ်ကို သူတို့နှစ်ယောက်ရှေ့သို့ ထိုးပေးရင်း-

"မင်းတို့ဘာသာ ဖွင့်ကြည့်တော့ . . . ငါတို့သွားတော့မယ်"

မင်းသစ်စကားအဆုံး အားလုံးက ထိုင်ခုံအသီးသီးမှ ထထွက်သွားကြပါသည်။

စားပွဲတွင် ကျန်ခဲ့သည်က သူနှင့်ရုပါလင်း နှစ်ယောက်တည်း-



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## XXX

"ရူပါ . . ."

တိုးတိုးငင်ငင်ခေါ်လိုက်သော သူ့အသံကြောင့် ရူပါမဝံ့မရဲ မော့ကြည့်သည်။

"မင်းကို ကိုယ် ညောင်ကန်ဆရာတော်ကြီးရေးထားတဲ့ ၅၅၀ ဇာတ်နိပါတ်ထဲက ပုံပြင်တစ်ပုဒ်ပြောပြမယ်"

"ရှင်"

ထို 'ရှင်' လေးက အံ့ဩမှုတစ်ဝက်ပါနေကြောင်း သိသည်။ စားပွဲပေါ်မှစာအိတ်နှင့် သူပြောသည့်စကားက ဘာမှမဆိုင်တာပဲ။

"ဆိုင် . . . ဆိုင်လို့လား"

နားမလည်သလိုမေးသော ရူပါ့မေးခွန်း သူခေါင်းညိတ်အဖြေပေးလိုက်ရင်း . . .

"နားထောင်ကြည့်ပါ"



တစ်ခါတုန်းက ကလိင်္ဂတိုင်း၊ ဒန္တပူရမြို့မှာ ကလိင်္ဂမင်း စိုးစံတယ်တဲ့ အဿကတိုင်း ပါဋလိပုတ်ပြည်မှာက အဿကမင်းဆိုပြီး အုပ်စိုးတယ်။ သူတို့မင်းနှစ်ပါးက စစ်နဲ့ယှဉ်ရင် အတုမရှိဘူး။ တစ်ခါမှာ အကြောင်းတစ်စုံတစ်ရာကြောင့် ဒီမင်းနှစ်ပါးဟာ စစ်ထိုးဖို့ဖြစ်လာတယ်။ ဒါနဲ့ပထမဆုံးကလိင်္ဂမင်းက ဘုရားလောင်းရသေ့ဆီမှာ ဘယ်သူနိုင်မလဲလို့သွားမေးတော့ ဘုရားလောင်းရသေ့က သိကြားမင်းလာရင် မေးပေးမယ်ဆိုပြီး ပြန်လွှတ်လိုက်တယ်။ သိကြားမင်းက လာခစားလို့မေးကြည့်တော့ ကလိင်္ဂမင်းနိုင်မယ်လို့ သိကြားမင်းကမိန့်တယ်။ ဒါနဲ့ ဘုရားလောင်းရသေ့လည်း ကလိင်္ဂမင်းနိုင်မယ်လို့ ပြောလိုက်တာပေါ့"

ရူပါက ဘာမှန်းမသိသော်လည်း ငြိမ်ကာနားထောင်နေသည်။

"ဒီလိုနဲ့စစ်ထိုးကြတော့ ကလိင်္ဂမင်းကရှုံးပြီး အဿကမင်းနိုင်သွားတယ်။ ဒီမှာပင် ကလိင်္ဂမင်းကဒေါသထွက်ပြီး ဘုရားလောင်းရသေ့ကိုသွားရန်တွေ့တာပေါ့။ ရသေ့စဉ်းလဲ ဘာညာဆိုပြီးတော့ . . .

ရသေ့လည်း သူမှားနေတော့ ဘာမှမပြောသာဘူး။ ဒီလိုနဲ့ နောက်တစ်ကြိမ် သိကြားမင်းခစားလာတော့ သိကြားမင်းကိုမေးတယ်။

"နတ်တို့သည် မုသာဝါဒကိုရှောင်ကြဉ်သည် မဟုတ်ပါလော။ အသင်သိကြားမင်းစကား အဘယ့်ကြောင့် မှားရပါသနည်း" လို့မေးတော့ သိကြားမင်းကပြန်လျှောက်တယ် . . .

"နတ်တို့သည် အောင်မည် ရှုံးမည်ပြောသော်လည်း လုံ့လနှင့်ပြည့်စုံသောယောကျ်ားတို့၏ကြိုးပမ်းမှုကိုမတားနိုင်။ အနိုင်အရှုံးဆိုသည်မှာ ယောကျ်ားတို့၏လုံ့လအပေါ်၌သာတည်မှီသည်" လို့ ပြန်လျှောက်တယ်တဲ့ . . .။

ပုံပြင်အနှစ်ချုပ်ကတော့ ဒါပဲ။ မင်းရှေ့ကစာအိတ်ကို ဖောက်လိုက်ပါ"

"ရှင်"

"မင်းရှေ့က စာအိတ်ကိုဖောက်လိုက်"



www.burmeseclassic.com

ဘာတွေမှန်းလဲ မသိဘူးဟူသောပုံစံဖြင့် ရူပါလင်းက စာအိတ်ကို ယူကာဖောက်လိုက်သည်။

ပြီးတော့ အတွင်းမှစာရွက်အား ထုတ်ယူဖွင့်ကြည့်လိုက်ရာ အထဲမှာရေးထားသည်ကား စာနှစ်ကြောင်းသာ၊ သို့သော် ထိုစာက . . .

နောက် (၆)လအတွင်း ချစ်သူတစ်ယောက်ရမယ်
အဲဒီချစ်သူနာမည်က "ဖြိုးခေတ်"

ရူပါလင်း မျက်နှာရဲသွားကာ ရုပ်ချည်းအံ့သြဟန်တွေ စိမ်းတက်သွားသည်။ ပြီးတော့ မသက်ာသလို သူ့ကိုကြည့်သည်။

ဖြစ်ပျက်သွားသောအရာအားလုံးကိုနားလည်စွာ ဖြိုးခေတ်ပြုံးလိုက်ရင်း . . .

"ဒီထဲမှာ ရေးထားတဲ့စာနှစ်ကြောင်းအတွက် မင်းမယုံသင်္ကာဖြစ်နေတယ်မလား"

ရူပါလင်း သူ့ကိုမော့ကြည့်သည်။

"အမှန်တော့ ပထမတစ်ကြောင်းသာ တဲရော့နိမိတ်နဲ့ သက်ဆိုင်ပြီး ဒုတိယတစ်ကြောင်းက မသက်ဆိုင်ပါဘူး။ ဘာဖြစ်လို့ ဒုတိယတစ်ကြောင်းကို ရေးရလဲဆိုတော့ . . . မင်းကိုချစ်တဲ့ကိုယ့်ရဲ့အချစ်ကို ကိုယ်ယုံလို့။ အမှန်တော့ ဒီကိစ္စတွေမဖြစ်မီ မင်းနဲ့ကိုယ် မျက်လုံးချင်း တစ်ကြိမ်ဆုံဖူးပါတယ်။ အဲဒီမှာကတည်းက ကိုယ့်ရင်ထဲကိုမင်းရောက်ခဲ့သလို မင်းရင်ထဲကိုလည်း ကိုယ်ရောက်ခဲ့တယ်ဆိုတာ မင်းငြင်းမလား"

ရူပါလင်း နှုတ်ဆိတ်နေသည်။ ပြီးတော့ မျက်နှာတစ်ပြင်လုံး ရဲရဲလှုပ်နေပါ၏။

"ခုန ကိုယ်ပြောခဲ့တဲ့ ပုံပြင်ထဲကလိုပေါ့။ သိကြားမင်းကိုယ်တိုင် ပြောတဲ့စကားတောင် . . . လုံ့လနဲ့ပြည့်စုံတဲ့ ယောကျ်ားတို့စွမ်းအားကြောင့် မှားသွားနိုင်တယ်။ အခုလည်း ဒီအတိုင်းပဲ။ ဒီနေရာမှာ ကိုယ့်



နာမည်မဟုတ်ဘဲ အခြားတစ်ယောက်နာမည်ရေးခဲ့ဦး ကိုယ်ဂရုစိုက်မှာမဟုတ်ဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ တဒင်္ဂအတွင်းမှာဖြစ်သွားတဲ့ ကိုယ့်ရင်ထဲက အချစ်စွမ်းအားကို ကိုယ်ယုံတယ်။ အဲဒီ တဒင်္ဂစာ အကြည့်တစ်ချက်နဲ့တင် မင်းနဲ့ကိုယ် ချစ်သူတွေဖြစ်လာမယ်ဆိုတာ ကြိုသိနေခဲ့တယ်။ ကိုယ်မင်းကို အသက်လောက်ချစ်တာ။ ဒါကြောင့်မို့လို့လည်း ကိုယ့်အရက်၊ သိက္ခာ၊ မာနတွေကိုအရှုံးပေးပြီး ကျောင်းရှေ့မှာ ဗေဒင်ဟောခဲ့တာပေါ့"

ဖြိုးခေတ်စကားဆုံးတော့ သူတို့နှစ်ယောက်မျက်လုံးချင်း အတော်ကြာကြာဆုံသွားသည်။ ပြီးတော့ ရှက်ဝါးဝါးပုံစံလေးနှင့် နှုတ်ခမ်းကိုကိုက်ရင်း ခေါင်းငုံ့သွားပါ၏။

ထိုအချိန်မှာပင် ဖြိုးခေတ်လက်က ရူပါ့လက်ဖောင်းဖောင်း အိအိလေးကိုဆုပ်ကိုင်ပြီး ဖြစ်သွားလေသည်။ ရူပါမရုန်းပါ။ ရုန်းလည်း လွှတ်ပေးမည်မဟုတ်တော့ပါ။

"ယုံပြီလား"

"ဘာကိုလဲ"

"ဗေဒင်ကို . . ."

ရူပါ ပြန်မဖြေပါ။ ဒါပေမယ့် မျက်နှာကိုမဲ့ရင်း တစ်စုံတစ်ခု ပြောသည်။

"ဒါပေမယ့် ကျွန်မအခုပြောမယ့်ကိစ္စတွေကိုတော့ ရှင်သိမှာ မဟုတ်ပါဘူး"

"ဘာများလဲ"

"အဟင်း . . . ဒါတော့ ရှင်လုံးဝသိနိုင်မယ် မထင်ဘူး"

"ပြောပါဦး"

"သုံးခုရှိတယ် . . . တစ်အချက် . . . ရှင့်မိဘတွေနဲ့ ကျွန်မ မိဘတွေနဲ့က အရင်ကတည်းကမိတ်ဆွေတွေ"

"အင်း"

www.burmeseclassic.com

"နှစ်အချက် . . . ရှင့်ကိုစမ်းသပ်တာလည်း ရှင်အဖေ့ရဲ့အကြံ တွေပါတယ်"

"အင်း"

"သုံးအချက် . . . ကျောင်းပြီးရင် ရှင်နဲ့ကျွန်မကို လက်ထပ်ပေးဖို့ သဘောတူထားတယ်"

"ဟုတ်လား"

"ကဲပြော . . . အဲဒါတွေကို ရှင်သိလား"

ဖြိုးခေတ် ပြုံးမိသည်။ ထိုအပြုံးက မန်ယူနဲ့ဘာစီလိုနာပွဲကလို အပြုံးမျိုး။ နောက် ဖြည်းညင်းစွာ ခေါင်းရမ်းပြလိုက်ပါသည်။

ဒီတော့မှ . . .

'ဟေး' ဟု ထ,မအော်ရုံတမည် ရှုပါဝမ်းသာသွားသည်။

ဩော် . . . သူ့အစုမှ အနိုင်ရလိုက်တာကိုး . . .

***



"ရှုပါ"

"ဘာလဲ . . ."

"တို့တွေကျောင်းပြီးရင် လက်ထပ်ကြမယ်နော်"

"အေး"

"ပြီးရင် ကလေးတွေ အများကြီးမွေးမယ်"

"အေး . . ."

"နောက်ပြီး . . . တို့တွေရဲ့ ပထမဆုံးကလေးနာမည်ကို ကိုယ်ပေးဖို့ စဉ်းစားထားတာတစ်ခုရှိတယ် သိလား . . ."

"ဘာလဲ . . ."

"ဒီလို . . . × × × . . ."

အနားနားကပ်ပြောလိုက်သော ဖြိုးခေတ်အသံတိုးရှရှကြောင့် ရှုပါလင်းတစ်ယောက် အရယ်ကမ္ဘာထဲသို့ ရောက်သွားလေတော့သည်။

**THE END**

***



www.burmeseclassic.com

www.burmeseclassic.com

## (စထားချပ်)

ခင်ဗျားတို့ သတိရလောက်မှာပါ ခုန ရုပါလင်းပြောသွားတဲ့ သုံးခုစလုံး ကျွန်တော်သိပြီးသားဗျ။ တစ်နေ့ကတင် မေမေဖုန်းဆက်ပြော ထားတယ်လေ။ ကျွန်တော်တမင်အရူးပေးလိုက်တာ။ ဘာဖြစ်လို့လဲ သိလား။

"ထောင်" မြင် "ရာ" ဖွန့်ဆိုတဲ့ စကားလည်း ရှိသားပဲဗျာ။ ကျွန်တော်အရမ်းချစ်တဲ့ ကောင်မလေးတစ်ယောက်လုံးတောင် ကျွန်တော့် ရင်ခွင်ထဲရောက်လာပြီပဲ . . .

သူပြောသမျှကို မသိချင်ယောင်ဆောင်ပြီး ခေါင်းယမ်းရတာ **အပန်း**မကြီးပါဘူး။

မဟုတ်ဘူးလား . . .

**သိုးဆောင်း**

မြန်မာစံတော်ချိန်နံနက်(၂)နာရီ (၃၀)မိနစ်
ရှိပါပြီခင်ဗျာ



www.burmeseclassic.com